http://www.dhammadownload.com

သုတ္တန္တပိဋက၊ ဒီဃနိကာယ်

သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ အဋ္ဌကထာလာ

# ဗြဟ္မဇာလသုတ်တရားတော်


သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့်

ဒိဋ္ဌိကွန်ယက် ဖြေရှင်းချက်



အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

http://www.dhammadownload.com



# သဗ္ဗညုတဉာဏ်တော်

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊
အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့် တရား၊ များအပြား၌၊ ဟောထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊
ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊
အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

၄။ သဗ္ဗညာဏ်အား၊ စွမ်းသုံးပါးကြောင့်၊
အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊
သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်
ဘုန်းခေါ်င်...ငါတို့ဘုရားတည်း။

မဟာဂန္ဓာရုံဆရာတော်

deSign:aungphyothu (stars)

http://www.dhammadownload.com

သုတ္တန္တပိဋက၊ ဒီဃနိကာယ်
သီလက္ခန္ဓဝဂ္ဂပါဠိတော်၊အဋ္ဌကထာလာ

# ဗြဟ္မဇာလသုတ်တရားတော်

ဒိဋ္ဌိကွန်ယက်ဖြေရှင်းချက်

(ပို့ချချက်)

အရှင်ကုဏ္ဍလ(သျှင်မိုးဝေ)

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦

ကောဇာ-၁၃၇၅ခုနှစ်၊ သာသနာ-၂၅၅၇ခုနှစ်၊ ခရစ်-၂၀၁၄။

http://www.dhammadownload.com

"ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"

## ပုံနှိပ်မှတ်တမ်း

♦ ♦ ♦

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)ဖြင့်
ထုတ်ဝေခွင့်ပြု၍
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
အမှတ်(၁၈၄၊ဘီ)(၃၁)လမ်း
ဦးဇော်မြင့်ဝင်း
ကာလာဇုံပုံနှိပ်တိုက်မှ
ပုံနှိပ်ထုတ်ဝေသည်။
ပထမကြိမ်၊၂၀၁၀၊မေလ
အုပ်ရေ(၁၀၀၀)
တန်ဖိုး(၁၅၀၀)

http://www.dhammadownload.com

# ဗြဟ္မဇာလသုတ်တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အတ္တရှင်းတမ်းအမှာ | (က-ဓ) |
| ၂။ | ဗြဟ္မဇာလသုတ်တရားတော်(မြန်မာပြန်) | ၁ |
| ၃။ | ဆရာနှင့်တပည့်သဘောထားဆန့်ကျင်ပုံ | ။ |
| ၄။ | ရဟန်းများဂုဏ်တော်ကို ပြောပုံ | ၂ |
| | -နာနာဝိမုတ္တိကတာဉာဏ် | ၃ |
| ၅။ | မြတ်ဗုဒ္ဓ၏ဩဝါဒညွှန်ကြားချက် | ၄ |
| | -ရတနာသုံးပါးအပေါ်၌ကဲ့ရဲ့သံကြားလျှင်တုန့်ပြန်ပုံ | ။ |
| ၆။ | ရတနာသုံးပါးကို အပြစ်ပြောခြင်း၌ ပြုကျင့်ရပုံ | ၅ |
| ၇။ | ရတနာသုံးပါးဂုဏ်ကိုချီးမွမ်းခြင်း၌ပြုကျင့်ရပုံ | ၆ |
| | -ရတနာသုံးပါးပေါ်၌ချီးမွမ်းသံကြားလျှင်ထောက်ခံပုံ | ။ |
| ၇။ | မြတ်ဗုဒ္ဓ၏သီလဂုဏ် | ၇ |
| ၈။ | စူဠသီလ-အငယ်စားကိုယ်ကျင့်တရားများ | ။ |
| ၉။ | မဇ္ဈိမသီလ-အလတ်စားကိုယ်ကျင့်တရားများ | ၁၅ |
| ၁၀။ | မဟာသီလ-အမြတ်စားကိုယ်ကျင့်တရားများ | ၂၄ |
| | -အပြစ်နှင့်အကျိုး | ၃၀ |
| ၁၁။ | သုညအဖြစ်ကို ပြခန်း | ၃၁ |
| ၁၂။ | သဗ္ဗညုတဉာဏ်တော် | ။ |
| | -သုညတအခန်း(သို့)သဗ္ဗညုတအခန်း | ။ |
| | -သဗ္ဗညုတဉာဏ်တော်ဟူသည် | ၃၂ |

http://www.dhammadownload.com



| | |
|---|---|
| ၁၃။ (၆၂)ပါးသော မိစ္ဆာအယူများ | ၃၃ |
| ၁၄။ ပုဗ္ဗန္တကပ္ပိကဝါဒ(၁၈)မျိုး | ။ |
| ၁၅။ သဿတဝါဒ(၄)မျိုး | ။ |
| -ပုဗ္ဗန္တကပ္ပိကဟူသည် | ။ |
| -သဿတဟူသည် | ။ |
| ၁၆။ ဘဝသိန်းပေါင်းများစွာကိုပြန်သိ၍မိစ္ဆာအယူဖြစ်ပုံ | ၃၄ |
| -ဝီရိယ(၃)မျိုး | ။ |
| -မိမိလည်းမှား သူတစ်ပါးတို့အားလည်းမှားစေပုံ | ၃၅ |
| -အတ္တဒိဋ္ဌိခေါ်သော သက္ကာယဒိဋ္ဌိဖြစ်ပုံ | ၃၆ |
| ၁၇။ ဆယ်ကမ္ဘာအထိပြန်သိ၍မိစ္ဆာအယူဖြစ်ပုံ | ၃၇ |
| -အတ္တတည်မြဲနေပုံများ | ။ |
| -အတ္တပြောင်းလဲမသွားပုံများ | ။ |
| ၁၈။ ကမ္ဘာ(၄၀)အထိပြန်သိ၍ မိစ္ဆာအယူဖြစ်ပုံ | ၃၈ |
| ၁၉။ တက္ကီပုဂ္ဂိုလ် | ။ |
| -သဿတဒိဋ္ဌိ(၄)မျိုးဖြစ်ပုံများ | ။ |
| -ဉာဏ်သုံးမျိုးကွဲပြားခြင်းကြောင်းဒိဋ္ဌိ(၃)မျိုးခွဲဟောပုံ | ၃၉ |
| -တက္ကီ-တွေးခေါ်ကြံဆသူတို့သဿတဒိဋ္ဌိဖြစ်ပုံ | ၄၀ |
| ၂၀။ သဗ္ဗညုတဉာဏ်တော် | ၄၁ |
| -သဗ္ဗညုတဉာဏ်အစွမ်းဖြင့်သိတော်မူပုံ | ။ |
| ၂၁။ ဝေဒနာကမ္မဋ္ဌာန်း | ၄၂ |
| ၂၂။ နိဂုံး | ။ |
| -သိတော်မူခြင်းကြောင့် သုံးသပ်တော်မမူပုံ | ။ |
| -ဝေဒနာကမ္မဋ္ဌာန်းကိုသာဟောတော်မူရကြောင့် | ၄၃ |
| ၂၃။ ဧကစ္စသဿတဝါဒ(၄)မျိုး | ၄၄ |
| ၂၄။ ဗြဟ္မာ(၁)ဘဝမျှပြန်သိနိုင်၍ မိစ္ဆာအယူဖြစ်ပုံ | ။ |
| ၂၅။ ကမ္ဘာပျက်ချိန် | ။ |
| -ဧကစ္စသတဿ | ။ |
| ၂၆။ ကမ္ဘာတည်ချိန် | ၄၅ |
| ၂၇။ ပထမဗြဟ္မာကြီး ထင်မှားပုံ | ၄၆ |

http://www.dhammadownload.com



၂၈။ ဗြဟ္မာငယ်တို့ကအထင်အမြင်မှားပုံ ၄၇
၂၉။ လူ့ဘုံရောက်၍ရသေ့လုပ်ပုံ ၄၈
၃၀။ ဗြဟ္မာကြီးမြင်၏၊ မိမိတို့မမြင်ဟု မိစ္ဆာဒိဋ္ဌိဖြစ်ပုံ ။
-ထာဝရဘုရားသခင်-ဖန်ဆင်းရှင်အယူဝါဒအမှား ၄၉
၃၁။ အပျော်များ၍ပျက်ပြားရသောနတ်ဘဝမှလာသူတချို့အယူမှားပုံ ၅၀
အပျော်များသောနတ်များ ။
-ခိဍ္ဍာပဒေါသိကနတ် ။
၃၂။ သူ့အယူအဆပြောပြပုံ ၅၁
၃၃။ ဒေါသကြီးမား၍ပျက်ပြားရသောနတ်ဘဝမှလာသူတချို့အယူမှား ၅၂
၃၄။ အချင်းချင်းဒေါသထွက်သောနတ်များ ။
-မနောပဒေါသိကနတ် ။
၃၅။ တက္ကီ-တွေးခေါ်ကြံဆလေ့ရှိသူအယူမှားဖြစ်ပုံ ၅၃
၃၆။ အန္တာနန္တဝါဒ(၄)မျိုး ၅၄
-အတွေးအခေါ်သမားတို့မိစ္ဆာအယူဖြစ်ပုံ ။
၃၇။ လောကကြီးအဆုံးရှိဝါဒ ၅၅
-အန္တာနန္တမိစ္ဆာအယူဝါဒ(၄)မျိုး ။
၃၈။ လောကကြီးအဆုံးမရှိဝါဒ ၅၇
၃၉။ အဆုံးလည်းရှိ-အဆုံးလည်းမရှိဝါဒ ။
၄၀။ တက္ကီပုဂ္ဂိုလ်၏အဆုံးလည်းရှိ/မရှိမဟုတ်ဝါဒ ၅၈
၄၁။ အမရာဝိက္ခေပဝါဒ(၄)မျိုး ၅၉
၄၂။ မုသားကြောက်၍အမရာဝါဒဖြစ်ပုံ ။
-အမရာဝိက္ခေပဝါဒ ။
၄၃။ ဥပါဒါန်ကြောက်၍အမရာဝါဒဖြစ်ပုံ ၆၀
၄၄။ မသိခြင်းကြောင့်ကြောက်မှုဖြစ်ပုံ ၆၁
-ဆန္ဒနှင့်ရာဂအထူး ။
၄၅။ ပညာရှိများစစ်ဆေးမည်ကြောက်၍အမရာဝါဒဖြစ်ပုံ ၆၂
၄၆။ ညံ့ဖျင်းထုံအခြင်းကြောင့်အမရာဝါဒဖြစ်ပုံ ၆၃
၄၇။ ကျွန်ဥပမာနှင့် ဥဒ္ဒစ္စကုက္ကုစ္စငြိမ်းမှု ။
၄၈။ အဓိစ္စသမုပ္ပန္နဝါဒ(၂)မျိုး ၆၅
-မသိ၍ရှောင်လွှဲခြင်းမှုဖြင့်မိစ္ဆာဒိဋ္ဌိမဖြစ် ။

http://www.dhammadownload.com

-----------မာတိကာ-----------


| | |
|---|---|
| ၄၉။ အသညသတ်ဘုံမှစုတေခဲ့သောကြောင့် | ၆၆ |
| -အဓိစ္စသမုပ္ပန္န | ။ |
| ၅၀။ တက္ကီ-တွေးခေါ်ကြံဆခြင်းကြောင့် | ၆၇ |
| -အသညသတ်ဘုံမှလာခဲ့သူဘာသာမဲ့အယူဖြစ်ပုံ | ။ |
| ၅၁။ ပုဗ္ဗန္တကပ္ပိက(၁၈)မျိုးလုံး၏နိဂုံး | ၆၈ |
| -ပုဗ္ဗန္တကပ္ပိကမိစ္ဆာဒိဋ္ဌိ(၁၈)မျိုးရေတွက်ပုံ | ။ |
| ၅၂။ အပရန္တကပ္ပိကဝါဒ | ၆၉ |
| ၅၃။ အနာဂတ်ကိုကြံ၍ဖြစ်သောမိစ္ဆာအယူ(၄၄)ပါး | ။ |
| ၅၄။ဥဒ္ဓမာဃာတနိက သညီဝါဒ(၁၆)ပါး | ၆၉ |
| -အပရန္တကပ္ပိကဟူသည် | ။ |
| -ဥဒ္ဓမာဃာတနိက | ။ |
| -အတ္တသည် ရုပ်သဘောရှိဝါဒ | ၇၀ |
| -အတ္တသည် နာမ်သဘောရှိဝါဒ | ၇၁ |
| ၅၅။ နိဂုံး | ၇၄ |
| -သညီဝါဒ(၁၆)ပါး | ။ |
| ၅၆။ ဥဒ္ဓမာဃာတနိက အသညီဝါဒ(၈)ပါး | ၇၅ |
| -အသညီဝါဒ(၈)ပါး | ။ |
| -အတ္တသည် ရုပ်သဘောရှိဝါဒ | ။ |
| ၅၇။ ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ(၈)ပါး | ၇၈ |
| -နေဝသညီနာသညီဝါဒ(၈)ပါး | ။ |
| ၅၈။ ဥစ္ဆေဒဝါဒ(၇)ပါး | ၈၀ |
| -ဥစ္ဆေဒဝါဒ | ။ |
| ၅၉။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ(၅)မျိုး | ၈၄ |
| -ဒိဋ္ဌဓမ္မနိဗ္ဗာန-ဟူသည် | ။ |
| -ထိုဒိဋ္ဌဓမ္မနိဗ္ဗာန(၅)မျိုးမှာ- | ၈၅ |
| ၆၀။ အပရန္တကပ္ပိက(၄၄)မျိုး၏နိဂုံး | ၈၉ |
| ၆၁။ မိစ္ဆာဝါဒ(၆၂)ပါးလုံး၏နိဂုံး | ။ |
| -အပရန္တဝါဒ(၄၄)မျိုး ရေတွက်ပုံ | ။ |
| -မိစ္ဆာဒိဋ္ဌိ(၆၂)ပါးအချုပ် ရေတွက်ပုံ | ။ |
| -သဗ္ဗညုတဉာဏ်တော်အစွမ်း | ၉၀ |

http://www.dhammadownload.com

-----------မာတိကာ-----------


၆၂။ သဗ္ဗညုတဉာဏ်တော်ပြခန်း ၉၁
၆၃။ ဝေဒနာကမ္မဋ္ဌာန်းရှုကွက်နည်းလမ်း ၉၂
-ဝေဒနာကမ္မဋ္ဌာန်းရှုကွက်နည်းလမ်း ။
၆၄။ နိဂုံး ၉၃
၆၅။ မိစ္ဆာအမြင်နှင့်သမ္မာအမြင်ခွဲခြားချက် ၉၃
၆၆။ အကြောင်းအဆက်ဆက်ကိုပြတော်မူပုံ ၉၄
၆၇။ ဖဿအကြောင်း၏အားကောင်းပုံ ၉၅
၆၈။ မိစ္ဆာအယူအားလုံးပေါင်း၍အကြောင်းဆက်ကိုပြတော်မူပုံ ။
-ဖဿ ပစ္စယာ ဝေဒနာဖြစ်ပုံ ။
-မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလုံး၏ အကြောင်းဆက်များ ၉၆
၆၉။ မြတ်ဗုဒ္ဓသာသနာအဆုံးအမကိုကျင့်သုံးသောရဟန်း ၉၇
-ပဋိစ္စသမုပ္ပါဒ်သံသရာလည်ပုံ ။
၇၀။ ဤဒေသနာပိုက်မှလွတ်သောမိစ္ဆာဝါဒီမရှိပု ၉၈
-ကမ္မဋ္ဌာန်းအားထုတ်သူအကျိုးကျေးဇူး ။
၇၁။ ဒေသနာပိုက်အတွင်း၌ကိုယ်တော်မြတ်မပါဝင်ပုံ ၉၉
၇၂။ ဒေသနာတော်၏အမည်(၅)မျိုး ၁၀၀
-ဒေသနာပိုက်အတွင်း၌ ကိုယ်တော်မြတ်မပါဝင်ပုံ ။
၇၃။ မိစ္ဆာဒိဋ္ဌိကွန်ယက်(၆၂)ပါး ၁၀၂
၇၄။ ပုဗ္ဗန္တာနုဒိဋ္ဌိ(၁၈)ပါး ။
၇၅။ အပရန္တာနုဒိဋ္ဌိ(၄၄)ပါး ။
၇၆။ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးအခိပ္ပါယ်များ ၁၀၃
၇၇။ ပုဗ္ဗန္တာနုဒိဋ္ဌိ(၁၈)ပါး ။
၇၈။ သဿတဒိဋ္ဌိ(၄)ပါးဖြစ်ပုံ ။
၇၉။ ဧကစ္စသဿတဒိဋ္ဌိ(၄)ပါးဖြစ်ပုံ ၁၀၄
၈၀။ အန္တာ+နန္တဝါဒ(၄)ပါးဖြစ်ပုံ ၁၀၅
၈၁။ အဓိစ္စသမုပ္ပန္နဝါဒ(၂)မျိုး ၁၀၆
၈၂။ အပရန္တာနုဒိဋ္ဌိ(၄၄)ပါး ၁၀၇
အသညီဝါဒ(၈)ပါး ။
၈၃။ နေဝသညီနာသညီဝါဒ(၈)ပါး ၁၀၇
၈၄။ ဥစ္ဆေဒဒိဋ္ဌိ(၇)ပါး ၁၀၇

http://www.dhammadownload.com

-----------မာတိကာ-----------


| | | |
|---|---|---|
| ၈၅။ | ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ(၅)ပါး | ၁၀၈ |
| ၈၆။ | သက္ကာယဒိဋ္ဌိဟူသည် | ၁၀၉ |
| ၈၇။ | သက္ကာယဒိဋ္ဌိရှိ၍ ဒိဋ္ဌိ(၆၂)မျိုးဖြစ် | ၁၀၉ |
| ၈၈။ | ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိစွဲတည်ဖြစ်ပုံ | ၁၀၉ |
| ၈၉။ | သက္ကာယဒိဋ္ဌိ(၂၀)ဖြစ်တွယ်ပုံများ | ၁၁၀ |
| ၉၀။ | သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒိဋ္ဌိ(၂)မျိုး | ၁၁၁ |
| ၉၁။ | ဒိဋ္ဌိဖြစ်ကြောင်းတရား(၈)ပါး | ၁၁၁ |


မာတိကာပြီး၏။

♦ ♦ ♦

http://www.dhammadownload.com

# အတ္တရှင်းတမ်းအမှာ

ဣဣဣဣဣ

မြတ်ဗုဒ္ဓရှင်တော်မြတ်သည် ဗြဟ္မဇာလသုတ်ဒေသနာတော်ကို ဟောကြားပြီးဆုံးတော်မူသောအချိန်၌ မြတ်ဗုဒ္ဓအပါးတော်နားမှာ ခစား,တရားနာယူလျက်ရှိသော အရှင်အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဒေသနာတော်မြတ်ကို အဘယ်နာမည် ခေါ်တွင် မှတ်သားထားရပါမည်နည်းဘုရားလို့ မေးလျှောက်တဲ့အခါ မြတ်ဗုဒ္ဓရှင်တော်မြတ်က အခုလိုနာမည်(၅)မျိုး ခေါ်တွင်မှတ်သားစေခဲ့ပါတယ်။

(၁)မြတ်သောသဗ္ဗညုတဉာဏ်ပညာ ကွန်ရက်ဇာရှိသော ဒေသနာဖြစ်သောကြောင့် 'ဗြဟ္မဇာလ'ဟုလည်း ခေါ်ရပါတယ်။

(၂) ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ ကွန်ရက်ဇာရှိသော ဒေသနာဖြစ်သောကြောင့် 'ဒိဋ္ဌိဇာလ'ဟုလည်း ခေါ်ရပါတယ်။

(၃) ယခုဘဝအကျိုးစီးပွား၊ နောင်ဘဝအကျိုးစီးပွားများကို ခွဲခြားဝေဖန်၍ ဟောကြားထားရာဖြစ်သောကြောင့် 'အတ္ထဇာလ'ဟုလည်း ဟောတော်မူပါတယ်။

(၄)အကြောင်းတရား၊အကျိုးတရားများကို ခွဲခြားဝေဖန်၍ ဟောကြားတော်မူထားရာဖြစ်သောကြောင့် 'ဓမ္မဇာလ'ဟုလည်း ဟောတော်မူပါတယ်။

(၅)ဤဗြဟ္မဇာလသုတ်ဒေသနာတော်ကို ကြားနာမှတ်သား လေ့လာနာယူရသူသည် မာရ်ငါးပါးကို အောင်မြင်နိုင်လောက်သော အစွမ်းရှိ သဖြင့် အတုမဲ့မာရ်စစ်တပ်ကို အောင်နိုင်ကြောင်းဒေသနာ 'သင်္ဂါမဝိဇယ' ဟုလည်း အမည်ပေးတော်မူထားပါတယ်။

http://www.dhammadownload.com



အဲ့သည်လို အမည်(၅)မျိုးပေးတော်မူထားပါသော်လည်း သံဃာယနာတင် ထေရ်အရှင်တို့က အစဦးဆုံးသော အမည်ကိုသာ ပဓာနပြုတော်မူပြီး ဤဒေသနာတော်ကို 'ဗြဟ္မဇာလသုတ်'ရယ်လို့ မှည့်ခေါ်ထားခြင်းပါ။

ဤဗြဟ္မဇာလသုတ်ဒေသနာတော်ထဲမှာ အဓိကပါဝင်တဲ့ ဒေသနာလမ်းညွှန်ချက်ကတော့ ပိုက်ကွန်ယက်ပမာ ဖြေရှင်းရခက်ခဲလှသော မိစ္ဆာဒိဋ္ဌိတရား(၆၂)ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်ပြီး ဟောကြားတော်မူထားတာကို တွေ့ရမှာပါ။

သံသရာ(၃၁)ဘုံအတွင်းမှာ ကစွတ်ကင်းလျှောက်သလို လည်ပတ်နေကြရတဲ့ လူ၊နတ်၊ဗြဟ္မာ သတ္တဝါတွေဟာ သမုဒြာထဲက ငါးတွေနှင့် ဥပမာတူပါတယ်။ ငါးတွေကို အမိဖမ်းဖို့အတွက် တံငါသည် ပစ်လိုက်တဲ့ ပိုက်ကွန်ကတော့ ဒိဋ္ဌိ(၆၂)ပါးနှင့် ပမာတူပါတယ်။

တံငါသည်ပစ်လိုက်တဲ့ ပိုက်ကွန်နှင့် ငြိအုပ်မိနေရှာတဲ့ ငါးတွေဟာ ဘယ်လိုပင် ရေအောက်ကို ငုတ်ပေမယ့်၊ ဘယ်လိုပင် ရေပေါ်သို့ ပြန်တတ်လာနိုင်ပေမယ့် ပိုက်ကွန်မှမလွတ်ဘဲ ပိုက်ကွန်အတွင်းမှာပဲ ပျက်စီးရှာပါတယ်။

ငါးတွေနှင့်တူတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေဟာလည်း ဒိဋ္ဌိဟူသော ပိုက်ကွန်နှင့် ငြိအုပ်ခံနေရရှာတဲ့အတွက် ရေအောက်နှင့်တူတဲ့ အပါယ်လေးဘုံသို့ ရောက်သော်လည်း ပိုက်ကွန်မှ ရုန်းမထွက်နိုင်သလို၊ ရေပေါ်နှင့်တူတဲ့ လူ၊နတ်၊ ဗြဟ္မာဘုံများသို့ ရောက်သော်လည်း ပိုက်ကွန်မှ မထွက်မြောက်နိုင်သလို၊ သံသရာတည်းဟူသော သမုဒြာထဲမှာ နိဗ္ဗာန်တည်းဟူသော ဘဝလွတ်မြောက်မှုကို မရရှိနိုင်ဘဲ နစ်နာဆုံးရှုံး ပျက်စီးရမှာ အသေအချာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြတ်ဗုဒ္ဓရှင်တော်မြတ်က သံသရာတည်းဟူသော သမုဒြာပင်လယ်ပြင်ထဲမှ ဘဝလွတ်မြောက်မှုကို လိုလားသူတို့အတွက် ဒိဋ္ဌိကွန်ယက်ကို လွယ်ကူစွာ ဖြေရှင်းနိုင်ရန်အကျိုးငှါ ဤဗြဟ္မဇာလသုတ်ဒေသနာကို ကရုဏာရှေးထားပြီး ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



## ဒိဋ္ဌိကွန်ယက်ဟူသော အတ္တစွဲ

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို လေ့လာသင်ယူထားသူတွေဟာ အာရုံနှင့် စိတ်တို့ တွေ့ဆုံသောအခါတွင် ထိုထိုအာရုံတို့၌ ဖဿဖြင့် ခတ်ထိ ခိုက်မိ၏။ ထိုသို့ ခတ်ထိခိုက်သည့်နှင့် တပြိုင်နက်ပင် (၁)စိတ်က အာရုံကို သိ၏။ (၂)ဝေဒနာက အာရုံအရသာကို ခံစား၏။ (၃)သညာက အာရုံကို မှတ်သား၏။ (၄)စေတနာက အာရုံကို လှုံ့ဆော်၏။ (၅)ဧကဂ္ဂတာက အာရုံ၌ ငြိမ်သက်၏။ (၆)ဇီဝိတိန္ဒြေက စိတ်စေတသိက်တို့ကို ရှင်သန်စေ၏။ (၇)မနသိကာရက အာရုံကို နှလုံးသွင်း၏ဟူ၍ စိတ်၊စေတသိက်ဟူသော ပရမတ်တရားတို့၏ လုပ်ငန်းကိစ္စအဝဝကို သိနားလည်နိုင်ကြပါတယ်။

အာရုံနှင့် စိတ်တို့ တွေ့ကြုံတိုင်းသောအခါ ထိုစိတ်စေတသိက် ပရမတ်တရားတွေကို ဖယ်ထားပြီး ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမ၊အသက်၊ဇီဝ၊ ဝိညာဉ်ဟူသော "အတ္တ"ကောင် လုံးဝမရှိသည်ကိုလည်း နားလည်သဘော ပေါက်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် သာသနာပကာလတွေမှာတော့ ထိုထိုအာရုံတစ်ခုခုကို ထိတွေ့၊ခံစား၊မှတ်သားသောအခါတိုင်းမှာ 'အတ္တသည် သိ၏၊ အတ္တသည် ထိ၏၊ အတ္တသည် အကောင်း၊အဆိုး သုခ၊ဒုက္ခကို ခံစား၏၊ အတ္တသည် ပြုလုပ်၏၊ အတ္တသည် ပြောဆို၏၊ အတ္တသည် ကြံစည်၏'ဟု အရာရာမှာ အတ္တကို ကိုးကွယ်ပြီး အတ္တကို စွဲလမ်းနေကြပါတယ်။

အဲ့သည်လို 'အတ္တရှိ၏'ဟု စွဲလမ်းမှတ်ထင်မှုနှင့် ပတ်သက်ပြီး ပုဂ္ဂိုလ် စရိုက်အားလျော်စွာ တစ်ယောက်နှင့်တစ်ယောက် အစွဲမတူဘဲ ကွဲလွဲနေတတ် တာကိုလည်း သတိပြုရမှာပါပဲ။ တချို့ဘာသာရေးဝါဒီတွေက 'အတ္တသည် မျက်စိဖြင့် ကြည့်၍ မမြင်နိုင်လောက်အောင် အလွန့်အလွန် သေးငယ်၏။ အတ္တသည် ပရမာဏုမြူခေါ် အသေးဆုံးမြူမှုန်လောက်သာ ရှိ၏'လို့ ယူဆကြ ပါတယ်။

တချို့သော ဂိုဏ်းဆရာတွေကတော့ 'အတ္တသည် ခန္ဓာကိုယ်အနှံ့ပျံ့၍

http://www.dhammadownload.com

(ဃ)

တည်နေ၏။ ခန္ဓာကိုယ်ကြီးသလော အတ္တသည် ကြီးပြင်းလာတတ်၏’လို့ အယူရှိကြပါတယ်။ ဗြဟ္မဏဂိုဏ်းဆရာကြီးတွေက ‘အတ္တသည် ကမ္ဘာကြီးကို ဖန်ဆင်းသော ဗြဟ္မာကြီး၏ အစိတ်အပိုင်း ဖြစ်၏။ ဗြဟ္မာ တန်ခိုးကြီးသလောက် အတ္တသည် တန်ခိုးကြီး၏၊ ခန္ဓာအဟောင်းကို စွန့်၍ ခန္ဓာအသစ်ကို ရှာဖွေခိုက်၌ကား အလွန်သေးငယ်၏’လို့ ယူဆကြပါတယ်။

ထာဝရဘုရားဝါဒီတွေကတော့ ‘အတ္တသည် ထာဝရဘုရားရှင်၏ ဖန်ဆင်းခံ အသက်ဝိညာဉ် ဖြစ်၏။ ထာဝရဘုရား၏အလိုတော်ကျ အမျိုးမျိုး အဖုံဖုံ ပြောင်းလဲ၍ ဖြစ်၏’လို့ ယူဆကြပါတယ်။ တချို့သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေကလည်း အတ္တသည် လူ၏ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းဖြစ်ပေါ် နေသော အသက်ဝိညာဉ် ဖြစ်၏။ လူသေသော်လည်း အတ္တသည် မသေဘဲ ဘဝတစ်ပါးသို့ ဝိညာဉ်အနေဖြင့် ကူးပြောင်းသွား၏’လို့ အယူရှိကြပါတယ်။

ထိုသူတို့၏ အယူအဆအရ ထိုအတ္တဟာ ခန္ဓာကိုယ်တစ်ခုလုံးကို အုပ်စိုး နေသောအရာပါ။ အိမ်ကို အုပ်ချုပ်သောအိမ်ရှင်ဟာ မိမိအလိုရှိသလို အိမ်ကို အစိုးရမှုပြုပြီး၊ ပြုပြင်နိုင်သလို မိမိခန္ဓာအိမ်ကိုလည်း အတ္တသည် အလိုရှိသလို ပြုပြင်ပြောင်း လဲပစ်နိုင်၏။ အတ္တက စားလိုလျှင် ခန္ဓာကိုယ်အစိတ်အပိုင်းက စားပေးရ၏။ အတ္တက သွားလိုလျှင် ခန္ဓာကိုယ်အစိတ်အပိုင်းက သွားပေးရ၏။ အတ္တက အိပ်လိုလျှင် ခန္ဓာကိုယ်အစိတ်အပိုင်းက အိပ်ပေးရ၏။

အိမ်တစ်လုံး ဟောင်းနွမ်းသောအခါ အိမ်အသစ်ဆောက်လုပ်သကဲ့သို့ အတ္တသည် လက်ရှိခန္ဓာအိမ် အိုမင်းဟောင်းနွမ်း ပျက်စီးသွားသောအခါ ခန္ဓာအိမ် အသစ်ကို ဆောက်လုပ်ပြောင်းရွှေ့သွားတတ်၏။ အတ္တပြုထားသော ကောင်းမှု၊ မကောင်းမှုအားလျော်စွာ ခန္ဓာအိမ် အကောင်း၊အဆိုးကို ရ၏။ ထိုအကောင်း အဆိုးတို့ကို အတ္တသည်ပင် ခံစား၊စံစား၏။

မျက်စိဖြင့် မြင်ရာမှာလည်း အတ္တက မြင်၏။ နားဖြင့် ကြားရာ မှာလည်း အတ္တသာ ကြား၏။ အစားအစာ သုံးဆောင် ရာမှာလည်း အတ္တသာ သုံးဆောင်စားသောက်၏စသည်ဖြင့် လောက၌ ရှိရှိသမျှ အမှုကိစ္စအဝဝကို

http://www.dhammadownload.com



အတ္တ၏အလုပ်ကိစ္စချည်းဟု အယူရှိကြပါတယ်။

ဤစာဖတ်သူ ကိုယ်တိုင်ပင်လျှင် ရုပ်နာမ်တို့၏သဘောကိစ္စကို နှလုံးမသွင်းဘဲ လောကအမှုတို့ကို အာရုံပြုလိုက်သောအခါမှာ အတ္တ၏ကိစ္စချည်း၊ ငါ၏ကိစ္စချည်းဟုပင် ထင်မြင်ယူဆနေပါလိမ့်မယ်။ ဗုဒ္ဓစာပေတွေမှာတော့ အတ္တ၏သဘော(၄)ချက်ကို အခုလို ညွှန်ပြထားပါတယ်။

(၁)ကာရကအတ္တ=ပြုတတ်သူဟူသောအတ္တ၊ ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှုတို့ကို အတ္တကောင်က ပြုလုပ်၏။

(၂)နိဝါသီအတ္တ=အမြဲတည်နေသူဟူသောအတ္တ၊ ခန္ဓာအိမ်အဟောင်းစွန့်ပြီး အသစ်ကူးပြောင်းသွားသော်လည်း (ဤဘဝမှသေ၍ နောက်ဘဝရောက်သွားသော်လည်း) အတ္တကောင်သည် ထာဝရတည်မြဲ ရှင်သန်နေ၏။

(၃)သာမီအတ္တ=အစိုးရသူဟူသောအတ္တ၊ ခန္ဓာကိုယ်နှင့် အင်္ဂါအစိတ်အပိုင်းထဲ၌ အစိုးရသူ၊ အနှစ်အသား အတ္တရှိ၏။ အတ္တက သွားချင်လျှင် ခန္ဓာကိုယ်က သွားရသည်။ အတ္တက စားလိုလျှင် ခန္ဓာကိုယ်က စားရသည်။

(၄)ဝေဒကအတ္တ= ခံစားတတ်သူဟူသော အတ္တ၊ သတ္တဝါတို့ပြုသော ကောင်းမှု၊မကောင်းမှုတို့၏ ကောင်းကျိုး၊ဆိုးကျိုးတို့ကို အတ္တကောင်ကသာ ခံစားစံစားနေသည်။

ထိုကဲ့သို့ အရာရာတိုင်း၌ 'အတ္တ'ရှိ၏ဟု မှတ်ထင်စွဲလမ်းနေသော အမြင်မျိုးကို အသိမှား+အမှားသိမှုသာ ဖြစ်သဖြင့် ဗုဒ္ဓအဘိဓမ္မာမှာတော့ 'ဒိဋ္ဌိ'လို့ ခေါ်ပါတယ်။ ပရမတ်အမြင်မှာ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့၏ကိစ္စကို အမှန်အတိုင်း မသိမြင်နိုင်သောကြောင့်သာ အတ္တဟု စွဲလမ်းမှတ်ထင်နေခြင်း ဖြစ်ပါတယ်။

ငါကောင်၊သတ္တဝါကောင်၊ အသက်၊ ဝိညာဉ်၊ အနှစ်အသား စသည် အနေဖြင့် ထင်မှတ်မှားနေခြင်းကို 'အတ္တ'လို့ ခေါ်ပြီး ထိုအသိမှား၊ အမှားသိကို အမှန်တရားအနေဖြင့် လက်ခံနှလုံးသွင်း သုံးသပ်နေခြင်းကိုပင် 'ဒိဋ္ဌိ'လို့ ခေါ်ပါတယ်။ ဒါ့ကြောင့် နှစ်ပုဒ်ပေါင်းပြီး (အတ္တ+ဒိဋ္ဌိ=) 'အတ္တဒိဋ္ဌိ' ခေါ်ဆိုကြတာ ဖြစ်ပါတယ်။ ထိုအတ္တဒိဋ္ဌိဆိုတာ တခြားမဟုတ်ဘဲ ခန္ဓာငါးပါးကို အထင်

http://www.dhammadownload.com

အမှတ်မှားပြီး သိနေတတ်တဲ့ 'သက္ကာဒိဋ္ဌိ'ကိုပင် ဆိုခြင်း ဖြစ်ပါတယ်။

သက္ကာယဒိဋ္ဌိကို မပယ်သတ်နိုင်တဲ့သူတော်စဉ်ဟာ ဘယ်လိုပင် ဝိပဿနာတရား အားထုတ်ပါသော်လည်း မဂ်ဖိုလ်ကို မျက်မှောက် မပြုနိုင်ပါဘူး။ သက္ကာဒိဋ္ဌိတရားကို စိတ်မှာ လက်ခံထားရှိနေသူဟာ ဒါန၊သီလ၊သမထ ကုသိုလ်တွေကြောင့် နတ်ပြည်၊ဗြဟ္မာပြည်များအထိ တက်လှမ်းနိုင်သော်လည်း မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ကို မရရှိနိုင်ပါဘူး။ သက္ကာယဒိဋ္ဌိဟာ 'နတ်-မတား' သော်လည်း 'မဂ်-တား'ဖြစ်တဲ့ တရားမျိုး ဖြစ်နေလို့ပါ။

## အတ္တဒိဋ္ဌိ(သို့)သက္ကာယဒိဋ္ဌိဟူသည်

**သန္တော**-ပရမတ်အားဖြင့်ထင်ရှားရှိသော။ **ကာယော**-ခန္ဓာငါးပါး အပေါင်းသည်။ **သက္ကာယော**-သက္ကာယ မည်၏။

သက္ကာယေ၊ ထင်ရှားရှိသောခန္ဓာငါးပါး၌၊ ပဝတ္တာ-ဖြစ်သော။ **ဒိဋ္ဌိ**-အယူမှားသည်။ သက္ကာယဒိဋ္ဌိ-'သက္ကာယဒိဋ္ဌိ'မည်၏။

ပရမတ်အားဖြင့် ထင်ရှားရှိ သောခန္ဓာ(၅)ပါးကို 'သက္ကာယ' ခေါ်၏။ ထိုသက္ကာယ၌ ငါ၊သူ၊ပုဂ္ဂိုလ်စသည်ဖြင့် စွဲလန်းမှုအယူမှားကို 'သက္ကာယဒိဋ္ဌိ'ဟု ခေါ်ပါတယ်။ ထိုသက္ကာယဒိဋ္ဌိကိုပင် ငါစွဲ၊ပုဂ္ဂိုလ်စွဲ၊အသက်၊ဝိညာဉ်၊ အစိုးရသူ စသည် အစွဲများဖြင့် **'အတ္တဒိဋ္ဌိ'**လို့ ခေါ်ကြပါတယ်။

ထိုသက္ကာယဒိဋ္ဌိသည် ခန္ဓာ(၅)ပါး၌ တစ်ပါးလျှင်(၄)မျိုး ကွဲပြားသဖြင့် အမျိုးအစား(၅×၄=)(၂၀) ဖြစ်၏။

၁-**ရူပံ အတ္တတော**- ရုပ်သည် ငါဟုစွဲ၏။ (ရုပ်သည်ငါ)

၂- **ရူပဝန္တံဝါ အတ္တာနံ**- ငါသည် ရုပ်ဟုစွဲ၏။ (ငါသည်ရုပ်)

၃- **အတ္တနိဝါ ရူပံ**- ငါ၌ ရုပ်ရှိ၏ဟုစွဲ၏။ (ငါ၌ရုပ်)

၄- **ရူပသ္မိံ ဝါအတ္တာနံ**- ရုပ်၌ ငါရှိ၏ဟုစွဲ၏။ (ရုပ်၌ငါ)

ဥပမာ- ရုပ်ဖောက်ပြန်မှုဖြစ်သောအခါ တကယ်ဖြစ်ပေါ်လာမှုက

http://www.dhammadownload.com


ပထဝီစသော ဓာတ်ကြီး လေးပါးအစုအဝေး ရုပ်တရားသာ ဖြစ်ပါတယ်။

ထိုရုပ်သဘောကို ဝိပဿနာဉာဏ် မျက်စိဖြင့် မကြည့်တတ်သူဟာ ရုပ်ဖောက်ပြန်သည်ကိုပင် ငါနာသည်၊ ငါနေမကောင်းဖြစ်သည်၊ ခေါင်းကိုက်သည်၊ ထူးနာသည်၊ မောသည်၊ပန်းသည် ဟု ငါစွဲ ဖြစ်ပေါ်လာတတ်ပါတယ်။ ထိုအစွဲဟာ "ရုပ်သည် ငါ"အစွဲ စွဲခြင်းပင် ဖြစ်ပါတယ်။

ထို့အတူ ရုပ်ဖောက်ပြန်မှုကို ဝိပဿနာဉာဏ်ဖြင့် မသိနိုင်သူဟာ ရုပ်ဖောက်ပြန်မှုကြုံသောအခါ ခေါင်းကိုက်၊ ဗိုက်နာ၊ ဒူးနာဟု မှတ်ယူထားပါတယ်။ ထိုခေါင်း၊ဗိုက်၊ဒူးတို့ကိုပင် ဖောက်ပြန်မှု ဓာတ်ကြီးလေးပါး ရုပ်တရားပေပဲဟု ပြောင်းပြန် အမှားစွဲယူကြပါတယ်။ ထိုအစွဲဟာ "ငါသည် ရုပ်"အစွဲ စွဲခြင်းပင် ဖြစ်ပါတယ်။

အမှန်မှာ ဖောက်ပြန်မှုက အရှိရုပ်သဘောသက်သက်။ ခေါင်း၊ဗိုက်၊ဒူးစသည်တို့က မရှိပညတ်သက်သက်သာ ဖြစ်ပါတယ်။ အရှိနှင့်မရှိ၊ ပညတ်နှင့်ပရမတ်ကို အလွဲလွဲအထပ်ထပ် မှားယူသုံးသပ် စွဲလန်းနေမှုမျိုး ဖြစ်ပါတယ်။

ထိုနည်းအတူ "ငါ၌ရုပ်"၊ "ရုပ်၌ငါ"အစွဲ စွဲပုံများကိုလည်း ဆင်ခြင်ကြည့်က သိနိုင်မှာ ဖြစ်ပါတယ်။ ရုပ်အစွဲနည်းတူ ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း ဒိဋ္ဌိ(၄)ပါးစီ စွဲသဖြင့် သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်ပါတယ်။

သက္ကာယဒိဋ္ဌိယာ သတိ-သက္ကာယဒိဋ္ဌိအယူမှားရှိသူအား။

ဣမာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ၊ ဤ(၆၂)ပါးသော အယူမှားတို့သည် 'တစ်နွယ်ငင် တစင်ပါ' ဖြစ်ပွား၍ လာကုန်၏။

အသတိ နဟောန္တိ၊ ထိုသက္ကာယဒိဋ္ဌိအယူမှားမရှိသော် ထိုအယူမှား(၆၂)ပါးတို့လည်း မဖြစ်ပေါ်နိုင်ကုန်။

ထိုသက္ကာယဒိဋ္ဌိသည် ဒိဋ္ဌိ(၆၂)ပါးလုံး၏ အရင်းအမြစ်ပါ။ ဒါကြောင့် သက္ကာယဒိဋ္ဌိရှိလို့ ဒိဋ္ဌိ(၆၂)ပါး ဖြစ်လာပါတယ်။ သက္ကာယဒိဋ္ဌိမရှိတော့လျှင် ဒိဋ္ဌိ(၆၂)ပါးလည်း မဖြစ်နိုင်တော့ပါ။

သက္ကာဒိဋ္ဌိတစ်မျိုးတည်းမှပင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူ၍ နှစ်မွား

http://www.dhammadownload.com



ကွဲပြားလာခြင်း ဖြစ်ပါတယ်။ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ(၂)ပါးကြောင့်လည်း ဒိဋ္ဌိ(၆၂)ပါးဟူသော သားသမီးများကို မွေးဖွားလာကြခြင်း ဖြစ်ကြောင်းကို အသိဉာဏ်ဖြင့် ပူးပေါင်းပြီး နားလည်သဘောပေါက်နိုင်ဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဗြဟ္မဇာလသုတ်တရားတော်(ပို့ချချက်)စာအုပ်ကို လေ့လာ ဖတ်ရှုပြီး မြတ်ဗုဒ္ဓဟောကြားတော်မူထားတဲ့ ဒိဋ္ဌိ(၆၂)ပါးကို သိမြင်ဆင်ခြင်ကာ မိမိတို့သန္တာန်မှာ ဘဝသံသရာ တစ်လျှောက်လုံး ဖြစ်ပေါ်စွဲတည်နေခဲ့တဲ့ အတ္တဒိဋ္ဌိခေါ် သက္ကာယဒိဋ္ဌိအစွဲကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်လက်နက်တို့ဖြင့် အမြစ်ပြတ် ဖြိုခွင်းဖျက်ဆီးတော်မူနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။

အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

၁၄၊၂၀၁၄။

http://www.dhammadownload.com

# ၁။ဗြဟ္မဇာလသုတ်နိဒါန်း

♦♦♦♦♦

## ဆရာနှင့်တပည့် သဘောထားဆန့်ကျင်ပုံ

အခါတစ်ပါး၌ မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်နှင့် နာဠန္ဒာမြို့အကြားဝယ် ရဟန်း ငါးရာနှင့်အတူ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအချိန်၌ သုပ္ပိယ ပရိဗိုဇ်သည်လည်း တပည့်ဗြဟ္မဒတ္တလုလင်နှင့် ထိုခရီးလမ်းကိုပင် သွားလေရာ မမျှော်လင့်ဘဲ မြတ်ဗုဒ္ဓနှင့် ကြုံကြိုက်နေသောကြောင့် ခပ်လှမ်းလှမ်းနောက်မှ လိုက်သွားလေသည်။

ထိုဆရာတပည့်နှစ်ယောက်တွင် သုပ္ပိယပရိဗိုဇ်သည် (နဂိုကပင် ဗုဒ္ဓမြတ်စွာကို ငြူစူနေသူဖြစ်သောကြောင့်) ဣန္ဒြေရရ ကြွတော်မူသော သံဃာတော်များနှင့် ဗုဒ္ဓမြတ်စွာကို လှမ်းမျှော်ကြည့်ရှုမိလေရာ (သာ၍ ဣဿာ

---

### ဗြဟ္မဇာလဟူသည်

ဗြဟ္မ-မြတ်သောသဗ္ဗညုတဉာဏ်။ဇာလ-ကွန်ယက်။ မြတ်သောသဗ္ဗညုတဉာဏ် ကွန်ယက်ဇာရှိသော ဒေသနာတော်ဖြစ်သောကြောင့် 'ဗြဟ္မဇာလ'ဟု ခေါ်၏။

တစ်နည်း-ထိုဗြဟ္မဇာလသုတ်ကိုပင် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတရားများကို ကွန်ယက်ပမာ ဖြန့်ကျက်ထုတ်ဖော် ဟောတော်မူထားရာ ဒေသနာဖြစ်သောကြောင့် 'ဒိဋ္ဌိဇာလ'စသည်ဖြင့်လည်း အမည်ပေးတော်မူထားသည်။

http://www.dhammadownload.com


ဖြစ်လေရကား)အတွင်း၌ မျိုသိပ်၍ မထားနိုင်တော့ဘဲ ရတနာသုံးပါး၏ မဟုတ်မမှန် အပြစ်များကို အမျိုးမျိုးပြောဆိုလေတော့သည်။

ဗြဟ္မဒတ္တလုလင်ကမူ ဆရာပြောသမျှကို ကန့်ကွက်မြစ်တား၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကားကိုသာ ပြောလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် နာဠန္ဒာ မြို့သို့မရောက်မီ နေဝင်ခါနီးသောကြောင့် ''အမ္ဗလဋ္ဌိကာ'' မည်သော ဥယျာဉ်သို့ ဝင်၍ မင်းကွန်းစံအိမ်တော်ဝယ် တစ်ညဉ့်မျှ တည်းခိုတော်မူသည်။ သုပ္ပိယပရိဗိုဇ်လည်း နောက်လိုက်များနှင့် အတူ ဝင်ရောက်တည်းခိုပြီးလျှင် ညဉ့်အချိန်မှာလည်း ရှေးနည်းအတိုင်းပင် ဆရာက အပြစ်ပြော၍ တပည့်က ဂုဏ်ကျေးဇူးကိုသာ ပြောဆိုလေသည်။

## ရဟန်းများဂုဏ်တော်ကို ပြောပုံ

မြတ်ဗုဒ္ဓ၏နောက်တော်ပါ သံဃာတော်များသည် (ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ထိုဆရာတပည့်တို့ အယူအဆ မတူကြပုံကို ကြားရသဖြင့်) နံနက်စောစော အိပ်ရာမှထချိန်တွင် တန်ဆောင်းဝိုင်းတစ်ခု၌ ပေါင်းစုနေ

---

## သဘောထား ကွဲပြားရခြင်းအကြောင်း

သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ္တလုလင်တို့သည် ဆရာတပည့်ပင်ဖြစ်သော်လည်း အတွင်း အဇ္ဈာသယ-အလိုဆန္ဒကွဲပြားသဖြင့် နှလုံးသွင်း မတူညီကြပေ။ ဆရာသည် ပင်ကိုယ်က အလိုဆိုးအားကြီးသူ ဖြစ်၏။ တပည့်မှာ အလိုဆိုး အားနည်း၏။ နာနာဓာတုကော သတ္တာ-လူ,နတ်,ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည် တစ်ယောက်နှင့်တစ်ယောက် အဇ္ဈတ္တဓာတ်သဘောချင်း မတူညီကြ၊ ကွဲပြားတတ်ကြသောကြောင့် ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးပင်ဖြစ်သော်လည်း သဘောထား ကွဲပြားတတ်ကြသည်။

ဣဿာ-ကိုယ့်ထက်သာကို မနာလို ခေါ်ဆို ဣဿာတည်း။

မင်းကွန်း-နတ်တို့ကို ထားရာ နတ်စင်ကို နတ်ကွန်းခေါ်သကဲ့သို့ ဘုရင်တို့ ခေတ္တနားနေဖို့ရာ ဆောက်လုပ်ထားသောအိမ်ကို မင်းကွန်းဟု ခေါ်သည်။

http://www.dhammadownload.com


ထိုင်ကြပြီးလျှင် မြတ်ဗုဒ္ဓ၏ ဉာဏ်တော်ကြီးမားပုံကို ပြောဆိုကြသည်မှာ "အရှင်ဘုရားတို့ ... ဗုဒ္ဓမြတ်စွာ၏ နာနာဓိမုတ္တိကတာ ဉာဏ်တော်သည် အံ့ဩဖွယ်ကောင်းပါပေစွ၊ ရှေးက မဖြစ်ဖူးသေးသော အထူးအဆန်း ဉာဏ်တော် ဖြစ်ပါပေစွ။ အလိုဆန္ဒချင်း မတူကြသော ဆရာတပည့် နှစ်ယောက်တို့တွင် ဆရာဖြစ်သူ သုပ္ပိယပရိဗိုဇ်သည် (ယုတ်ညံ့သောအလို ဆန္ဒရှိသူဖြစ်သောကြောင့်) ရတနာသုံးပါး၏ မဟုတ်မမှန်အပြစ်များကို ပြောဆို၏။ တပည့်ဖြစ်သူ ဗြဟ္မဒတ္တလုလင်ကမူ (ကောင်းမွန်သော အလိုဆန္ဒရှိသူဖြစ်သောကြောင့်) ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ပြောဆိုပေသည်။

ဤသို့ မြတ်ဗုဒ္ဓ၏ နာနာဓိမုတ္တိကတာ ဉာဏ်တော်ကို အကြောင်း

---

နာနာဓိမုတ္တိကတာဉာဏ်

နာနာ-မတူညီသော။ အဓိမုတ္တိ-နှလုံးသွင်း၊ အလိုဆန္ဒ။ သတ္တဝါတို့၏ တစ်ယောက်နှင့်တစ်ယောက် နှလုံးသွင်း မတူညီပုံကို သိတော်မူသောဉာဏ်တော်ကို 'နာနာဓိမုတ္တိကတာဉာဏ်' ဟု ခေါ်၏။

ဤသို့ ရတနာသုံးပါးကို သုပ္ပိယက အပြစ်ပြောခြင်း, ဗြဟ္မဒတ္တက ဂုဏ်ကျေးဇူးပြောခြင်း, ရဟန်းတော်များက "နာနာဓိမုတ္တိကတာဉာဏ်" ဟု ခေါ်ရသော သဗ္ဗညုတဉာဏ်တော်ကို ချီးမွမ်းကြခြင်းသည် ဤဗြဟ္မ ဇာလသုတ်တော်ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းနိဒါန်းပေတည်း။

သုပ္ပိယော ပရိဗ္ဗာဇကော အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ-ဟုဆိုသောကြောင့် ဘုရားအပေါ်သာ ကဲ့ရဲ့ပြစ်တင်ခြင်းမဟုတ်။ ရတနာသုံးပါးလုံးအပေါ်၌ ကဲ့ရဲ့ပြစ်တင် ခြင်း ဖြစ်သည်။

ထို့အတူ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ဝဏ္ဏံ ဘာသတိ၊ သံဃဿ ဝဏ္ဏံ ဘာသတိ-ဟုဆိုသောကြောင့် ဘုရားကိုသာ ချီးမွမ်းခြင်းမဟုတ်ဘဲ ရတနာသုံးပါးလုံးအပေါ် ချီးမွမ်းခြင်းဖြစ်သည်။

http://www.dhammadownload.com


ပြု၍ ရဟန်းတော်များ စကားစမြည်ပြော ဆိုကြလေသည်။

## ၂။မြတ်ဗုဒ္ဓ၏ ဩဝါဒညွှန်ကြားချက်

မြတ်ဗုဒ္ဓသည် ရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ တန်ဆောင်းဝိုင်းသို့ ကြွလာတော်မူပြီးလျှင် "ယခု အခါ အဘယ်စကားကို ပြောဆိုနေထိုင်ကြသနည်း"ဟု (သိတော်မူပါလျက် စကားလက်စရအောင်) မေးတော်မူ၏။

ရဟန်းတို့က သုပ္ပိယနှင့် ဗြဟ္မဒတ္တတို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို အထောက် အထားပြု၍ တစ်ယောက်နှင့်တစ်ယောက် အလိုဆန္ဒ မတူကြပုံကို သိတော်မူသော ဉာဏ်တော်၏အကြောင်းကို ပြောဆိုနေကြပါကြောင်း လျှောက်ထားကြလေသော် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းနှင့်စပ်၍ ဩဝါဒညွှန်ကြားချက်ပေးတော်မူသည်မှာ ...

---

### ရတနာသုံးပါးအပေါ်၌ ကဲ့ရဲ့သံကြားလျှင် တုန့်ပြန်ပုံ

တတြ စေ တုမှေ အဿထ၊ ကုပိတာဝါ အနတ္တမနာဝါ၊
တုမှံယေဝဿ တေန အန္တရာယော။

ဘုရား၊တရား၊သံဃာဟူသော ရတနာမြတ်သုံးပါးအပေါ်၌ တစ်စုံတစ်ယောက်က အပြစ်တင်ရှုတ်ချစကား ပြောကြားလာသောအခါ မြတ်ဗုဒ္ဓ၏တပည့်သားများအနေဖြင့် အပြစ်ပြောဆိုသူအပေါ် ဒေါသမထွက်ရ။ စိတ်နှလုံးမသာယာ မဖြစ်ရ။

'ဒေါသော အတ္ထံ နဇာနာတိ၊
ဒေါသော ဓမ္မံ နပဿတိ'

ဒေသနာအရ ဒေါသတရား ရင်ဝယ်ထားနေသူသန္တာန်၌ အကြောင်း၊ အကျိုး၊အကောင်း၊အဆိုး၊အမှား အမှန်တို့ကို ဝေဖန်ခွဲခြား၍ သိနိုင်စွမ်းမရှိတော့ပေ။ အသိဉာဏ်မရှိလျှင် တရားအားထုတ်ပါသော်လည်း ဈာန်၊မဂ်၊ဖိုလ်တို့ကို မျက်မှောက် မပြုနိုင်ပေ။

http://www.dhammadownload.com



## ရတနာသုံးပါးကို အပြစ်ပြောခြင်း၌ ပြုကျင့်ရပုံ

ရဟန်းတို့၊ ဆန့်ကျင်ဘက်ကို လိုလားသူတို့သည် ငါဘုရား၏ အပြစ်, (သို့မဟုတ်) တရား၏အပြစ်, (သို့မဟုတ်) သံဃာ၏အပြစ်ကို ပြောကြလျှင် ထိုပြောသူတို့အပေါ်၌ အာဃာတမထားကြနှင့်။ မနှစ်သက်၊ မကျေနပ်သော အမူအရာတို့ကို မပြုကြနှင့်။ စိတ်မပျက်ကြလေနှင့်။

ရဟန်းတို့၊ ထိုအပြစ်ပြောသူတို့အပေါ်၌ သင်တို့ အာဃာတထားကြ, မနှစ်သက်မကျေနပ်ကြ, စိတ်ပျက်နေကြလျှင် ထိုဒေါသ၊ ဒေါမနဿဖြစ်နေမှုကြောင့် သင့်တို့မှာသာ စျာန်မဂ်ဖိုလ်တရား၏ အန္တရာယ် ဖြစ်ဖွယ် ရှိပေသည်။

ရဟန်းတို့၊ ထိုအပြစ်ပြောသူတို့အပေါ်၌ သင်တို့က ဒေါသ ဒေါမနဿဖြစ်နေကြလျှင် စကားကောင်း၊ စကားဆိုးတို့ကို ခွဲခြား၍ သိနိုင်ကြဦးမည်လော။ [မိမိက ဒေါသ ဒေါမနဿဖြစ်နေလျှင် သူ့စကားကို စဉ်းစဉ်းစားစား ဝေဖန်နိုင်ဦးမှာလား''ဟု မေးတော်မူသည်။] [ရဟန်းများက လည်း ''ဒေါသ ဒေါမနဿ လွှမ်းနေလျှင် သူ့စကားကို မဝေဖန်နိုင်ကြတော့ပါဘုရား''ဟု လျှောက်ကြသည်။]

ရဟန်းတို့၊ ထိုသို့အပြစ်ပြောရာ၌ မဟုတ်ကြောင်း, မမှန်ကြောင်း, သူတို့ပြောဆိုအပ်သော အပြစ်မရှိကြောင်း ဖြေရှင်းကြရမည်။

---

တတြ တုမှေဟိ အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ

'ဣတိပေတံ အဘူတံ၊ ဣတိပေတံ အတစ္ဆံ၊ နတ္ထိစေတံ အမှေသု'တိ။

မဖြေရှင်းဘဲ ငုံ့ခံနေပြန်လျှင်လည်း 'ဟုတ်လို့သာ ခံနေတာပဲ'ဟု ယူဆဖွယ် ရှိသောကြောင့် စိတ်မဆိုးပဲ မေတ္တာစိတ်ဖြင့် (၁)မဟုတ်လျှင်၊ မဟုတ်ပါ၊ (၂)မှားနေလျှင် မှားနေသည်၊ (၃)သူတို့ပြောသောအပြစ်မျိုးမရှိလျှင် ထိုအပြစ်မရှိပါ၊ စသည်ဖြင့် ပြန်၍ ဖြေရှင်းကြရမည်။ (သင်ဟာ ခွေးပဲ၊ နွားကြီးပဲ စသည်ဖြင့် ဆဲဆိုရာ၌မူကား ဖြေရှင်းနေဖွယ်မလို၊ သည်းခံရမည်သာ။)

## ရတနာသုံးပါးဂုဏ်ကို ချီးမွမ်းခြင်း၌ ပြုကျင့်ရပုံ

ရဟန်းတို့၊ ရတနာသုံးပါးကို ကြည်ညိုသောနတ်လူတို့သည် ဘုရား၊ တရား၊သံဃာတို့၏ ဂုဏ်ကျေးဇူးကို ပြောကြလျှင် ထိုပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျသော အမူအရာကို မပြုကြလေနှင့်။ဝမ်းသာ အားရသောလက္ခဏာကို မပြကြလေနှင့်၊ စိတ်တကြွကြွ တရွရွဖြစ်ကာ (ရေပေါ်မှာ ဗူးပေါ်သလို) မပေါ်လွင်ချင်ကြလေနှင့်။

ရဟန်းတို့၊ သူတစ်ပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ၍ တကြွကြွ

---

### ရတနာသုံးပါးအပေါ်၌ ချီးမွမ်းသံကြားလျှင် ထောက်ခံပုံ

တတြ စေ တုမှေ အဿထ၊ အာနန္ဒိနော သုမနာ ဥပ္ပိလာဝိတာ၊
တုမှံယေဝဿ တေန အန္တရာယော။

ရတနာမြတ်သုံးပါးအပေါ်၌ တစ်စုံတစ်ယောက်က ဂုဏ်ကျေးဇူးစကား ပြောကြားလာသောအခါ မြတ်ဗုဒ္ဓ၏တပည့်သား များအနေဖြင့် ဂုဏ်ကျေးဇူးကို ကြားသိရခြင်းကြောင့် ပီတိဖြစ်မနေရ။ သာယာနှစ်သက်မနေရ။ တကြွကြွဖြစ်မနေရ။

ဤပီတိမျိုးကား ကုသိုလ်သောမနဿပီတိမျိုးမဟုတ်။ အကုသိုလ်၊ လောဘမူသောမနဿနှင့်ယှဉ်သော ပီတိမျိုး ဖြစ်၏။ 'လောဘော အတ္ထံ နဇာနာတိ၊ လောဘော ဓမ္မံ နပဿတိ' ဒေသနာအရ လောဘနှင့်ယှဉ်သော ပီတိသည်လည်း အကြောင်း၊အကျိုး၊အကောင်း၊အဆိုး၊အမှား အမှန်တို့ကို ဝေဖန်ခွဲခြား၍ သိနိုင်စွမ်း မရှိပေ။ တရားအားထုတ်ပါသော်လည်း ဈာန်၊မဂ်၊ဖိုလ်တို့သို့ မရရှိနိုင်။

တတြ တုမှေဟိ ဘူတံ အဘူတတော ပဋိဇာနိတဗ္ဗံ 'ဣတိပေတံ ဘူတံ၊ ဣတိပေတံ တစ္ဆံ၊ အတ္ထိစေတံ အမှေသု'တိ။

မဟုတ်သောဂုဏ်ဖြစ်နေလျှင် မဟုတ်ပါဟု ဖြေရှင်းခဲ့သလို၊ ဟုတ်သော ဂုဏ်ဖြစ်နေလျှင်လည်း ဟုတ်ပါတယ်၊ မှန်ပါတယ်၊ သင်တို့ပြောသောဂုဏ်ကျေးဇူး ရှိပါတယ်ဟု ထောက်ခံပြောဆိုရပေမည်။ မဟုတ်ဘဲ ငြိမ်နေလျှင်လည်း ဟုတ်သလို ဝန်ခံရာရောက်သကဲ့သို့၊ ဟုတ်လျက် မထောက်ခံပြန်လျှင်လည်း မဟုတ်သလို ထင်မှတ်ရာ ရောက်သောကြောင့်တည်း။

http://www.dhammadownload.com

ဖြစ်နေလျှင် သင်တို့မှာသာ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ဖွယ်ရှိပေသည်။ (သာယာနှစ်သက်မှု လောဘနှင့်ယှဉ်သော ပီတိသောမနဿသည် အကုသိုလ် ဖြစ်ရကား ထိုအကုသိုလ်ဖြစ်နေလျှင် တရားအားထုတ်၍ မရနိုင်ဟူလို။)

ရဟန်းတို့၊ သူတစ်ပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ၍ တကြွကြွ ဖြစ်နေလျှင် စကားကောင်း၊ စကားဆိုးကိုပင် ခွဲခြား၍ သိနိုင်ကြဦး မည်လော''...၊ ''မသိနိုင်ပါဘုရား''။

ရဟန်းတို့၊ သူတစ်ပါးတို့က ရတနာသုံးပါး၏ ကျေးဇူးစကားကို ပြောကြလျှင် ဟုတ်မှန်ကြောင်းကိုကား ထောက်ခံပြောပြရမည်၊ ကိုယ့်ဂုဏ်ကို ပြောလာလျှင်လည်း ဟုတ်မှန်လျှင် ဟုတ်မှန်ကြောင်း, မဟုတ်လျှင် မဟုတ်ကြောင်း အတိအလင်းပြောရပေမည်။

ချီးမွမ်းခြင်း၊ကဲ့ရဲ့ခြင်းခံရလျှင် ပြုကျင့်ရမည့် ဩဝါဒတော်များ ပြီးပြီ။

## ၃။ မြတ်ဗုဒ္ဓ၏သီလဂုဏ်

### စူဠသီလ-အငယ်စား ကိုယ်ကျင့်တရားများ

ရဟန်းတို့၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတဂုဏ်ကို အစွမ်းကုန် ပြောဆို ချီးမွမ်းလျှင် သီလဂုဏ်လောက်ဖြင့်သာ ပြောဆိုချီးမွမ်းနိုင်စရာရှိ၏။ ပုထုဇဉ်တို့ပြောဆိုချီးမွမ်းနိုင်သော သီလဂုဏ်ဟူသည် အဘယ်နည်း။

၁။ ရဟန်းဂေါတမသည် ပါဏာတိပါတ (သူ့အသက်သတ်ခြင်း)မှ ရှောင်ကြဉ်တော်မူ၏။ သူတစ်ပါးကို ညှဉ်းဆဲဖို့ တုတ် ဓားစသော လက်နက်ကို

၁။ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော-သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။

သတ္တဝါတို့အပေါ်၌ ဒေါသကို ပယ်၍ မေတ္တာစိတ်ဖြင့် နေတော်မူ၏။

http://www.dhammadownload.com



ကိုင်ဆောင်လေ့ရှိတော်မမူ၊ မကောင်းမှု ပြုရမည်မှရှက်တော်မူ၏။ သတ္တဝါတို့ အပေါ်၌ မေတ္တာစိတ်ရှိတော်မူ၏။ အားလုံးသော သတ္တဝါတို့၏ စီးပွားကို လိုလားသောစိတ်ဖြင့်သာ အမြဲနေတော်မူပါပေသည်။

ဤသို့လျှင် ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ဂုဏ်တော်ကို အစွမ်းကုန်ချီးမွမ်းလျှင် "ဤပါဏာတိပါတဝိရတိ သီလ" ဂုဏ်ဖြင့်သော်လည်း ချီးမွမ်းနိုင်စရာရှိသည်။

၂။ ရဟန်းဂေါတမသည် အဒိန္နာဒါနမှ ရှောင်တော်မူ၏။ ဥစ္စာရှင်တို့ ပေးအပ်သော ပစ္စည်းကိုသာ ယူလေ့ရှိ တော်မူ၏။ ဥစ္စာရှင်တို့ပေးလှူ အပ်သောပစ္စည်းကိုသာ စိတ်ဖြင့် လိုလားတော်မူ၏။ ခိုးဝှက်မှုကင်း၍ သန့်ရှင်းသောကိုယ်ဖြင့်သာ နေတော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုနိုင်ရာ၏။

၃။ရဟန်းဂေါတမသည် ဗြဟ္မစရိယ၏ (မြတ်သောအကျင့်၏) ဆန့်ကျင်ဘက်ဖြစ်သော မေထုန်အကျင့်ကို ပယ်စွန့်၍ "မေထုန်မှ ရှောင်မှု ဟူသော မြတ်သောအကျင့်ကိုသာ ကျင့်တော်မူလေ့ရှိ၏။ ရွာသူရွာသားတို့၏ အကျင့် ဖြစ်သော မေထုန်မှ ဝေးစွာကျင့်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၄။ ရဟန်းဂေါတမသည် မုသာဝါဒကို ပယ်စွန့်၍ မုသားပြောခြင်းမှ ရှောင်တော်မူ၏။ မှန်သော စကားကိုသာ ပြောတော်မူ၏။ (အကြား အကြား၌

---

၂။အဒိန္နာဒါနံ ပဟာယ ဒိန္နာဒါယီ သမဏောဂေါတမော-

သူတစ်ပါးတို့၏စည်းစိမ်ဥစ္စာတို့အပေါ်၌ အဘိဇ္ဈာကို ပယ်၍ အနဘိဇ္ဈာ စိတ်ဖြင့် နေတော်မူ၏။

၃။အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ သမဏောဂေါတမော-

မြတ်သောအကျင့်၏ဆန့်ကျင်ဘက်ဖြစ်သော မေထုန်အကျင့်ကို ပယ်စွန့်၍ မြတ်သော သိက္ခာသုံးပါးအကျင့်ကို ကျင့်တော်မူ၏။

http://www.dhammadownload.com



မုသားမညှပ်ဘဲ) သစ္စာစကားချင်းစေ့စပ်တော်မူ၏၊ တည်တံ့သောစကား ရှိတော်မူ၏၊ အရာရာ၌ ယုံကြည်စိတ်ချထိုက်တော်မူ၏၊ လောကကို (လူအများကို) ချွတ်ချော်တိမ်းပါးခြင်းရှိတော်မမူ၊ (ယခု ခေတ်၌ အထက်တန်းရောက်နေသူ လူတချို့သည် တိုင်းသူပြည်သားများအား လမ်းမှားကို ညွှန်ပြနေသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် ဘယ်အခါမှ လမ်းမှားကို ညွှန်ပြတော်မမူ) ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၅။ ရဟန်းဂေါတမသည် ပိသုဏာဝါစာကို ပယ်စွန့်၍ ချောပစ်ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ရှောင်တော်မူ ၏။ ဤသူတို့၏ (ထိုသူတို့နှင့်) ကွဲပြားဖို့ရာ ဤသူတို့အထံမှ ကြားရသောစကားကို ထိုသူတို့အား ပြောတော်မမူ၊ (ထိုသူတို့၏ ဤသူတို့နှင့်) ကွဲပြားဖို့ရာ ထိုသူတို့အထံမှ ကြားရသောစကားကိုလည်း ဤသူတို့အား ပြောတော်မမူ၊ ဤနည်းအားဖြင့် ကွဲပြားနေသူတို့ကိုလည်း စေ့စပ်ပေးတော်မူ၏။ စေ့စပ်ပြီးသူတို့ကိုလည်း (သာ၍ စေ့စပ်အောင်) အားပေးတော်မူ၏။ ညီညွတ်သူသာ မွေ့လျော်ရာရှိ၍ ညီညွတ်သူတို့၌ မွေ့လျော်တော်မူ၏။ ညီညွတ်နေသည်ကို မြင်ရ ကြားရလျှင် အားရနှစ်သက်

---

၄။ မုသာဝါဒံ ပဟာယ သစ္စဝါဒီ သမဏော ဂေါတမော။

လိမ်ညာစကား မုသားပြောဆိုခြင်းကို ပယ်စွန့်၍ မှန်သောသစ္စာစကားကိုသာ ပြောဆိုတော်မူ၏။

၅။ပိသုဏံဝါစံ ပဟာယ သစ္စဝါဒီ သမဂ္ဂကရဏီဝါစံ ဘာသိတာ။

ချောပစ်ကုန်းတိုက်စကားကို ပယ်စွန့်၍ ညီညွတ်ကြောင်းစကားကိုသာ ပြောဆိုတော်မူ၏။(ပိယ-သူ့နှစ်ယောက်တို့ချစ်ခြင်းကို။ သုဉကရ-ကင်းဆိတ်အောင် ပြုတတ်သောကြောင့်-အချစ်ဖျက်စကားကို ပိသုဏာဝါစာ-ခေါ်သည်)

၆။ဖရုသံဝါစံ ပဟာယ ကဏ္ဏသုခါ ပေမနီယာ ဝါစံ ဘာသိတာ။

ကြမ်းတမ်းသောစကားကို ပယ်စွန့်၍ နားဝင်ချိုသာ ချစ်ဖွယ်ရာစကားကိုသာ ပြောဆိုတော်မူ၏။

http://www.dhammadownload.com


တော်မူ၏။ ညီညွတ်အောင်ပြုနိုင်သော စကားကိုသာ ပြောဟောလေ့ရှိတော်မူပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၆။ ရဟန်းဂေါတမသည် ဖရုသဝါစာကို ပယ်စွန့်၍ ကြမ်းတမ်းသောစကားကို ပြောခြင်းမှ ရှောင်တော်မူ၏။ ဒေါသတည်းဟူသော အပြစ်အနာအဆာမရှိသောစကား၊ နားဝင်ချိုသောစကား၊ နှစ်သက်ဖွယ်စကား၊ နှလုံးအသည်း စွဲလောက်သောစကား၊ မြို့သုံးပြသုံးဖြစ်၍ ယဉ်ကျေးသောစကားအသုံးအနှုန်းနှင့် အားလုံးနှစ်သက်ဖွယ် စကားကိုသာ ပြောဟောလေ့ရှိပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၇။ ရဟန်းဂေါတမသည် သမ္ဖပ္ပလာပကို ပယ်စွန့်၍ ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်းမှ ရှောင်တော်မူ၏။ အခါကာလလိုက်၍ ထိုက်တန်သောစကားကို ပြောဟောတော်မူ၏။ (အသုဘအိမ်၌ မင်္ဂလာတရား၊ လက်ထပ်ပွဲ၌ အသုဘစကားကို ပြောဟောတော်မမူ။) ဟုတ်မှန်သောစကားကိုသာ ပြောဟောတော်မူ၏။ (အခါကာလအလိုက် ဟောပြန်သော်လည်း မမှန်တာကို မဟော။) အကျိုးရှိသော စကားကိုသာ ဟောတော်မူ၏။(မှန်စေကာမူ အကျိုးမရှိ

---

၇။ သမ္ဖပ္ပလာပံ ပဟာယ ကာလဝါဒီ၊ ဘူတဝါဒီ၊ အတ္ထဝါဒီ၊ ဓမ္မဝါဒီ၊ ဝိနယဝါဒီ နိဓာနဝတိံ ဝါစံ ဘာသိတာ၊ ကာလေန သာပဒေသံ ပရိယန္တဝတိံ၊ အတ္ထသံဟိတံ။

ပိန်ဖျင်းသောစကားကို ပယ်စွန့်၍၊ အချိန်အခါလိုက်သော၊ ဟုတ်မှန်သော၊ အကျိုးရှိသော၊ တရားသဘောနှင့်စပ်သော၊ အဆုံးအမနှင့်စပ်သော၊ စိတ်၌ သိမ်းထားဆောင်ထားထိုက်သော၊ အကြောင်းယုတ္တိရှိသော၊ အဆုံးရှိသော၊ အစီးအပွားရှိသော စကားမျိုးကိုသာ ပြောဆိုတော်မူ၏။

စပါးပိန်၊စပါးဖျင်းသည် အနှစ်အဆန်မရှိသကဲ့သို့၊ အနက်အဓိပ္ပါယ်၊ အကျိုးစီးပွားမရှိ၊ ရယ်ဖွယ်အတိသာဖြစ်သော ဒဏ္ဍာရီဆန်သောစကားမျိုးတို့ကို ပိန်ဖျင်းသောစကားဟု ခေါ်သည်။ (သံ-စီးပွားချမ်းသာကို၊ ဖ-ဖျက်ဆီးတတ်သောကြောင့်-ပိန်ဖျင်းသောစကားကို 'သမ္ဖပ္ပလာပ'ဟု ခေါ်၏။)

http://www.dhammadownload.com


လျှင်မဟော။)၊ အစစ်အမှန် သဘာဝကျသော တရားကိုသာ ဟောတော်မူ၏။ ဝိနည်းကိုလည်း ဟောတော်မူ၏။ သင့်လျော်သော အချိန်အခါဝယ် ဥပမာ အကြောင်းပြနှင့်တကွ အဆုံးအပိုင်းအခြားရှိသော အကျိုးစီးပွားနှင့်စပ်သော စိတ်ထဲ၌ အမြဲသိမ်းထား၍ မှတ်သားဖွယ်ကောင်းသော စကားကိုသာ ပြောဟောတော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၈။ ရဟန်းဂေါတမသည် ဗီဇဂါမ်ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်တော်မူ၏။

၉။ ရဟန်းဂေါတမသည် နံနက်စာ တစ်ထပ်ကိုသာ စား၍ ညဉ့်စာ စားခြင်းမှ ရှောင်တော်မူ၏။ နေလွဲသည့်အခါ စားခြင်းမှ ရှောင်တော်မူ ပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၁၀။ ရဟန်းဂေါတမသည် ကိုယ်တိုင်ကခြင်း, သူတစ်ပါးကို အကနိုင်းခြင်း, ကိုယ်တိုင်သီချင်းဆိုခြင်း, သူတစ်ပါးကို အဆိုခိုင်းခြင်း,

မြက်သစ်ပင်တို့ကို ခုတ်ဖြတ်သတ်ခြင်းကို လူတို့က မနှစ်သက်ကြ။ သစ်ပင်၌ အသက်ရှိသည်ဟု အထင်ရှိနေကြသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အကုသိုလ်မဖြစ်သော်လည်း လူတို့မကြိုက်သောအမှုတို့ကိုပင် ပြုတော်မမူပါ။

---

၈။ဗီဇဂါမဘူတဂါမ သမာရမ္ဘာ ပဋိဝိရတော သမဏော ဂေါတမော။
ဗီဇဂါမ်-ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူ၏။
ဗီဇဂါမ်-မျိုးစေ့အပေါင်း။ဘူတဂါမ်-ပေါက်ပြီး သစ်ပင်အပေါင်း။
၉။ဧကဘတ္တိကော၊ ဝိကာလဘောဇနာ ပဋိဝိရတော။
၁၀။နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ပဋိဝိရတော။
၁၁။မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ။
၁၂။ဥစ္စာသယန မဟာသယနာ။

http://www.dhammadownload.com



ကိုယ်တိုင်တီးမှုတ်ခြင်း, သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း, သူတို့ဘာသာ က-ဆို တီးမှုတ်နေသည်ကို (သူတော်ကောင်းတရားနှင့် ကန့်လန့်ဖြစ်သော) ကြည့်ရှုနားထောင်ခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုရာ၏။

၁၁။ ရဟန်းဂေါတမသည် ကိလေသာတိုးပွားခြင်း၏ အကြောင်း ဖြစ်သော ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အရောင်တင်ဆေး ရေမွှေးစသည်ကို သာယာခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင် ရာ၏။

၁၂။ ရဟန်းဂေါတမသည် မြင့်သောနေရာ မြတ်သော (ကြီးကျယ် ခမ်းနားသော)နေရာ၌ နေထိုင်(အိပ်)ခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့ သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။ [ဥစ္စာသယန မဟာသယနသိက္ခာပုဒ် ဖြစ်သည်၊ မဇ္ဈိမသီလအခန်း၌ ဤနေရာများကျယ်ဝန်းစွာ လာလိမ့်ဦးမည်]

၁၃။ ရဟန်းဂေါတမသည် ရွှေ ငွေကို ကိုယ်တိုင်ခံယူခြင်းစသည်မှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၁၄။ ရဟန်းဂေါတမသည် စပါးစိမ်းကို ခံယူခြင်းစသည်မှ ရှောင်

---

၁၃။ဇာတရူပ ရဇတပဋိဂ္ဂဟဏာ။

၁၄။အာမက ဓည ပဋိဂ္ဂဟဏာ။

၁၅။အာမက မံသ ပဋိဂ္ဂဟဏာ။

၁၆။ဣတ္ထိကုမာရိက ပဋိဂ္ဂဟဏာ။

၁၇။ဒါသိဒါသ ပဋိဂ္ဂဟဏာ။

၁၈။အဇေဠက ပဋိဂ္ဂဟဏာ။

၁၉။ကုက္ကုဋ သူကရ ပဋိဂ္ဂဟဏာ။

၂၀။ဟတ္ထိ ဂဝဿ ဝဠဝ ပဋိဂ္ဂဟဏာ။

http://www.dhammadownload.com



တော်မူပါသည်၊ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုရာ၏။ [စပါးစိမ်းဟူရာ၌ စိုစိမ်းနေသည်ကို မဆိုလို၊ ဆန်မဖြစ်သေးသည်ကို "အစိမ်း"ဟု ဆိုလိုသည်၊ စပါးဟူရာ၌လည်း ဂျုံ, ပြောင်း စသည်တို့လည်း ပါသည်။]

၁၅။ ရဟန်းဂေါတမသည် (မကျက်သေးသော)သားစိမ်း ငါးစိမ်းတို့ကို။ (၁၆)။မိန်းမအပို မိန်းမပျိုတို့ကို။ (၁၇)။ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို။ (၁၈)။ဆိတ် သိုးတို့ကို။ (၁၉)။ ကြက် ဝက်တို့ကို။ (၂၀)။ ဆင် နွား မြင်း မြည်းတို့ကို။ (၂၁)။ လယ်ယာတို့ကို ခံယူခြင်းစသည်မှ ရှောင်တော်မူ ပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၂။ ရဟန်းဂေါတမသည် လူတို့၏အမှာစာ နှုတ်မှာစကားကိုယူ၍ ထိုထိုအရပ်သို့ ခရီးရှည်သွားခြင်း, လူတို့ စေခိုင်းအပ်သည်ဖြစ်၍ တစ်အိမ်မှ တစ်အိမ်သို့ ခရီးတို သွားခြင်းဟူသော စေတမန်အလုပ်ကို အားထုတ်ခြင်း, ပြုလုပ်ခြင်းမှ ရှောင်တော်မူပါပေသည်၊ (လူအများ၏ အစေအပါး မခံ)၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၃။ ရဟန်းဂေါတမသည် ရောင်းခြင်း ဝယ်ခြင်း။ (၂၄)။ ချိန်ခွင်ဖြင့် လိမ်လည်လှည့်စားခြင်း, ရွှေခွက်ဖြင့် လိမ်လည်လှည့်စားခြင်း, တင်းတောင်း ချင့်ခွက် တိုင်းတာကြိုးတို့ဖြင့် လိမ်လည်လှည့်စားခြင်းမှ ရှောင်တော်မူ

---

၂၁။ခေတ္တဝတ္ထု ပဋိဂ္ဂဟဏာ။

၂၂။ဒူတေယျ ပဟိနဂမနာနုယောဂါ။

၂၃။ကယဝိက္ကယာ။ (ကယ-ရောင်းခြင်း၊ ဝိက္ကယ-ဝယ်ခြင်း၊)

၂၄။တုလာကူဋ ကံသကူဋ မာနကူဋာ။(တုလာ-ချိန်ခွင်၊ကံသ-ရွှေ၊မာန-တင်းတောင်း) ချိန်ခွင်ကို အမျိုးမျိုးကိုင်၍ ချိန်ခြင်း၊အလေးခိုးခြင်းများသည် ချိန်ခွင်ဖြင့်လိမ်လည်လှည့်စားခြင်းတည်း။ ရွှေအတုနှင့်အစစ်ရောနှောပြခြင်း၊ အတုကို အစစ်ပြုရောင်းခြင်းတို့သည် ရွှေဖြင့် လိမ်လည်လှည့်စားခြင်းတည်း။ စပါး‌ဆီစသည် တို့ကို ချင့်ရာ၌ နည်းအမျိုးမျိုးဖြင့် ကိုယ့်ဘက်သာအောင်ပြုခြင်းသည် ချိန်ခွင်ဖြင့် လိမ်လည်လှည့်စားခြင်း မည်၏။

http://www.dhammadownload.com


ပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၅။ရဟန်းဂေါတမည် မတရားပြုလုပ်ဖို့ရန် တံစိုးလက်ဆောင်ယူခြင်း (လာဘ်စားခြင်း), နည်းပရိယာယ်အသွယ်သွယ်ဖြင့် လှည့်စားခြင်း, ဂါထာမန္တန်ဖြင့်ဖြစ်စေ, မျက်လှည့်အတတ်ဖြင့်ဖြစ်စေ လှည့်ပတ်ခြင်းဟူသော ကောက်ကျစ်စဉ်းလဲမှုကို အားထုတ်ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၆။ရဟန်းဂေါတမသည် သူတစ်ပါး၏ လက်ခြေစသည်ကို ဖြတ်ခြင်း, တုတ် ဓားစသည်ဖြင့် ညှဉ်းဆဲနှိပ် စက်ခြင်း, ကြိုးစသည်ဖြင့် ဖွဲ့တုတ်ချည်နှောင်ခြင်း, ဆီးနှင်းချုပ်တိပ်ပေါင်းစသည် ထူထပ်ရှုပ်ထွေးရာ အရပ်၌ ပုန်းကွယ်၍ ခရီးသွားသူတို့ကို လုယူခြင်း, ရွာ နိဂုံးစသည်ကို လုယက်ခြင်း, တစ်အိမ်အိမ်သို့ ဝင်၍ အနုကြမ်းစီးခြင်းမှ ရှောင်တော်မူ ပါပေသည်။

ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ ဂုဏ်တော်ကို အစွမ်းကုန် ပြောဆိုမည်ဟု ကြိုးစားပြောဆိုပါသော်လည်း ဤကဲ့သို့သော သီလလောက် ဖြင့်သာ ပြောဆိုနိုင်ရာ၏။

စူဠသီလခန်းပြီး၏။

---

၂၅။ဥက္ကောဋနေ ဝဉ္စန နိကတိသာစိယောဂါ။

ဂါထာမန္တာန် မျက်လှည့်အစွမ်းတို့ မပါဘဲ လူကဲခတ်၍ သင့်တော်သလို လှည့်ပတ်လိမ်ညာခြင်းသည် နည်းပရိယာယ်အသွယ်သွယ်ဖြင့် လှည့်စားခြင်းတည်း။

၂၆။ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ။

ဖြတ်ခြင်း, ညှဉ်းဆဲနှိပ်စက်ခြင်း, ဖွဲ့တုတ်ချည်နှောင်ခြင်း, လုယူခြင်း, လုယက်ခြင်း, အနုကြမ်းစီးခြင်းမှ ရှောင်၏။

http://www.dhammadownload.com


## မဇ္ဈိမသီလ-အလတ်စားကိုယ်ကျင့်တရား

၁။ ချီးမွမ်းပုံတစ်မျိုးကား အရှင်ကောင်း အရှင်မြတ်ဖြစ်ကုန်သော သမဏဗြာဟ္မဏတချို့တို့သည် (လူတို့က) သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းများကို သုံးစွဲကြပြီးလျှင် သူတို့သည် (အမြစ်မျိုးစေ့ ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ ပင်စည်မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ အဆစ်မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ အညွန့်မျိုးစေ့-ထိုမျိုးစေ့မှ ဖြစ်သော သစ်ပင်၊ ပဉ္စမမြောက် အစေ့မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်)ဤသို့သဘောရှိသော မျိုးစေ့အပေါင်း, သစ်ပင်အပေါင်းကို ခုတ်ဖြတ်ဖျက်ဆီးမှု၌ အားထုတ်နေကြသကဲ့သို့ ထိုအတူ ရဟန်းဂေါတမသည် ဤသို့သဘောရှိသော ဖျက်ဆီးခြင်းမှ ရှောင်တော်မူပါပေသည်၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ဂုဏ်ကို အစွမ်းကုန် ပြောဆိုစေကာမူ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂။ချီးမွမ်းပုံတစ်မျိုးကား အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သာမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲပြီးလျှင် သူတို့သည် သိုလှောင် သိမ်းထားအပ်သော ပစ္စည်းများကို သုံးစွဲလျက် နေထိုင်ကြကုန်၏။ (ဘယ်အရာများကို သိုလှောင်သိမ်းထားကြသနည်း) စားဖွယ်သောက်ဖွယ်, အဝတ်, ယာဉ် (ဖိနပ်ကိုဆိုလိုသည်)၊ အိပ်ရာနေရာ အပို, နံ့သာ, နမ်း, ဆန် ပဲစသောကြွင်းသမျှ ပစ္စည်းစု၊ ဤသို့သော ပစ္စည်းများကို သိုလှောင်သိမ်းထား၍ သုံးစွဲနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့ သိုလှောင်သိမ်းထား၍ သုံးစွဲခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

---

၁။ဗီဇဂါမ ဘူတဂါမသမာရမ္ဘာ ပဋိဝိရတော သမဏောဂေါတမော။

၂။သန္နိဓိကာရပရိဘောဂါ ပဋိဝိရတော သမဏော ဂေါတမော။

၃။ဝိသူကဒဿနာ ပဋိဝိရတော သမဏော ဂေါတမော။

http://www.dhammadownload.com



၃။ ချီးမွမ်းပုံတစ်မျိုးကား·· အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် သူတော်ကောင်းတရားနှင့် ဆန့်ကျင်ဘက် ကန့်လန့်ဖြစ်သော ကြည့်ရှုနားထောင်မှုကို အားထုတ်နေထိုင်ကြကုန်၏။

ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုဖွယ်ရာ ကြီးကျယ်စွာသော ကပွဲသဘင်၊ ကွက်စိပ်ဆရာများကဲ့သို့ လေ့ကျင့်ပြီး ပုဂ္ဂိုလ်တို့ပြောဆိုအပ်သော ဘာရတညီနောင် ရာမမင်းတို့ စစ်တိုက်ခန်းစသော စကား၊ လက်ခုပ်တီးသံ)၊ 'ဃန'မည်သော တူရိယာတီးသံ (အထဲ၌ အခေါင်းမပါသော 'ခွက်ခွင်း' ခေါ်သစ်သားချပ် 'ကြေးနင်း-ကြေးနှောင်'ခေါ် မောင်းတီးသံ)၊ အိုးစည် တီးသံ၊ မကပြမီ နတ်တင်သောအားဖြင့် တင့်တယ်အောင်ပြုခြင်း၊ (တစ်နည်း - မင်းသမီး မင်းသား တွဲ၍ကခြင်း စသော တင့်တယ်ဖွယ်ရာ အောင်ပြုခြင်း)၊ ကျန်းမာသန်စွမ်းအောင် သံလုံးကစားခြင်း၊ (တစ်နည်း-စဏ္ဍာလတို့၏ ပိုက်ဆံလျှော်တို့ကို ရေဆွတ်၍ အချင်းချင်း ရိုက်တမ်း ပုတ်တမ်း ကစားခြင်း)၊ ဝါးလုံးဖြင့် ကစားခြင်း (ဝါးလုံးရိုက်၍ ချောတိုင်တက်သော ကစားခြင်းကို ဆိုလိုဟန်တူသည်) အရိုးဆေး၍ ကစားခြင်း(သေသူ ဆွေမျိုး၏ အရိုးကို နံ့သာဖြင့် သုတ်လိမ်း၍ နက္ခတ်ကောင်းသည့်အခါ သောက်ကြ၊စားကြ၊ ငိုကြသော ကစားပွဲတစ်မျိုး)၊ ဆင်တိုက်ပွဲ ၊ မြင်းတိုက်ပွဲ၊ ကျွဲ တိုက်ပွဲ၊ နွားလားဥသဘတိုက်ပွဲ၊ ဆိတ်တိုက်ပွဲ၊ သိုးတိုက်ပွဲ၊ ကြက်တိုက်ပွဲ၊ ငုံးတိုက်ပွဲ၊ တုတ်ရိုက်ပွဲ၊ လက်ဗွေ့ပွဲ၊ စစ်တိုက်ပွဲ၊ စစ်သည်မိုလ်ပါတို့ကို ရေတွက်ရာ အရပ်၊ စစ်ဆင်ရာအရပ်၊ စစ်တပ်တို့ကို ကြည့်ရှုခြင်း၊ ဤသို့သော ကြည့်ရှု နားထောင်ခြင်းကို အားထုတ်နေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့ကြည့်ရှု နားထောင်ခြင်းမှ ရှောင်တော်မူပါ ပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

http://www.dhammadownload.com


၄။ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော မေ့လျော့ကြခြင်း၏တည်ရာအကြောင်း အလောင်းအစားကစားမှုကို အားထုတ်နေကုန်၏။

ရှစ်ကွက်ကျား ကစားခြင်း၊ ဆယ် ကွက်ကျား ကစားခြင်း၊ (စစ်တုရင်ထိုးခြင်းနှင့်လည်း ဆိုင်သည်) ကောင်းကင်၌ ကစားခြင်း၊ (အကွက်မရေးသားဘဲ ၈ ကွက် ၁၀ကွက် စိတ်မှန်းထား၍ မည်သည့်ကွက်သို့ ကြွေ(ဇယ်)လမ်းတို့ကို ရေးသား၍ မထိအောင် ရှောင်ရှား ကစားခြင်း၊ ဇယ်တောက်တမ်း ဇယ်ကောက်တမ်းကစားခြင်း အန်ပျဉ်ချပ် ပေါ်၌ အန်စာချ၍ ကစားခြင်း၊ ကျီးသားရိုက်တမ်းကစားခြင်း၊ ထန်းမျှင်အစည်း (တံမြက်စည်း)စသည်တို့ကို ချိတ်ရည်စသည်ဖြင့် ဆွတ်၍ ဆင်ရုပ် မြင်းရုပ် စသည်ထင်အောင် မြေကြီးနံရံတို့၌ ရိုက်၍ ကစားခြင်း၊ ဂေါ်လီလုံး စသည်ကို ကစားခြင်း၊ ထန်းရွက်စသည်ကို ပီပီလုပ်၍ (နှဲသဏ္ဍာန်လုပ်၍)မှုတ်တမ်း ကစားခြင်း၊ ထွန်ငယ်ဖြင့် ကစားခြင်း၊ ကျွမ်းကစားခြင်း (တစ်နည်း-ဘားကစားခြင်း)၊

---

၆။မဏ္ဍန ဝိဘူသနဋ္ဌာနာ နုယောဂါ။

၇။တိရစ္ဆာနကထာယ။

တိရစ္ဆာန်=တိ-မေထုန်မှီဝဲခြင်း၊ အိပ်ခြင်း၊ စားခြင်းသုံးမျိုးကို။ ဂစ္ဆာ-လိုလားတတ် သောသတ္တဝါ။ မောဟအားကြီးသဖြင့် နတ်ပြည်နိဗ္ဗာန်၏ ဖီလာကန့်လန့် ဆန့်ကျင်ဘက်ခရီးသို့ သွားတတ်သောသတ္တဝါ။

မင်းစသူတို့၏စကားကို ပြောဆိုရာ၌ စည်းစိမ်ဥစ္စာကြီးကျယ်ကြောင်း၊ တိုက်ပွဲ၌ အောင်မြင်ကြောင်းစသော လောကီစကားများကိုသာ မပြောကောင်း၊ သဒ္ဓါတရားကောင်း၏၊ သီလရှိ၏၊ ဤသို့ကြီးကျယ်သောမင်းသည်လည်း ဤသို့သေရသေး၏စသည်ဖြင့် ကုသိုလ်သတိတိုးပွားကြောင်း၊ သံဝေဂရကြောင်းစကားမျိုးကိုကား ပြောကောင်းသည်။

http://www.dhammadownload.com



ထန်းရွက်စသည်ဖြင့် စကြာလုပ်၍ ကစားခြင်း၊ သစ်ရွက်ပြည်တောင်းဖြင့် သဲစသည်ကို ချင့်၍ကစားခြင်း၊ ရထားငယ်ဖြင့် ကစားခြင်း၊ လေးငယ်ဖြင့် ကစားခြင်း၊ အက္ခရာဖော်တမ်းကစားခြင်း (ကောင်းကင်မှာဖြစ်စေ, အမေးခံရသူ၏ ကျောကုန်းမှာဖြစ်စေ စာရေး၍ ထိုစာကို သိလျှင် ဖော်စမ်းဟု မေးမြန်းသောကစားနည်း) စိတ်အကြံကို ဖော်တမ်းကစားခြင်း (ယခုခေတ်၌ ပုဏ္ဏားတိုင် မေးတမ်းကစားခြင်း မျိုးလည်း ဖြစ်သင့်၏) ကန်းဟန် ကောက်ဟန် ကုန်းဟန် စသည်ဖြင့် အပြစ်တစ်မျိုး မျိုးကို ဟန်ဆောင်၍ ပြတမ်းကစားခြင်း၊ ဤသို့သော ကစားခြင်းမျိုးကို (အရှုံးအနိုင် အလောင်း အစားလုပ်လျက်) အားထုတ်နေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော ကစားခြင်းမျိုးမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြော ဆိုနိုင်ရာ၏။

၅။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော မြင့်သော နေရာ မြတ်သောကြီးကျယ်ခမ်းနားသောနေရာတို့၌ (အိပ်စက်နေထိုင်ဖို့ရာ) အားထုတ်နေကြကုန်၏။

လက်ရှစ်သစ်ထက် ပိုလွန်ရှည်လျားသောအခြေ (ခြေထောက်)

---

၄။ဇူတပ္ပမာဒဋ္ဌာနာနုယောဂါ။

၅။ဥစ္စာသယန မဟာသယနာ။

ဥစ္စာ-မြင့်သော၊ သယန-နေထိုင်အိပ်စက်ရာ။ မဟာ-မြတ်သော-သယန-နေထိုင်အိပ်စက်ရာ။

လက်ရှစ်သစ်ထက်ပိုသော ညောင်စောင်း၊အင်းပျဉ်၊ခုတင်၊ထိုင်ခုံစသည်တို့သည် ဥစ္စာသယနတည်း။ ပလ္လင်စသည်တို့ကား မဟာသယန တည်း။ ရဟန်းတော်များကဲ့သို့ ဥပုသ်သည်ယောဂီတို့သည်လည်း ရှောင်ရသည်။

http://www.dhammadownload.com



တပ်သော ညောင်စောင်း အင်းပျဉ် (ခုတင်ထိုင်ခုံ)၊ [ဤတစ်ခုသာ "ဥစ္စာသယန"ခေါ် မြင့်သောနေရာတည်း၊ နောက်၌လာမည့် ပလ္လင်စသည်တို့ကား "မဟာသယန"ခေါ် မြတ်သော နေရာများတည်း၊] ခြင်္သေ့ ကျားစသော ရဲရင့်သော သားကောင်တို့၏ ရုပ်ပုံကိုဖော်၍ပြုလုပ်သော ပလ္လင်(ထိုင်ခုံ)၊ လက်လေးသစ်ထက် ပိုလွန် ရှည်လျား အမွေးဖားသော ကော်ဇောကြီး၊ အကွက်အပြောက်ဖော်ကာ ဆန်းကြယ်စွာ ရက်အပ်ချုပ်အပ်သော သားမွေးအခင်း၊ အဖြူထည်သက်သက် သားမွေးဖြင့် ရက်အပ်သော အခင်း၊ ပန်းပြောက်ပြည့်နှက် သားမွေးဖြင့် ရက်အပ်သော အခင်း၊ လဲ(မှို့)သွင်းထား အပ်သောအခင်း၊ ခြင်္သေ့ရုပ် ကျားရုပ် စသည်တို့ဖြင့် ထူးဆန်းစွာရက်လုပ်အပ်သော သားမွေးအခင်း၊ အတွင်း အပြင် နှစ်ဖက်လုံး၌ ပေါ်ထွက်သော အမွေး ရှိသော (နှစ်ဖက်ချော) သားမွေးအခင်း၊ တစ်ဖက်၌သာ အမွေးပါသော (တစ်ဖက်ချော)သားမွေးအခင်း၊ ရတနာရွှေ ချည် ငွေချည်တို့ဖြင့် ချုပ်အပ်သော ပိုးချည်အချောအခင်း၊ (ရတနာချည်ဖြင့် မချုပ်အပ်သော ရိုးရိုးပိုးအခင်းကား ခုတင် စသည်၌ ခင်းကောင်း၏) တစ်ကျိပ်ခြောက်ယောက်သော ကချေသည် မိန်းမတို့ ကလောက်သော သားမွေးအခင်းကြီး၊ ဆင်မြင်းတို့၏ ကျောကုန်း အပေါ်၌ ခင်းအပ်သော ခမ်းနားကြီးကျယ်သောအခင်း၊ ရထားပေါ်၌ ခင်းအပ်သော အခင်း၊ အထပ်ထပ် ချုပ်အပ်သော သစ်နက်ရေ(သမင်ရေ) အခင်း၊ ဝံပိုင်ရေဖြင့် ပြုအပ်သော မြတ်သောအခင်း၊ ညောင်စောင်း(ခုတင်) အထက်၌ အမိုးမျက်နှာကြက် နီနှင့်တကွဖြစ်သော အခင်း၊ ("အနီ"ဟူရာ၌ ပိန္နဲနီ ညောင်နီမျိုးကား အပ်၏၊ "ဝတ်ပန်းနီမျိုးသာမအပ်"ဟုဆို၏။) နီသော အဆင်းရှိသော ခြေအုံး ခေါင်းအုံး နှစ်လုံး၊ (တစ်လုံးတည်း အနီဖြစ်လျှင် လည်းကောင်း၊ ဝတ်ပန်းနီစသော အနီရောင်မဟုတ်သော နှစ်လုံးဖြစ်လျှင် လည်းကောင်း အပ်၏၊) ဤသို့ အလားတူ ဥစ္စာသယန မဟာသယန အိပ်စက်နေထိုင်ဖို့ရာ အားထုတ်ကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤကဲ့သို့

http://www.dhammadownload.com



သော ဥစ္စာသယန မဟာသယနမျိုးမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၆။ ချီးမွမ်းပုံတစ်မျိုးကား‥ အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါအားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် အကုသိုလ်တိုးပွားခြင်း၏ အကြောင်းဖြစ်သော တန်ဆာဆင်ခြင်း, နံ့သာ(အမွှေးအကြိုင်)သုံးစွဲ သာယာခြင်းကို အားထုတ်နေကြကုန်၏။

ကိုယ်နံ့ကောင်းအောင် နံ့သာမှုန့်စသည်တို့ဖြင့် ပွတ်တိုက်ခြင်း၊ ကိုယ်နေသဏ္ဍာန်ပုံဟန် ကြော့ရှင်းအောင် (အဆစ် အလက်ပြေပြစ် အောင်) ဆုပ်နယ်ခြင်း၊ နံ့သာရည်တို့ဖြင့် ရေချိုးခြင်း၊ လက်ဝှေ့သည်တို့ကဲ့သို့ လက်ရုံးလက်မောင်း အားကောင်း တိုးတက်အောင် (လက်ရိုက်စသည်တို့ဖြင့်)ထုရိုက်ခြင်း၊ မှန်ကိုဆောင်ခြင်း၊ (မှန်ကြည့်ခြင်း)၊ မျက်ရေးကွင်းစရာမျက်စဉ်းကိုဆောင်ခြင်း (မျက်ရေးကွင်းခြင်း)၊ ပန်းနံ့သာ အရောင်တင်ဆေးတို့ကိုဆောင်ခြင်း၊ မျက်နှာ၏ အသွေးကို ကြည်လင်စေတတ်သော မြေညက်မှုန့် မုန်ညင်းမှုန့် နှမ်းမှုန့် နနွင်းမှုန့်ဟူသော မျက်နှာချေမှုန့်တို့ကို ဆောင်ခြင်း၊ မျက်နှာ၌ လိမ်းကျံအပ်သော သနပ်ခါးစသည်တို့ကိုဆောင်ခြင်း၊ (လိမ်းခြင်း) လက်၌ ဆင်အပ်သော တန်ဆာအမျိုးမျိုး ကိုဆောင်ခြင်း၊ (ဆင်ခြင်း၊) ဦးစွန်းထုံးခြင်း၊ (ထုံးပြီးကိုလည်း တန်ဆာဆင်ခြင်း) တုတ်ကောက်စသည်ကိုကိုင်ခြင်း၊ မိန်းမ ယောကျာ်း အရုပ်များဖြင့် ဆန်းကြယ်သော ဆေးကျည်တောက်ကို ဆောင်ခြင်း၊ သံလျက်ကို ဆောင်ခြင်း၊ ဆန်းကြယ်သော ထီးကိုဆောင်ခြင်း၊ ဆန်းကြယ်သော ဖိနပ်ကို စီးခြင်း၊ နဖူး၌ သင်းကျစ်ပြားကို ဖွဲ့ထားခြင်း၊ မကိုဋ်၌ အထွတ်တပ်သော ကျောက်မျက်ရတနာကို ဆောင်ခြင်း၊ စာမရီးသားမြီးယပ်ကိုဆောင်ခြင်း၊ ဖြူကုန် ရှည်ကုန်သော အမြိတ်အဆာရှိကုန်သော အဝတ်တို့ကိုဆောင်ခြင်း၊ ဤသို့သော အကုသိုလ် တိုးပွားကြောင်း

http://www.dhammadownload.com


ဖြစ်သော တန်ဆာဆင်မှု၊ အမွေး အကြိုင်သာယာမှုတို့ကို အားထုတ်နေကြကုန် သကဲ့သို့ ရဟန်းဂေါတမသည် ထိုကဲ့သို့သော အလုပ်တို့ကို အားထုတ်ခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၇။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော နတ်ပြည် နိဗ္ဗာန်လမ်းကြောင်းတို့၏ ဖီလာကန့်လန့်စကားကို ပြောဆိုအားထုတ်နေ ကြကုန်၏၊

မင်းနှင့်စပ်သော စကား၊ စစ်တပ်နှင့် စပ်သောစကား၊ ဘေး, စစ်တိုက်ပုံ, စားဖွယ်, သောက်ဖွယ်, အဝတ်,၊ အိမ်ရာနေရာ, ပန်း, နံ့သာ, ဆွေမျိုး, ယာဉ်(ရထား), ရွာ, နိဂုံး, မြို့, ဇနပုဒ်, မိန်းမ, ယောကျ်ား, သူရဲကောင်း, လမ်း(လမ်း၌နေကြသူများ), ရေဆိပ်, (အိုးထိန်းကျွန်မ), ရှေးကသေလွန်ကြသော ဆွေမျိုးများနှင့်စပ်သော စကား၊ ရှေ့နောက်စကားတို့မှ ကြွင်းကျန်သော အမျိုးမျိုးသောစကား၊ လောကနှင့်စပ်သောစကား "ဤလောကကို မည်သူ ဖန်ဆင်းထား သနည်း"စသောစကား) သမုဒ္ဒရာနှင့် စပ်သောစကား ("သမုဒ္ဒရာကို ဘာကြောင့် သာဂရဟုခေါ်သနည်း" စသောစကား) "ဤနည်းဖြင့် ကြီးပွားနိုင်၏၊ ဤနည်းဖြင့် ဆုတ်ယုတ် ပျက်စီးတတ်၏" စသော စကား၊ ဤသို့လျှင် အကျိုးမများသော ရောက်တတ်ရာရာ စကားတို့ကို ပြောဆိုနေကြကုန်သကဲ့သို့ ရဟန်းဂေါတမ သည် ဤသို့သော စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုနိုင်ရာ၏။

၈။ချီးမွမ်းပုံတစ်မျိုးကား … အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော

http://www.dhammadownload.com


ဆန့်ကျင်ဘက် စကားကို အားထုတ်ပြောဆိုနေကြကုန်၏။

သင်သည် ဤဓမ္မဝိနယကို နားမလည်၊ ငါသာ နားလည်၏၊ သင်သည် ဤဓမ္မဝိနယကို အဘယ်မှာ နားလည်နိုင် လိမ့်မည်နည်း၊ သင်သည် အမှားကျင့်နေသူတည်း၊ ငါကား အမှန်ကျင့်နေ သူတည်း၊ ငါ၏စကားသည် ရှေ့နောက်ညီလျက် ညက်ညော၏၊ သင်၏ စကားသည်ကား ရှေ့နောက်မညီ၊ သင်သည် အလျင်ပြောရမည့်စကားကို နောက်မှပြော, နောက်မှ ပြောရမည့် စကားကို အလျင်ပြော၏၊ သင်၏ကာလ ရှည်စွာ လေ့လာအပ်သောစကားသည် ငါ၏စကားတစ်ခွန်းကြောင့် ဖောက်ပြန်ပျက်ပြား၍ အလကား ဖြစ်တော့၏။ သင်၏အယူဝါဒ၌ ငါသည် (မည်သည့်) အပြစ်ကို တင်အပ်ပြီ၊ သင့်ကို ငါက နှိပ်အပ်ပြီ၊ ငါတင်အပ်သော အပြစ်မှ လွတ်ဖို့ရာ ထိုထိုဤဤ လှည့်လည်သင်ယူချေဦးလော့၊ ဖြေနိုင်လျှင် လည်း ယခုလက်ငင်းဖြေရှင်းလော့၊ ဤသို့အလားတူဖြစ်သော ဆန့်ကျင်ဘက် စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၉။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော သဝဏ်စာလွှာ နှုတ်မှာစကားကို ယူဆောင်၍ တစ်ရွာမှတစ်ရွာ, တစ်မြို့မှတစ်မြို့သို့ ပို့ဆောင်ခြင်းဟူသော တမန်သည်တို့၏ အလုပ်, တစ်အိမ်မှ တစ်အိမ်သို့ စေခိုင်းအပ်သည်ဖြစ်၍ သွားခြင်းဟူသော အစေခံအလုပ်ကို အားထုတ်နေကြကုန်၏။ (အဘယ်သို့နည်း၊) ရှင်ဘုရင်, အမတ်ကြီး, (သမ္ဘတ-ဝန်ကြီး), မင်းမျိုးမင်းနွယ်, သူကြွယ်မျိုးနွယ်ရှိသူ, သတို့သား စသူတို့၏ "မည်သည့်အရပ်သို့ သွားပေးစမ်းပါ၊ ထိုအရပ်မှ မည်သည့်အရပ်သို့ လာခဲ့ပါ၊ သည်ဟာကို ဆောင်ယူသွားပါ၊ ထိုအရပ်က မည်သည့်ဥစ္စာကို ဆောင်ယူခဲ့ပါ"

http://www.dhammadownload.com


ဤသို့စသော စေခိုင်းမှုကို ခံနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော တမန်လုပ်မှု၊ အစေအခိုင်းခံမှုမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၁၀။ချီးမွမ်းပုံတစ်မျိုးကား...အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် လောကကို အံ့သြလာအောင် ချီးမွမ်းအောင် ပြုလုပ်တတ်ကြကုန်၏။ မိမိကို လှူချင်လာအောင် ဒါယကာ ဒါယိကာမတို့ကို မြှောက်၍ ဖြစ်စေ၊ မိမိဂုဏ်ကိုဖော်၍ဖြစ်စေ ပြောတတ်ကြကုန်၏။ ပစ္စည်းကို မလှူလှူအောင် အရိပ်နိမိတ်ကိုလည်း ပြုတတ်ကြကုန်၏။ မလှူဘဲ မနေနိုင်အောင် ဆဲဆိုရှုတ်ချတတ်ကြကုန်၏၊ ["သဒ္ဓါတရား အင်မတန်နည်းတဲ့လူ" စသည်ဖြင့် ပြောတတ်ကြကုန်၏၊] တစ်အိမ်မှရသော လာဘ်ဖြင့် တစ်အိမ်မှလာဘ်ကို ရှာတတ်ကြကုန်၏။ ရဟန်းဂေါတမသည် ဤနည်းများကို မပြုလုပ်ဘဲ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

## မဇ္ဈိမသီလအခန်း ပြီး၏။

---

ဓမ္မနှင့်ဝိနယ–ရုပ်၊ဝေဒနာစသော မိမိဆိုင်ရာသဘောလက္ခဏာရှိသော တရားများကို ဓမ္မ၊ ထိုသို့မပြုရ၊ ဤသို့ပြုရမည်စသည်ဖြင့် စည်းကမ်းချမှတ်တားမြစ်ထားသော တရားတော်များကို ဝိနယ။

ဒါယကာတို့က ပစ္စည်းလေးပါးလှူဒါန်းသောအခါ နောင်တွင် ပိုကောင်းသည့်ပစ္စည်းများရနိုင်အောင် ယခုအလှူမခံသေးဘဲ ခေါင်းပါးစွာ အညံ့စားပစ္စည်းများကိုသာ အလှူခံယူ၊ သုံးစွဲသောအခါ ဒါယကာတို့က ခေါင်းပါးစွာ ကျင့်သုံးနေသော ကိုယ်တော်ပဲဟု အထင်ကြီးမှုသည် ချီးမွမ်းအောင်ပြုခြင်း ဖြစ်၏။

တချို့ကား လူဒါယကာတို့က သူ့ကို အရိယာဟုထင်လာအောင် ဒီလိုဝတ်စားသွားလာသူဟာ အရိယာပဲဟု မင်ဖိုလ်၏အနီးအပါး၌ ပြောဆိုတတ်ခြင်း၊ တချို့ကား အထင်ကြီးအောင် တမင် ဣန္ဒြေလုပ်၍ ပြောဆို၊စားသောက်နေထိုင်ခြင်းတို့သည် အရိပ်နိမိတ်ပြုခြင်း ဖြစ်၏။

http://www.dhammadownload.com


## မဟာသီလ-အမြတ်စားကိုယ်ကျင့်တရား

၁။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်းမှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊

လက်ခြေစသော ကိုယ်အင်္ဂါကို ကြည့်၍ အကျိုးအပြစ်ကို သိသော အင်္ဂကျမ်းအတတ်၊ သေးငယ်သော အရိပ်နိမိတ် အမှတ်အသားကိုကြည့်၍ (နားထောင်၍) မိမိအလိုရှိအပ်သော အရာကို သိနိုင်သော နိမိတ္တကျမ်းအတတ်၊ မိုးကြိုးကျခြင်းစသော အတိတ်ကြီး နိမိတ်ကြီးများကို ကြည့်၍ ဖြစ်လတ္တံ့သော အကျိုးအပြစ်ကို ညွှန်ပြနိုင်သော ဥပ္ပာတကျမ်းအတတ်၊ အိပ်မက်ကျမ်းအတတ်၊ အင်္ဂါကြီးငယ်၏ အသေးစိတ်လက္ခဏာ (အမှတ်အသား)ကိုကြည့်၍ (မင်းဖြစ်မည် အိမ်ရှေ့မင်း ဖြစ်မည် စသည်ဖြင့်)သိသော လက္ခဏာကျမ်းအတတ်၊ ကြွက်ကိုက်ခြင်း၏ အကျိုးအပြစ်ကို သိသောအတတ်၊ "မည်သည့်ထင်းဖြင့် မည်ကဲ့သို့ မီးပူဇော်လျှင် မည်သို့သော အကျိုးကို ရ၏"ဟုသိသော အဂ္ဂိဟောမ အတတ်၊ "မည်သည့်ယောက်မဖြင့် မွှေ၍ ပူဇော်လျှင် မည်သည့်အကျိုးကို ရ၏"ဟုသိသော ဒဗ္ဗိဟောမ အတတ်၊ "မည်သည့်ဆန်ကွဲဖြင့် မီးပူဇော် လျှင် မည်သည့်အကျိုးရ၏"ဟုသိသော ကဏဟောမ

---

တိရစ္ဆာနဝိဇ္ဇာ-တိရစ္ဆာန-နတ်ပြည်၊နိဗ္ဗာန်တို့၏ ဖီလာကန့်လန့် ဆန့်ကျင်သော။ ဝိဇ္ဇာ-အတတ်ပညာများ။

ထိုအတတ်များကို အသုံးချသဖြင့် လောကီစီးပွားများ ဖြစ်ထွန်းနိုင်သော်လည်း နတ်ပြည်လောက်မရောက်၊ နိဗ္ဗာန်လည်းမရောက်နိုင်သဖြင့် တိရစ္ဆာနဝိဇ္ဇာ ခေါ်သည်။ ထိုအတတ်မျိုးကို တတ်ခြင်း၊ သင်ယူခြင်းတို့ကား အပြစ်မရှိပါ။

ထိုအတတ်တို့ဖြင့် ဟောပြောအသက်မွေးသော ရဟန်းတော်တို့အား ဝိနည်းအပြစ်ရှိ၏။ ထိုအတတ်ဖြင့် အသက်မွေးမှုကိုလည်း မိစ္ဆာဇီဝ ခေါ်၏။

http://www.dhammadownload.com

အတတ်၊ ထို့အတူ ဆန်, ထောပတ်, ဆီတို့ဖြင့် မီးပူဇော်ခြင်း၏ အကျိုးအပြစ်ကို သိသောအတတ်၊ မုန့်ညင်းစေ့စသည်ကို ပါးစပ်ဖြင့် ယူ၍ မီး၌ထည့်ခြင်း (ပါးစပ်ဖြင့် မန္တန်စုတ်၍ ပူဇော်ခြင်း)ဟူသော မုခဟောမ အတတ်၊ လက်ယာညှပ်ရိုး , ဒူး, ပုဆစ်စသည်တို့၏ သွေးဖြင့် ပူဇော်ခြင်း ဟူသော လောဟိတဟောမအတတ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုကြည့်၍ ဂါထာမန္တန်စုတ်ပြီးနောက် ထိုသူ၏ အကျိုး အပြစ်ကိုသိသော အင်္ဂဝိဇ္ဇာ အတတ်၊ အိမ်နေရာ, ဝင်းခြံနေရာ စသည်တို့၏ အကျိုးအပြစ်ကိုသိသော ဝတ္ထုဝိဇ္ဇာအတတ်၊ အဇ္ဈေယျကျမ်း, မာသုရက္ခကျမ်း, ရာဇသတ်ကျမ်းစသော လောကစီးပွားကိုသာ ပြသော ခတ္တဝိဇ္ဇာအတတ်၊ သုသာန်သချိုင်းသို့သွား၍ ဘေးဥပဒ်ကင်းငြိမ်းအောင်ပြုနည်းကိုပြသော သိဝဝိဇ္ဇာအတတ်၊ မြေအိမ်၌ နေ၍ သင်ယူအပ်သော ဘူရိဝိဇ္ဇာအတတ်၊ အဆိပ်ချနိုင်, အဆိပ်မတက်အောင် စောင့်ရှောက်နိုင်သော ဝိသဝိဇ္ဇာအတတ်၊ ကင်းမြီးကောက်ကိုက်နာကို ကုနိုင်သော ဝိစ္ဆိကဝိဇ္ဇာအတတ်၊ ကြွက်ကိုက်နာကို ကုနိုင်သော မူသိက ဝိဇ္ဇာအတတ်၊ သတ္တဝါအမျိုးမျိုးတို့၏ ပြောဆိုမြည်တွန်သံ, သွားလာဟန်တို့၏ အကောင်းအဆိုးကိုသိသော သကုဏဝိဇ္ဇာအတတ်၊ ကျီးမြည်သံကိုသိသော ဝါယသဝိဇ္ဇာအတတ်၊ ကြီးရင့်ပြီးသောအရွယ်ကို ထောက်၍ နောက်ရှည် ဦးမည့်အသက်ကို ဟောပြောနိုင်သော ပက္ကၛ္ဈာန အတတ်၊ မြားကို ကာကွယ် စောင့်ရှောက်နိုင်သော သရပရိတ္တာဏအတတ်၊ ငှက်မျိုး သားကောင်မျိုး အားလုံးတို့၏ မြည်တွန်သံကိုသိသော မိဂစက္က အတတ်၊ ဤသို့သောအတတ် မျိုးဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးဝမ်း ကျောင်းမှုကို ပြုကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြော ဆိုရာ၏။

၂။ ချီးမွမ်းပုံတစ်မျိုးကား··· အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော

http://www.dhammadownload.com



ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊

ပိုင်ဆိုင်သော ဥစ္စာရှင်မှာ ဖြစ်လာတတ်သော အကျိုး အပြစ်ကို ပြသော ပတ္တမြားလက္ခဏာကျမ်း၊ အဝတ်, တုတ်, ဓား, သံလျက်, မြား,လေးစသော လက်နက်အမျိုးမျိုး၏လက္ခဏာကျမ်း၊ အမျိုး၏တိုးပွားခြင်း, ဆုတ်ယုတ်ခြင်းကိုပြသော မိန်းမလက္ခဏာကျမ်း၊ ယောကျာ်းလက္ခဏာကျမ်း၊ သတို့သားလက္ခဏာကျမ်း၊ သတို့သမီးလက္ခဏာကျမ်း၊ ကျွန်, ကျွန်မ, ဆင်, မြင်း, ကျွဲ, နွားလား, နွားရိုးရိုးလက္ခဏာကျမ်း၊ စားသူတို့မှာ ဖြစ်လာတတ်သော အကျိုးအပြစ်ကိုပြသော ဆိတ်လက္ခဏာကျမ်း၊ သိုး, ကြက်, ငုံး, ဖွတ်လက္ခဏာကျမ်း၊ တန်ဆာအထွက်,အိမ်အထွတ်တို့၏ လက္ခဏာကျမ်း၊ ကြွင်းသမျှသော သားကောင်တို့၏ လက္ခဏာကျမ်း၊ ဤသို့သော ကျမ်းအတတ်ဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမ သည် ဤသို့သော အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၃။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်း မှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊ အဘယ်အတတ်မျိုးနည်း၊ မည်သည်နေ့ မည်သည့်နက္ခတ်ဖြင့် မင်းတို့၏ စစ်မြေပြင်သို့ထွက်ခြင်းဖြစ်လိမ့်မည်၊ မည်သည့်နေ့ မည်သည့် နက္ခတ်ဖြင့် မင်းတို့၏ ပြန်လာခြင်းဖြစ်လိမ့်မည်၊ မည်သည့်နေ့ မည်သည့် နက္ခတ်ဖြင့် ငါတို့ပြည်တွင်းက မင်းတို့၏ ပြည်ပမင်းထံ (စစ်တိုက်ရန်) ချဉ်းကပ်လိမ့်မည်၊ ပြည်ပမင်းတို့ ဆုတ်ခွာလိမ့်မည်၊ ပြည်ပမင်းတို့က ပြည်တွင်းမင်းထံ ချဉ်းကပ်လိမ့်မည်၊ ပြည်တွင်းမင်းတို့က ဆုတ်ခွာရလိမ့်မည်။

http://www.dhammadownload.com


ပြည်တွင်းမင်းတို့ နိုင်လိမ့်မည်၊ ပြည်ပမင်းတို့ရှုံးလိမ့်မည်၊ ဤသို့လျှင် "မည်သူက နိုင်၍ မည်သူက ရှုံးလိမ့်မည်" စသည်ဖြင့် ဟောပြောကာ တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်ကြဉ်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၄။ ချီးမွမ်းပုံတစ်မျိုးကား··· အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်း မှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊

လကြတ်လိမ့်မည်၊ နေကြတ်လိမ့်မည်၊ နက္ခတ်ကြတ်လိမ့်မည်၊ လ, နေတို့ လမ်းမှန်သွားလိမ့်မည်၊ လ,နေတို့လမ်းလွဲ၍ သွားလိမ့်မည်၊ နက္ခတ်တို့လမ်းမှန် သွားလိမ့်မည်၊ နက္ခတ်တို့လမ်းလွဲ၍ သွားလိမ့်မည်၊ ဥက္ကာကျလိမ့်မည်။ အရပ်မျက်နှာတို့၌ မီးလောင်သကဲ့သို့ မီးလျှံ အခိုးလျှံ ပေါ်ထွက်လိမ့်မည်၊ မြေ(ငလျင်)လှုပ်လိမ့်မည်၊ ကောင်းကင်၌ ခြိမ်းဟိန်း သံကြီး ဖြစ်လိမ့်မည်၊ လနေတို့၏ လမ်းမှန်သွားခြင်းစသည်ကြောင့် မည်သည့်ကောင်းကျိုးဖြစ်၍, လမ်းလွဲ သွားခြင်းစသည်ကြောင့် မည်သည့် ဆိုးကျိုးဖြစ်လိမ့်မည်၊ လ, နေ, နက္ခတ် တို့၏ မည်သည့်ရာသီတို့ တက်ခြင်း၊ သက်ခြင်းသည် မည်သည့်အကျိုး ရှိလိမ့်မည်၊ လ, နေ, နက္ခတ်တို့ မသန့်မရှင်းဖြစ်လိမ့်မည်၊ သန့်သန့် ရှင်းရှင်းဖြစ်လိမ့်မည်၊ ဤသို့ဟောပြောကာ တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုမှ ရှောင်ကြဉ်တော်မူပါပေသည်။ ဤသို့ သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၅။ ချီးမွမ်းပုံတစ်မျိုးကား··· အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော

http://www.dhammadownload.com


ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်း မှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊

မိုးကောင်းလိမ့်မည်၊ မိုးခေါင်လိမ့်မည်၊ သာယာဝပြောလိမ့်မည်၊ ငတ်မွတ်လိမ့်မည်၊ ဘေးကင်း လိမ့်မည်၊ လက်ချိုး၍ ရေတွက်နည်း၊ တစ်နှစ်စသော ဂဏာန်းအစဉ်အတိုင်း ရေတွက်နည်း၊ အပေါင်းအနှုတ်အမြှောက် အစားတွက်နည်း၊ ကဗျာ ဖွဲ့နည်း၊ လောကာယုတကျမ်းအတတ် ဤသို့သော အတတ်မျိုးဖြင့် ဟောပြောလျက် လမ်းမှန်မဟုတ်သော အသက်မွေး မှုကို ပြုနေကြလျက် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြော ဆိုရာ၏။

၆။ ချီးမွမ်းပုံတစ်မျိုးကား… အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်း မှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊ (အဘယ်အတတ်မျိုးနည်း၊) သတို့သမီး ဆောင်ယူခြင်း မင်္ဂလာကိုပြုပေးခြင်း၊ သတို့သမီးပေးပို့ခြင်းမင်္ဂလာကို ပြုပေးခြင်း၊ ကွဲပြီးသူတို့ကို ပြန်၍ ပေါင်းမိအောင်ပြုပေးခြင်း၊ ကွာရှင်းပေးခြင်း၊ လယ်စုယာစု ကြွေးမြီစုကို စုရုံးသိမ်းဆည်းဖို့ရာ အခါပေးခြင်း၊ အရပ်တစ်ပါး၌ ရောင်းဖို့ရာ အတိုးချဖို့ရာ အခါပေးခြင်း၊ တင့်တယ်အောင် ဘုန်းကျက်သရေတိုးအောင် ပြုပေးခြင်း၊ (ရန်သူတို့အား) မတင့်တယ်အောင် ကျယ်သရေမရှိအောင် ပြုပေးခြင်း၊ မတည်သော ကိုယ်ဝန်ကို (နောက်တစ်ကြိမ်၌) တည်အောင်ပြုပေးခြင်း၊ (ကိုယ်ဝန်တည်ဆေးပေးခြင်း)၊ မန္တန်ဖြင့် လျှာခိုင်နေအောင် (စကားမပြော နိုင်အောင်)ပြုခြင်း၊ မန္တန်ဖြင့် မေးခိုင်အောင်ပြုခြင်း၊ မိမိအား

http://www.dhammadownload.com


ပုတ်ခတ်မည့်သူကို လက်ပြန်ဖြစ်အောင် မန္တန်စုတ်ခြင်း၊ ပြောအပ်သမျှ စကားကို မကြားအောင် မန္တန်စုတ်ခြင်း၊ [ တရားရုံး၌ မိမိပြောစကားကို တရားတွေ့ဘက်တို့ မကြားအောင်လုပ်နည်း။ ] မှန်၌ နတ်ကိုသွင်းချ၍ ပြဿနာမေးခြင်း၊ သတိုးသမီးကိုယ်၌ နတ်ကိုသွင်းချ၍ ပြဿနာမေးခြင်း၊ ကျွန်မကိုယ်၌ တန်ကိုသွင်းချ၍ ပြဿနာမေးခြင်း၊ အသက်မွေးဝမ်းကျောင်း အတွက် နေကို ပူဇော်လုပ်ကျွေးခြင်း၊ [နွယ်သာကီ သို့မဟုတ် ရာသီပန်းတို့ဖြင့် ပူဇော်၍ တစ်နေ့လုံးနေဘက်မျက်နှာပြုနေခြင်းကို နေကိုလုပ်ကျွေးခြင်းဟု ခေါ်သည်။] အသက်မွေးဝမ်းကျောင်းအတွက် မဟာဗြဟ္မာကို ပူဇော်လုပ်ကျွေးခြင်း၊ မန္တန်စွမ်းဖြင့် ခံတွင်းမှ မီးလျှံကိုထုတ် ပြခြင်း၊ ကျက်သရေကို ခေါ်ခြင်း၊ [ "အိုကျက်သရေ ... လာပါလော့၊ ငါ၏ကိုယ်၌ တည်ပါလော့ဟု ဦးခေါင်းဖြင့် ကျက်သရေကိုခေါ်ယူခြင်း။] ဤသို့သော အတတ်မျိုးဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သောအတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၇။ ချီးမွမ်းပုံတစ်မျိုးကား... အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာန်ဝိဇ္ဇာဖြင့် လမ်းရိုးလမ်း မှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏၊

လိုရာဆုကို တောင်း၍ ထိုဆုပြည့်စုံသည့်အခါ မန္တန်စုတ်၍ ပူဇော်ပသပါမည်ဟု ဝန်ခံမှု(အာမခံမှု)ကိုပြုခြင်း၊ လိုရာဆု ပြည့်စုံ သည့်အခါ ဝန်ခံထားသည့်အတိုင်း ပူဇော်ပသခြင်း၊ [ဤနည်းများကို သူတစ်ပါးအတွက် ပြုလုပ်ပေး၍ အလှူအတန်း အခရခြင်းသည် ရဟန်းများအတွက် မိစ္ဆာဇီဝမည်၏] သူသေကောင်၌ ဘုတ်ဝင်အောင်ပြုမှု၊ မြေအိမ်၌ နေ၍

http://www.dhammadownload.com



သင်ယူအပ်သော မန္တန်၏ ဥပစာရခေါ် ဆိုင်ရာကိစ္စကို ပြုလုပ်မှု၊ နပုံးပဏ္ဍုက်ကို ဆေးဖြင့် ယောကျ်ားဖြစ်အောင် ပြုပေးမှု၊ ယောကျ်ားကို နပုံးပဏ္ဍုက်ဖြစ်အောင်ပြုမှု၊၊

အိမ်ရာအသစ်၌ အိမ်တည်ဆောက်မှု၊ အိမ်ရာသစ်၌ (ဘေးရန်ကင်းအောင်၊ စီးပွားတိုးအောင်) ပူဇော်ပသမှု၊ မန္တန်စုတ်လျက် ရေဖြင့် ခံတွင်းစင်ကြယ်အောင်ပြုမှု၊ သူတစ်ပါးတို့ကို ရေချိုးပေးမှု၊ သူတစ်ပါးအတွက် မီးပူဇော်ပေးမှု၊ ပျို့အန်အောင် ဆေးပေးမှု၊ ဝမ်းလျှော ဆေးပေးမှု၊ အထက်၌ သလိပ်စသော အပြစ်ဒေသတို့ကို လျှောသက်စေမှု၊ နားအတွက် ဆေးဆီချက်မှု၊ မျက်စဉ်းဆီချက်မှု၊ ဆီနှင့်ရော၍ နှာနှပ်မှု၊ မျက်လွှာ ၂ လွှာ ၃လွှာတို့ကို ပယ်ရှားနိုင်သော ငန်သော မျက်စဉ်းဖော်စပ်မှု၊ မျက်စိအေးသော မျက်စဉ်းဖော်စပ်မှု၊ မျက်စိရောဂါ တိမ်သလာကို ဆေးကုမှု၊ သူငယ်နာဆေးကုမှု၊ အရင်းမူလ ပဓာနဆေးတို့ကိုပေးမှု၊ ဤသို့သော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်၊ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

မဟာသီလခန်းပြီး၏။

---

အပြစ်နှင့် အကျိုး

အထက်ပါ ဆေးနည်းအတတ်များကို တတ်ခြင်း၊ တတ်အောင်သင်ခြင်း တို့ကြောင့်ကား အပြစ်မရှိပါ။ ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက၌ ဆေးနည်းများကို ဟောတော်မူ၍ စီဝရက္ခန္ဓက၌ ဂိလာနပြုစုသူများ၏ ဂုဏ်အင်္ဂါတွင် ''ဆေးဖော်စပ် နည်းသိရမည်'' ဟုလည်း မိန့်တော်မူပါသည်။ ထိုကဲ့သို့ ဆေးအတတ်ကို တတ်၍ ရဟန်းသံဃာတော်တို့အားလည်း ကုသိုလ်ဖြစ် ဆေးကုပေးလျှင် အကျိုးရှိ၏။ လူတို့အား ဆေးကုပေးသောအခါ လူတို့က ကျေးဇူးတင်စွာ လှူကြသော ပစ္စည်းဖြင့် အသက်မွေးနေမှုကိုသာ ''မိစ္ဆာဇီဝ'' ဟု ခေါ်၏။ အပြစ်လည်း ရှိ၏။

http://www.dhammadownload.com



## ၅။ သုညအဖြစ်ကို ပြခန်း

♦♦♦♦♦

### သဗ္ဗညုတဉာဏ်တော်အခန်း

ရဟန်းတို့၊ ပြအပ်ပြီးသော ဂုဏ်တို့မှ တစ်မျိုးတခြား ဖြစ်ကုန်, နက်နဲကုန်, မြင်ဖို့ရန် ခက်ခဲကုန်, သိဖို့ရန် မလွယ်ကုန်, ငြိမ်းအေးကုန်, မွန်မြတ်ကုန်, ကြံစည်တွေးဆခြင်းဖြင့် မသက်ဝင်နိုင်ကုန်, သိမ်မွေ့ကုန်, ပညာရှိတို့သာသိနိုင်သော ဂုဏ်တော်တို့သည် (ငါဘုရားမှာ) ရှိကုန်သေး၏။

မြတ်စွာဘုရားသည် ယင်းဂုဏ်တော်တို့ကို ကိုယ်တော်တိုင်

---

### သုညတအခန်း(သို့)သဗ္ဗညုတအခန်း

ဤအခန်း၌(၆၂)ပါးသော မိစ္ဆာအယူများကို ညွှန်ပြ၏၊ ထိုမိစ္ဆာအယူရှိသူတို့သည် ''အတ္တရှိ၏၊ မြဲ၏၊ သို့မဟုတ် ပြတ်စဲ၏''ဟု မှတ်ယူထားကြ၏၊ သူတို့မှတ်ယူသည့်အတိုင်း အတ္တမရှိ၊ မြဲလည်းမမြဲ၊ သို့မဟုတ် အဆက်မရှိသောနည်းဖြင့် ပြတ်စဲ၍လည်း မသွား၊ သူတို့မှတ်ယူထားသည့်အတိုင်း ''ဘာမျှမဟုတ်၊ ဘာမျှ မရှိ၊ သုညချည်း ဖြစ်၏''ဟုပြသောကြောင့် ဤအခန်းကို ''သုညတာ ပကာသန=သုညအဖြစ်ပြခန်း''ဟုခေါ်သည်။

ထိုကဲ့သို့ မိစ္ဆာအယူဝါဒအတိုင်း မဟုတ်နိုင်, မရှိနိုင်ဘဲ သုညချည်း ဖြစ်နေကြောင်းကိုလည်း သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိရသောကြောင့် မိစ္ဆာအယူဝါဒတို့၏ သုညဖြစ်ပုံကို ပြလိုက်လျှင် သဗ္ဗညုတဉာဏ်တော်ကိုပြပြီးဖြစ်ရကား ဤအခန်းကို သဗ္ဗညုတဉာဏ်တော်ပြသောအခန်းဟုလည်း ခေါ်သင့်သည်၊ သဗ္ဗ-သိစရာအားလုံးကို+ညုတာ= သိနိုင်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဉာဏ်။

ထို့ကြောင့် ဤအခန်း၌(၆၂)ပါးသော မိစ္ဆာအယူတို့အပြင် သဗ္ဗညုတဉာဏ်တော်၏အစွမ်းကိုလည်း သိရှိ ကြည်ညိုကြရပေမည်။

http://www.dhammadownload.com


(ဆရာမရှိဘဲ) ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့် မျက်မှောက်ပြု၍ သစ္စာလေးပါးစသော တရားတို့ကို (သတ္တဝါတို့အား) သိစေတော်မူနိုင်, ငါ ဘုရားဟု ဝန်ခံတော်မူနိုင်ပေသည်။

မြတ်စွာဘုရား၏ဂုဏ်တို့ကို ပြောလိုသူတို့သည် ယင်းသဗ္ဗညုတဉာဏ် တော်ဂုဏ်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောပြရာရောက်ပေမည်။

ထိုသဗ္ဗညုတဉာဏ်တော် ဂုဏ်တော်တို့ဟူသည် အဘယ်နည်း၊ [မိစ္ဆာအယူများကို ရှင်းလင်းပြခြင်းဖြင့် ဤအမေးကို ဖြေပြီးဖြစ်လိမ့်မည်]

---

သဗ္ဗညုတဉာဏ်တော်ဟူသည်

**အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ၊ ဂမ္ဘီရာ,ဒုဒ္ဒသာ,ဒုရနုဗောဓာ,သန္တာ, ပဏီတာ,အတက္ကာဝစရာ,နိပုဏာ,ပဏ္ဍိတဝေဒနီယာ။**

မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်၌ ဂမ္ဘီရ-နက်နဲခြင်း၊ ဒုဒ္ဒသ-မြင်နိုင်ခဲ ခြင်း၊ ဒုရနုဗောဓ-သိဖို့ရန်မလွယ်ခြင်း၊ သန္တ-ငြိမ်းအေးခြင်း၊ ပဏီတ-မွန်မြတ်ခြင်း၊ အတက္ကာဝစရ-ကြံစည်တွေးဆမရနိုင်ခြင်း၊ နိပုဏ-သိမ်မွေ့ခြင်း၊ ပဏ္ဍိတဝေဒနိယ-အရှင်သာရိပုတ္တရာစသော ပညာရှိတို့သာသိနိုင်ခြင်းဟူသော ဂုဏ်တော်များ ရှိ၏။

မြတ်ဗုဒ္ဓ၏ သူ့အသက်မသတ်ခြင်းစသော သီလဂုဏ်တော်များကား သဗ္ဗညုတဂုဏ်တော်ကို ထောက်လျှင် အောက်ကျသေးငယ်လှ၏။ ထို့ကြောင့် ဘုရားရှင်၏ဂုဏ်တော်ကို အမှန်အတိုင်းပြောဆိုလိုလျှင် သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်၊ဝိမုတ္တိဂုဏ်၊ဝိမုတ္တိဉာဏဒဿနဂုဏ်တို့အပြင် သဗ္ဗညုတဂုဏ်တော်ကိုပါ ထည့်သွင်းပြောဆိုနိုင်မှ ပြီးပြည့်စုံနိုင်ပေ၏။

သဗ္ဗညုတဂုဏ်တော်ဟူသည် သဗ္ဗ-တရားအားလုံးကို။ ညုတ-သိတော်မူ၊ မြင်တော်မူနိုင်သောဉာဏ်တော်။ ဤနေရာ၌ လောက၌ မည်သူတစ်စုံတစ်ယောက်မျှ ဖွင့်ဟ ထုတ်ဖော်ဟောတော်မူခြင်းငှါ မစွမ်းနိုင်သော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိများကို ထုတ်ဖော် ဟောတော်မူနိုင်ခြင်းသည်ပင် သဗ္ဗညုတဉာဏ်တော်အစွမ်းတစ်မျိုးဟု သိမှတ်နားလည် ပူဇော်ရမည် ဖြစ်ပေသည်။

http://www.dhammadownload.com


## (၆၂)ပါးသော မိစ္ဆာအယူများ

♦♦♦♦♦

### ပုဗ္ဗန္တကပ္ပိက ဝါဒ(၁၈)မျိုး

ရဟန်းတို့၊ရှေးအတိတ်က အကြောင်းအရာစုကို ကြံစည်တတ်ကြကုန်၊ ရှေးအတိတ်ကအကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော သမဏဗြာဟ္မဏတချို့ ရှိကုန်၏။ သူတို့သည် ရှေးအကြောင်းအရာစုကို အာရုံပြု၍ (စိတ်ဖြင့်စဉ်းစား၍) အမျိုးမျိုးသော မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကားတို့ကို အကြောင်းပြ(၁၈)မျိုးတို့ဖြင့် "ငါတို့အယူသာ အမှန်၊ အခြားအယူတွေ အမှား"ဟု စွဲမြဲစွာပြောဆိုကြလေသည်။ "သူတို့သည် ဘယ်အချက်ကို စွဲ၍ ပြောဆိုကြသနည်း"ဟု မေးဖွယ်ရှိ၏။

### သဿတဝါဒ(၄)မျိုး

ရဟန်းတို့၊ သဿတအယူရှိသော သမဏဗြာဟ္မဏတချို့ ရှိကြ၏။ <u>သူတို့သည် အကြောင်းပြ(၄)မျိုးတို့ဖြင့် 'အတ္တကိုလည်းကောင်း, လောကကို</u>

#### ပုဗ္ဗန္တကပ္ပိကဟူသည်

ပုဗ္ဗ+အန္တ-ရှေးအတိတ်ကဖြစ်ခဲ့သော+တရားစု။ ကပ္ပိက-ကြံစည်စဉ်းစားသူတို့၏။ ဝါဒ-အပြောအဆိုအယူအဆ။ ရှေးအတိတ်က အကြောင်းအရာစုကို ကြံစည်စဉ်းစား၍ အယူများကို လက်ခံယူဆခြင်းကို 'ပုဗ္ဗန္တကပ္ပိကဝါဒ'ဟု ခေါ်၏။

#### သဿတဟူသည်

ဧကေ သမဏဗြာဟ္မဏာ၊ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညာပေန္တိ။
မိမိသန္တာန်၌လည်းကောင်း၊ ကမ္ဘာလောကသား သတ္တဝါများတို့၏သန္တာန်၌လည်းကောင်း 'အတ္တ'ရှိ၏။

ထိုအတ္တသည် ဘယ်အခါမှ မပျက်စီးဘဲ အမြဲတည်ရှိနေသည်ဟု အယူများသောဝါဒကို 'သဿတဝါဒ'ဟု ခေါ်၏။

http://www.dhammadownload.com


လည်းကောင်း မြဲ၏’ဟု ပညတ်ကြ(ပြောဆိုကြ)လေသည်။ ‘‘သူတို့လည်း ဘယ်အချက်ကို စွဲ၍ ပြောဆိုပညတ်ကုန်သနည်း’’ဟု မေးဖွယ်ရှိ၏။

### (၁)ဘဝသိန်းပေါင်းများစွာကို ပြန်သိ၍ မိစ္ဆာအယူဖြစ်ပုံ

ရဟန်းတို့၊ ဤလောက၌ တချို့သော သမဏ၊ဗြာဟ္မဏသည် ကိလေသာတို့ကို နှိပ်စက်တတ်သော ဝီရိယ, လွန်စွာကြိုးစားသော ဝီရိယ,

---

ဝီရိယ(၃)မျိုး

၁။အာတပ္ပဝီရိယ-ကိလေသာတို့ကို နှိပ်စက်တတ်သော ဝီရိယ၊

၂။ပဓာနဝီရိယ-လွန်စွာကြိုးစားသော ဝီရိယ၊

၃။အနုယောဂဝီရိယ- အကြိမ်ကြိမ် အထပ်ထပ်ကြိုးစားသော ဝီရိယ၊

ထိုသုံးမျိုးတွင် ပဌမဝီရိယဖြင့် မိမိသန္တာန်၌ ကိလေသာအနှောက်အယှက် မရှိအောင် ကြိုးစားမှုကြောင့် ဈာန်၏အနီး ဥပစာရသမာဓိသို့ ရောက်ရှိ၏။

ဒုတိယဝီရိယဖြင့် ဆက်လက်ကြိုးစားပြန်ရာ ပဌမဈာန်မှ စတုတ္ထဈာန် သမာဓိ အထိ ရောက်၏။

တတိယဝီရိယဖြင့် ကြိုးစားပြန်ရာ ပုဗ္ဗေနိဝါသာနုဿတိ’ခေါ် ရှေးဖြစ် ဟောင်းများကို အောက်မေ့နိုင်သော အဘိညာဏ်အထိ ရရှိလေ၏။

ထိုဝီရိယသုံးမျိုးဖြင့် ကြိုးစားရာဝယ် ကမ္မဋ္ဌာန်းအာရုံပျောက်ပျက်မသွားရ အောင် အမြဲစိတ်စိုက်ထားသော သတိလည်း ရှိရ၏။ ကမ္မဋ္ဌာန်းလမ်းမလွဲရအောင် ဉာဏ်လည်း ပါရ၏။ ထိုသို့ အလွန်ကြီးမားသော သတိ၊ဝီရိယ၊သမာဓိ၊ပညာတို့ကို အခြေခံလျက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိလေသည်။

ထို့ကြောင့် ယခုဟောပြသော မိစ္ဆာအယူကို ယူမှားမိသူသည် သာမညပုဂ္ဂိုလ် မဟုတ်။ ပုဗ္ဗဘာဂမဂ်ဟုခေါ်သော အင်္ဂါ(၅)ပါး ပွားများထားသည် သမဏ၊ဗြာဟ္မဏ ဖြစ်၏။ သို့သော် လမ်းမှန်ကို ဟောညွှန်ပြမည့်မြတ်ဗုဒ္ဓကို မတွေ့ရသဖြင့် မိစ္ဆာအယူမှား ရရှာသူ ဖြစ်သည်မှာ သတိပြုစရာကောင်းပေစွ။

http://www.dhammadownload.com


အထပ်ထပ်ကြိုးစားသော ဝီရိယ- ဤဝီရိယသုံးမျိုးကိုလည်းကောင်း, မမေ့မလျော့သော သတိကိုလည်းကောင်း, လမ်းဖြောင့် လမ်းမှန် ကမ္မဋ္ဌာန်းနှလုံးသွင်းသော ဉာဏ်ကိုလည်းကောင်း စွဲမှီ၍ များပြားစွာသော ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော စိတ်တည်ကြည်မှု သမာဓိရ၏၊

"ဘယ့်လောက် များပြားစွာသော ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သနည်း"ဟုဆိုလျှင် လွန်ခဲ့ပြီးစ တစ်ဘဝ၌ ဖြစ်ခဲ့သမျှ ကိုလည်း အောက်မေ့နိုင်၏။ ၂ ဘဝ ၃ ဘဝမှစ၍ ဘဝသိန်းပေါင်းများစွာတို့၌ ဖြစ်ခဲ့တွေ့ကြုံခဲ့သမျှတို့ကိုလည်း အောက်မေ့နိုင်၏။ [ပြန်၍ မှတ်မိသည်ကို "အောက်မေ့" ဟုခေါ်သည်။]

အောက်မေ့နိုင်ပုံကား... မည်သည့်ဘဝ၌ ငါ့နာမည်ကို ဘယ်လိုခေါ်၏။ ငါ့အနွယ်ကား မည်သည့်အနွယ်တည်း၊ ငါ့အဆင်းသည် မည်သည့်အဆင်းတည်း၊ မည်သည့်အစာကို ငါစားခဲ့ရ၏။ ဘယ်ပုံချမ်းသာခဲ့ ဆင်းရဲခဲ့သည်၊ မည်မျှအသက်ရှည်ခဲ့သည်၊ ထိုဘဝမှ စုတေပြီးနောက် မည်သည့်ဘဝမှာ ဖြစ်ရသည်၊ ဤသို့ တစ်ဘဝမှ တစ်ဘဝသို့ ဆက်ကာဆက်ကာ ဖြစ်ခဲ့လေရာ နောက်ဆုံးဘဝမှ စုတေပြီးနောက် ဤလူ့ဘဝ၌ ဖြစ်လာရသည်၊ ဤသို့လျှင် အမည်၊အနွယ်၊အဆင်း၊အစာ၊ ချမ်းသာ၊ဆင်းရဲ အသက်အပိုင်း

---

မိမိလည်းမှား သူတစ်ပါးတို့အားလည်း မှားစေပုံ

သဿတော အတ္တာစ လောကောစ၊ ဝဉ္ဈော၊ ကူဋဋ္ဌော၊ ဧသိကဋ္ဌာယိဋ္ဌိတော တေသတ္တာ သန္ဓာဝန္တိ၊ စဝန္တိ၊ ဥပပဇ္ဇန္တိ၊ အတ္ထိတွေဝ သဿတိသမံ။

အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏၊ အမြဲမနှင့်တူ၏။ တောင်၏အထွတ်ကဲ့သို့ တည်တံ့၏၊ ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ တည်တံ့၏၊ ထိုသတ္တဝါတို့သည်ကား တစ်ဘဝမှ တစ်ဘဝသို့ ကျင်လည်ကြရ, စုတေကြရ, ပဋိသန္ဓေ နေကြရသည်၊ မြေကြီး မြင်းမိုရ်တောင် လ,နေတို့နှင့်တူစွာ အခါခပ်သိမ်း ထင်ရှားရှိသောအတ္တကား အမှန်ရှိသည်သာတည်း။

http://www.dhammadownload.com


အခြားနှင့်တကွ ဘဝသိန်းပေါင်းများစွာ၌ ဖြစ်ခဲ့သမျှ အကြောင်းအရာကို အောက်မေ့နိုင်လေသည်။

ထိုသို့ အောက်မေ့နိုင်သော သမဏဗြာဟ္မဏသည် (သူတစ်ပါးအား) ပြောပြသည်မှာ "အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏၊ အမြဲမနှင့်တူ၏။ တောင်၏အထွတ်ကဲ့သို့ တည်တံ့၏၊ ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ တည်တံ့၏၊ ထိုသတ္တဝါတို့သည်ကား တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်ကြရ၊ စုတေကြရ၊ ပဋိသန္ဓေနေကြရသည်၊ မြေကြီး မြင်းမိုရ်တောင် လ,နေတို့နှင့်တူစွာ အခါခပ်သိမ်း ထင်ရှားရှိသောအတ္တကား အမှန်ရှိပေသည်သာ။"

---

ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရာဝယ် ခန္ဓာအိမ်သာ တစ်မျိုးပြီး တစ်မျိုးပြောင်းသွား၏။ အတ္တ(ငါ)ကား မပြောင်းလဲ။ ခန္ဓာအိမ်ထဲ၌ (ဝိညာဉ်အနေဖြင့်) အမြဲတည်ရှိနေ၏ဟု မိမိလည်း အယူမှား၊ သူတစ်ပါးတို့အားလည်း အယူမှားစေ၏။

**ကေ သမဏဗြာဟ္မဏာ၊ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညာပေန္တိ။**

မိမိသန္တာန်၌လည်းကောင်း၊ ကမ္ဘာလောကသား သတ္တဝါများတို့၏သန္တာန်၌ လည်းကောင်း 'အတ္တ'(ခေါ် ဝိညာဉ်ကောင်၊ငါကောင်သည်) ရှိ၏။ ထိုအတ္တသည် ဘယ်အခါမှ မပျက်စီးဘဲ အမြဲတည်ရှိနေသည်ဟု ပြောဆိုပညတ်ကြသည်။

## အတ္တဒိဋ္ဌိခေါ်သော သက္ကာယဒိဋ္ဌိ ဖြစ်ပုံ

သတ္တဝါတို့သန္တာန်၌ ခန္ဓာငါးပါး ထင်ရှားရှိသော်လည်း ခန္ဓာငါးပါးကို မသိနိုင်သောကြောင့် ခန္ဓာတစ်ပါးပါးကို အတ္တ(ငါ၊အသက်၊ဝိညာဉ်)ဟု စွဲလမ်း၏။ လောကဟုလည်း မှတ်ထင်၏။ စွဲလမ်းပုံမှာ-

၁။ရူပံ အတ္တတော-ရုပ်ခန္ဓာကိုယ်ကို ငါ(အတ္တ)ဟု စွဲလမ်း၏။ ၂။**အတ္တာနံဝါ** ရူပံ-ငါ(အတ္တ)ကိုလည်း ရုပ်ဟု စွဲလမ်း၏။ ၃။**ရူပသ္မိံဝါ အတ္တာနံ**-ရုပ်ထဲမှာ ငါ(အတ္တ)ရှိ၏ဟု စွဲလမ်း၏။ ၄။**အတ္တနိဝါ** ရူပံ-ငါ(အတ္တ)ထဲမှာ ရုပ်တွေရှိ၏ဟု စွဲလမ်း၏။ (သန္တော ကာယော-သက္ကာယော။ သက္ကာယေ ဒိဋ္ဌိ=သက္ကာယဒိဋ္ဌိ)-

http://www.dhammadownload.com


"ဘာ့ကြောင့် ဤသို့ပြောနိုင်သနည်း"ဆိုလျှင် ငါသည် ဝီရိယ သတိနှင့် ဉာဏ်ကိုစွဲမှီ၍ ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော သမာဓိကို ရ၏၊ (ဤသို့ စသည်ဖြင့် သူအောက်မေ့နိုင်ပုံတွေကို စုံလင်စွာ ပြောပြသည်၊) ဤသို့ ငါကိုယ်တိုင် ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင် သောကြောင့် "အတ္တ၊ လောကသည် မြဲ၏"ဟု ငါ သိရပေသည်၊ ဤသို့ သူတစ်ပါးအား ပြောပြလေသည်။ သဿတဝါဒဖြစ်ပေါ်လာဖို့ရန် အကြောင်းလေးမျိုးရှိရာဝယ် ဤသို့ ဘဝသိန်းပေါင်းများစွာကို ပြန်၍ အောက်မေ့နိုင်ခြင်းသည် ပဌမ အကြောင်း တစ်မျိုးပေတည်း။

## (၂) ဆယ်ကမ္ဘာအထိ ပြန်သိ၍ မိစ္ဆာအယူဖြစ်ပုံ

(ဒုတိယအကြောင်း၌ တစ်ဘဝ၊ နှစ်ဘဝမှစ၍ ဘဝကုဋေများ စွာကို ကမ္ဘာဖွဲ့ပြီးလျှင် ထိုကမ္ဘာပေါင်း ဆယ်ကမ္ဘာအထိ ပြန်၍ အောက် မေ့နိုင်ခြင်းသာ ပဌမအယူဝါဒမှ ထူးခြားသည်။)

---

### အတ္တ တည်မြဲနေပုံများ

မြဲသောမိန်းမသည် တခြားကိုယ်တစ်မျိုးကို မဖြစ်စေနိုင်သကဲ့သို့ ထိုအတ္တ သည် အခြားအတ္တတစ်မျိုးကို မဖြစ်စေနိုင်တော့။ တောင်ထွတ်သည် ခိုင်မြဲစွာ တည်ရှိနေသကဲ့သို့ ထိုအတ္တသည်လည်း သန္တာန်အစဉ်၌ ခိုင်မြဲဖြစ်တည်နေတော့၏။ ခိုင်မြဲစွာ စိုက်ထားသောတံခါးတိုင်သည် လေမုန်တိုင်းစသည်တို့ကြောင့် မတုန်လှုပ် သကဲ့သို့ ထိုအတ္တသည် တစ်စုံတရာ ဆန့်ကျင်ဘက်တို့ကြောင့် ပြောင်းလဲသွားခြင်း မရှိ။ သတ်ချင်းတိုင်းလည်း သတ်သော်လည်း အတ္တသည်မပျက်စီးနိုင်။ မသေနိုင်။

### အတ္တ ပြောင်းလဲမသွားပုံများ

သတ္တတို့သည် ခန္ဓာအိမ် အပြောင်းအလဲကို ကြည့်၍ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းကျင်လည်ကြရ၏။ စုတေ(သေ)ကြရ၏။ ပဋိသန္ဓေနေကြရ၏။ လူအမျိုးမျိုး ပြောင်းလဲနေထိုင်သွားကြသော်လည်း မြေကြီးစသည်တို့သည် မပြောင်းလဲဘဲ အထင် အရှားဖြစ်တည်ရှိနေသကဲ့သို့ပ ထိုအတ္တ(အသက်၊ဝိညာဉ်)သည်လည်း မပျက်ပြားဘဲ အနှစ်အမြဲတကဲ့သို့တည်ရှိနေသည်။ သေလည်းမသေ။အသစ်လည်း မဖြစ်တော့ပေ။

## (၃) ကမ္ဘာ-၄၀-အထိ ပြန်သိ၍ မိစ္ဆာအယူဖြစ်ပုံ

(တတိယအကြောင်း၌ တစ်ကမ္ဘာ၊နှစ်ကမ္ဘာမှစ၍ ကမ္ဘာ-၄၀ အထိ ပြန်၍ အောက်မေ့နိုင်ခြင်းသာ ထူးတော့သည်။)

## (၄) တက္ကီပုဂ္ဂိုလ်

စတုတ္ထအကြောင်း၌ အရှင်ကောင်း အရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏတို့သည် အဘယ်အချက်ကိုစွဲ၍ သဿတဝါဒရှိကြကုန် လျက် အတ္တကိုလည်းကောင်း, လောကကို လည်းကောင်းမြဲ၏ဟု ပညတ်ကြ ကုန်သနည်းဟု မေးဖွယ်ရှိ၏။ ရဟန်းတို့၊ ဤလောက၌ အချို့သော သမဏ,

---

### သဿတဒိဋ္ဌိ(၄)မျိုး ဖြစ်ပုံများ

(၁)ဘဝသိန်းပေါင်းများစွာကို ပြန်သိ၍၊ (၂)ဘဝ(၁၀)ကမ္ဘာထိအောင် ပြန်သိ၍၊ (၃)ဘဝကမ္ဘာ(၄၀)ထိအောင်ပြန်သိ၍ သဿတဒိဋ္ဌိအယူများ ဖြစ်ကြရာ၌ ခန္ဓာအိမ်တစ်မျိုးပြီး တစ်မျိုးပြောင်းသွားသော်လည်း သူတို့၏အတွင်းသန္တာန်မှာ အတ္တ ခေါ် အသက်လိပ်ပြာ(ဝိညာဉ်)ကောင်ကား ဘဝပေါင်းများစွာလုံးတွင် ငါတစ်ယောက် တည်းသာ ဖြစ်နေပေ၏။

ထို့ကြောင့် ငါဟူသောအတ္တ၊ ငါဟူသောလောကသည် ''မပျက်မစဲ၊ မြဲ၏''ဟု မှားသောအယူအဆ 'သဿတဒိဋ္ဌိ' ဖြစ်မိကြရာတော့သည်။ မြတ်ဗုဒ္ဓ လက်ထက်တော်အခါက မြတ်ဗုဒ္ဓ၏အနီးမှာ တရားနာနေရှာသော အရှသာတိရဟန်း သည်လည်း ဝေဿန္တရာဇာတ်တော်ကြီးကို ဘုရားထံမှ နားကြားပြီးရချိန်ဝယ် ''သြော်.. ဝေဿန္တရာဘဝက အလောင်းတော်မြတ်ဟာ အခုဘုရားဖြစ်လာခဲ့တာပဲ၊ ခန္ဓာအိမ်သာပြောင်းပြီး ဝိညာဉ်က မပြောင်းဘဲ၊ တည်မြဲနေသည်ပဲ''ဟု ထိုသို့ သော သဿတဒိဋ္ဌိကြီး ဖြစ်ခဲ့ဖူးသေး၏။

ထိုသို့ ယူမှားနေမိသော အတ္တဟူသည်ကား ခန္ဓာငါးပါးထဲက ဝိညာဏ် သော်လည်းဖြစ်ရာ၏။ ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရတစ်ပါးပါးသော်လည်း ဖြစ်တန် ရာ၏။ အမှန်မှာတော့ ခန္ဓာကို မသိခြင်းကြောင့် ဒိဋ္ဌိဖြစ်ကြရခြင်းပင်တည်း။

http://www.dhammadownload.com


ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစားနှိုင်းချိန်လေ့ရှိ၏၊ သူသည် ကြံစည်အပ်, စဉ်းစားနှိုင်းချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ပြောပြ၏၊ (ပြောပြပုံကား) "အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏၊ အမြဲမှန်နှင့်တူ၏၊ တောင်ထွက်ကဲ့သို့ တည်တံ့၏၊ ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ တည်တံ့၏၊ ထိုသတ္တဝါတို့ သည်ကား တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်ကြရ, စုတေကြရ, ပဋိသန္ဓေနေကြရသည်၊ မြေကြီး မြင်းမိုရ်တောင် လ,နေတို့နှင့် တူစွာ အခါခပ်သိမ်း ထင်ရှားရှိသော အတ္တကား အမှန်ရှိပေသည်"၊ ဤသို့ပြောပြလေသည်။

ရဟန်းတို့၊ ဤသို့ ကြံစည်နှိုင်းချိန်ခြင်းသည် သဿတအယူဝါဒ

---

ဉာဏ်(၃)မျိုးကွဲပြားခြင်းကြောင့် ဒိဋ္ဌိ(၃)မျိုး ခွဲဟောပုံ

တေ တတ္ထ ဌတ္វာ ဗွ္ဝေကမေဝ၊ ဣတော ပရံ နတ္ထီတိ ဒိဋ္ဌိံ ဂဏှန္တိ။

၁။သာသနာပကာလ၌ ဉာဏ်အထက်ဆုံးပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ကို ရ၍၊ ဘဝကမ္ဘာ(၄၀)ထိအောင် ပြန်၍ သိနိုင်၏။ ကမ္ဘာ(၄၀)အလွန်ဟိုဘက်ဘဝများကို မသိနိုင်သောကြောင့် 'ငါသည် ကမ္ဘာ(၄၀)လောက်က စ၍ဖြစ်ခဲ့၏။ ထိုသို့ဖြစ်ရာ၌လည်း ဘာအကြောင်းမျှမရှိ၊ အကြောင်းမဲ့သက်သက် ဖြစ်ခဲ့ရသည်'ဟု "အဓိစ္စသမုပ္ပန္န"ခေါ် မိစ္ဆာဒိဋ္ဌိတစ်မျိုး ဖြစ်သေး၏။

ထိုကမ္ဘာ(၄၀)လောက်မှ စ၍ဖြစ်ခဲ့သော ငါ(ငါ၏အတ္တ)သည် ယခုလည်း ငါပင်တည်းဟု 'မပျက်မစဲ မြဲ၏'ဟုယူမှားသော "သဿတဒိဋ္ဌိ" ဖြစ်ပါသည်။

၂။ဉာဏ်အလတ်စားပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ကို ရ၍၊ ဘဝကမ္ဘာ(၁၀)ထိအောင် ပြန်သိနိုင်၍ ထိုနည်းအတိုင်း သဿတဒိဋ္ဌိဖြစ်၏။

၃။ဉာဏ်အနုံ့စားပုဂ္ဂိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ကို ရ၍၊ ဘဝသိန်းပေါင်းများစွာ ပြန်သိနိုင်၍ ထိုနည်းအတိုင်း သဿတဒိဋ္ဌိဖြစ်၏။

ထို့ကြောင့် သာသနာပ၌ သတိ၊ပညာ၊ဝီရိယ၊သမာဓိတို့ဖြင့် ကြိုးစားအားထုတ်၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အထိရရှိသော သမဏ၊ဗြာဟ္မဏတို့သည် ဉာဏ်(၃)မျိုး ကွဲပြားသဖြင့် သဿတဒိဋ္ဌိကို (၃)မျိုးခွဲ၍ ဟောကြားတော်မူသည်။

http://www.dhammadownload.com


ဖြစ်ဖို့ရန် အကြောင်းတစ်မျိုးပင်တည်း။ ရဟန်းတို့... သဿတအယူဝါဒ ရှိသူတို့သည် ဤပြဆိုခဲ့သော အကြောင်းလေးမျိုးဖြင့် အတ္တကိုလည်းကောင်း, လောကကိုလည်းကောင်း မြဲ၏ဟု ပညတ်ကြလေသည်။ ရဟန်းတို့ ... သဿတအယူဝါဒရှိကြသော သမဏဗြာဟ္မဏ ဟူသမျှတို့သည် ဤလေးမျိုး လုံးသော အကြောင်းတို့ဖြင့် ဖြစ်စေ, တစ်မျိုး, နှစ်မျိုး, သုံးမျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ သဿတအယူဝါဒကို ပညတ် ထားကြလေသည်၊ ထိုအကြောင်းလေးမျိုးအပြင် (တဿတဝါဒ ဖြစ်ပေါ်လာဖို့ရန်) အကြောင်း

---

## ၄။ တက္ကီ-တွေးခေါ်ကြံဆသူတို့ သဿတဒိဋ္ဌိဖြစ်ပုံ

၄။တက္ကော အဿ အတ္ထီတိ တက္ကီ- ကိစ္စတစ်စုံတစ်ရာကို တွေးခေါ်ကြံဆ လေ့ရှိသူတို့ကို "တက္ကီ"ပုဂ္ဂိုလ်ဟု ခေါ်၏။

တက္ကီပုဂ္ဂိုလ်သည် ရှေးပုဂ္ဂိုလ်(၃)မျိုးကဲ့သို့ ဈာန်စွမ်းစီးဖြန်းပြီး အဘိညာဏ် ရ၍ သဿတဒိဋ္ဌိ ဖြစ်ရသူမဟုတ်။ ကိစ္စတစ်စုံတရာကြုံလာတိုင်း ကြံစည်တွေးခေါ်ပြီး ဆုံးဖြတ်မှုကြောင့် သဿတိဒိဋ္ဌိ ဖြစ်ရသူတည်း။ ထိုတက္ကီပုဂ္ဂိုလ်သည်(၄)မျိုးရှိ၏။

1 ၊ဓာတ်နိပါတ်တော်များကို နာယူ၊လေ့လာဖတ်ရှု၍ 'ရှေးအတိတ်တုန်းက ဝေဿန္တရာမင်းသည် ယခုဘုရားဖြစ်လာ၏'စသောစကားတို့ကို ကောက်ချက်ချ၍ ဝေဿန္တာမင်း၏ခန္ဓာကိုယ် ပျက်စီးခဲ့သော်လည်း အတ္တကား မပျက်စီးဘဲ ဘုရားဖြစ် လာ၏ဟု ကြံစည်ဆလျက် သာတိရဟန်းကဲ့သို့ 'အတ္တသည် မြဲ၏'ဟု ယူဆသူ။

၂။ကံအားလျော်စွာ ယခင် နှစ်ဘဝ၊သုံးဘဝလောက်ကို ပြန်သိနိုင်၍ ယခုခေတ်လူဝင်စားများကဲ့သို့ 'အတ္တသည် မြဲ၏'ဟု ယူဆသူ။

၃။ယခုဘဝ သုခ၊ဒုက္ခကို ခံစားရခြင်းကို ကောက်ချက်ချ၍ ရှေးတုန်းက လည်းဒီလိုပဲ ခံစားရ၍၊ နောင်လည်း ဒီလိုပဲခံစားရဦးမှာပဲဟု ပစ္စုပ္ပန်ခံစားရမှုကို ကြံဆလျက် 'အတ္တသည် မြဲ၏'ဟု ယူဆသူ။

၄။အတ္တသည် မြဲသောကြောင့်သာ ကိုယ်ပြုသောကံ၏အကျိုးကို ကိုယ်တိုင် ပြန်ခံစားရသည်။ မမြဲလျှင် ကံပြုသူကတခြား၊ ခံစားသူကတခြားဖြစ်မှာပဲဟု ကံပြုသူပင်၊ ခံစားရခြင်းကို ကြံဆလျက် 'အတ္တသည် မြဲ၏'ဟု ယူဆသူ။

http://www.dhammadownload.com


တစ်မျိုး မရှိတော့ချေ။

## သဗ္ဗညုတဉာဏ်တော်

ရဟန်းတို့၊ မြတ်စွာဘုရားသည် ထိုလေးမျိုးသော မိစ္ဆာအယူကို အမျိုးမျိုးအစားစားသိတော်မူ၏၊ (သိပုံကား) ဤမိစ္ဆာအယူတို့သည် 'အတ္တ၊ လောကသည် မြဲ၏' ဟု ဤသို့ယူထားလျှင် ဤသို့အဖန်ဖန် သုံးသပ်ထားလျှင် (ငရဲ တိရစ္ဆာန် ပြိတ္တာဂတိ တို့တွင်) ဤမည်သော ဂတိသို့ ရောက်ကြရလိမ့်မည်၊ ဤမည်သော တမလွန်ဘဝရှိကြလိမ့်မည်'' ဟု သိတော်မူသည်။

မြတ်စွာဘုရားသည် အကြောင်းနှင့်တကွ၊ လားရာဂတိနှင့်တကွသော ထိုမိစ္ဆာအယူကိုလည်း သိတော်မူ၏၊ ထို့ထက် အလွန်ဖြစ်သော သီလ သမာဓိ သဗ္ဗညုတဉာဏ်ပညာကိုလည်း သိတော်မူ၏၊

ထိုသီလသမာဓိ၊သဗ္ဗညုတဉာဏ်ပညာ တရားထူးကို သိပါသော်လည်း (ထိုအသိကိုပင်) တဏှာ မာန ဒိဋ္ဌိအားဖြင့် အမှားသုံးသပ်တော်မမူ၊ ထိုသို့ အမှားသုံးသပ်တော် မမူခြင်းကြောင့်လည်း ထိုအမှားသုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိ ကိလေသာတို့၏ (ကိုယ်တော်သန္တာန်၌) ငြိမ်းအေးမှု

---

### သဗ္ဗညုတဉာဏ်အစွမ်းဖြင့် သိတော်မူပုံ

(၁) မြတ်ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်အစွမ်းကြောင့် သိမြင်တော်မူ၍ သဿတဒိဋ္ဌိ ဖြစ်ပေါ်လာကြောင်း(၄)မျိုး၊ တက္ကီပုဂ္ဂိုလ်(၄)မျိုးတို့ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

ထိုသဿတမိစ္ဆာအယူ(၄)မျိုးတို့ကို မစွန့်ဘဲ သေလျှင် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ ဟူသော အပါယ်ဂတိသို့ ရောက်ရမည်ဟု လားရာကိုလည်း သိတော်မူ၏။

ထိုမိစ္ဆာအယူ(၄)မျိုးကို လောဘဖြင့် စွဲယူပြီးသေလျှင် ပြိတ္တာဖြစ်၍၊ ဒေါသဖြင့် စွဲယူပြီးသေလျှင် ငရဲကျ၍၊ မောဟဖြင့် စွဲယူပြီးသေလျှင် တိရစ္ဆာန်ဖြစ်မည်ဟု ဆက်စပ်မှုအကြောင်းနှင့်တကွ လားရာကိုလည်း သိတော်မူ၏။

http://www.dhammadownload.com



နိဗ္ဗာန်ကို ကိုယ်တော်တိုင်ပင် သိရပေသည်။

**ဝေဒနာကမ္မဋ္ဌာန်း**

ရဟန်းတို့၊ မြတ်စွာဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်း, ဖြစ်ခြင်းကိုလည်းကောင်း၊ ချုပ်ကြောင်း, ချုပ်ခြင်းကိုလည်းကောင်း၊ သာယာအပ်သောအရသာကိုလည်းကောင်း, အပြစ်ကိုလည်းကောင်း, လွတ်မြောက်ခြင်းကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိတော်မူ၍ တဏှာ၊ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ (ကိလေသာတို့မှ) လွတ်တော်မူပြီ။

**နိဂုံး**

ရဟန်းတို့၊ နက်နဲကုန်, မြင်ဖို့ရန် ခဲယဉ်းကုန်, သိဖို့ရန်မလွယ်ကုန်, ငြိမ်းအေးကုန်, မွန်မြတ်ကုန်, ကြံစည်တွေးဆခြင်းဖြင့် မသက်ဝင်နိုင်ကုန်, သိမ်မွေ့ကုန်, ပညာရှိတို့သာ သိနိုင်ကုန်သော ထိုဂုဏ်တို့ဟူသည် ဤပြခဲ့

---

**သိတော်မူခြင်းကြောင့် သုံးသပ်တော်မမူပုံ**

မိစ္ဆာ အယူဖြစ်ဖို့ရန် အကြောင်းလေးမျိုးကို သိနိုင်ခြင်း, မိစ္ဆာအယူရှိသူတို့၏ လားရာဂတိကို သိနိုင်ခြင်း, ထို့ထက်အလွန် သီလ သမာဓိ ပညာတို့ကို သိတော်မူနိုင်ခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းများတည်း။

ထိုအသိဉာဏ်တော်မြတ်ကို ငါ၏အသိဉာဏ်ပါလားဟု စွဲလမ်းမှုကို 'တဏှာဖြင့် သုံးသပ်ခြင်း-တဏှာဂါဟ'ဟု ခေါ်၏။ ငါသိနိုင်ပါလားဟု အထင်ကြီးမှုကို 'မာနဖြင့် သုံးသပ်ခြင်း-မာနဂါဟ'ဟု ခေါ်၏။ ငါ-အတ္တဟု စွဲလမ်းမှုကို 'ဒိဋ္ဌိဖြင့် သုံးသပ်ခြင်း-ဒိဋ္ဌိဂါဟ'ဟု ခေါ်၏။

ဗုဒ္ဓရှင်တော်မြတ်ကား ထိုထူးခြားသော သီလ၊သမာဓိ၊သဗ္ဗညုတပညာတို့ကို သိတော်မူသည့်အတွက် တဏှာ၊မာန၊ဒိဋ္ဌိတို့ဖြင့် သုံးမျိုးလုံး ဖြစ်ထိုက်ပါသော်လည်း ဖြစ်တော်မမူ၊ သုံးသပ်တော်မမူပါ။

http://www.dhammadownload.com



သော သဗ္ဗညုတဉာဏ်တော်ဂုဏ်တည်း၊ ယင်းဂုဏ်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင် (ဆရာမရှိဘဲ) ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့် မျက်မှောက်ပြု၍ သတ္တဝါတို့အား သစ္စာ(၄)ပါးစသော တရားကို သိစေတော်မူနိုင်, ''ငါဘုရားဖြစ်ပြီ''ဟု ဝန်ခံတော်မူနိုင်ပေသည်။

မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို ပြောလိုသူတို့သည် ယင်းသဗ္ဗညုတ

---

## ဝေဒနာကမ္မဋ္ဌာန်းကိုသာ ဟောတော်မူရကြောင်း

အများသုံးသပ်တတ်သော တဏှာ၊မာန၊ဒိဋ္ဌိတို့ ချုပ်ငြိမ်းပပျောက်ကြောင်း ကမ္မဋ္ဌာန်းနည်းလမ်းကောင်း များစွာရှိပါသော်လည်း တိတ္ထိတို့သည် ခံစားမှုဝေဒနာကို လွန်စွာနှစ်သက်ရကား၊ (တဏှာနှင့်ဒိဋ္ဌိစရိုက်အားကြီးသော လောကသားအားလုံးပင်) ဝေဒနာပြဋ္ဌာန်းတတ်သောကြောင့် ထိုဝေဒနာနှင့်စပ်သောကမ္မဋ္ဌာန်းကိုပင် တဏှာ၊မာန၊ ဒိဋ္ဌိတို့ချုပ်ကြောင်းအနေအားဖြင့် ဟောတော်မူပါသည်။

၁။ **ဝေဒနာနံ သမုဒယဉ္စ ပဇာနာတိ**-ဝေဒနာတို့၏ဖြစ်ကြောင်း၊ ဖြစ်ခြင်းကိုလည်း သိတော်မူ၊မြင်တော်မူ၏။ ဝေဒနာ၏ဖြစ်ကြောင်းမှာ အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ။ ဝေဒနာတို့၏ဖြစ်ခြင်းမှာ- ဇာတိခေါ် (ရုပ်နာမ်တို့၏)ဥပါဒ်တည်း။

၂။ **ဝေဒနာနံ အတ္ထင်္ဂဉ္စ ပဇာနာတိ**-ဝေဒနာတို့၏ချုပ်ကြောင်း၊ ချုပ်ခြင်းကိုလည်း သိတော်မူ၊မြင်တော်မူ၏။ ဝေဒနာ၏ချုပ်ကြောင်းမှာ- အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ တို့ ချုပ်ခြင်းတည်း။ ဝေဒနာတို့၏ မဖြစ်ခြင်းမှာ- မရဏခေါ်(ရုပ်နာမ်တို့၏) ပျက်ခြင်းဘင်တည်း။

၃။ **ဝေဒနာနံ အဿာဒဉ္စ ပဇာနာတိ**-ဝေဒနာတို့၏သာယာဖွယ်ရသကိုလည်း သိတော်မူ၊မြင်တော်မူ၏။ ဝေဒနာ၏သာယာဖွယ်ရသမှာ- ခံစားဖူးသောဝေဒနာကို မှန်းဆ၍ သုခဖြစ်ခြင်း၊ ဝမ်းသာပျော်ရွှင်ခြင်းတည်း။

၄။ **ဝေဒနာနံ အာဒီနဝဉ္စ ပဇာနာတိ**-ဝေဒနာတို့၏ ငြီးငွေ့ဖွယ်အပြစ်ကိုလည်း သိတော်မူ၊မြင်တော်မူ၏။ ဝေဒနာ၏ငြီးငွေ့ဖွယ်အပြစ်မှာ- ခံစားနေသောဝေဒနာ သုခသဘောစသည်မှ ပြောင်းလဲခြင်း၊ ဖောက်ပြန်ခြင်း၊ (အနိစ္စ၊ဒုက္ခ)တည်း။

၅။ **ဝေဒနာနံ နိဿရဏဉ္စ ပဇာနာတိ**-ဝေဒနာမှ လွတ်မြောက်ရာကိုလည်း သိတော်မူ၊မြင်တော်မူ၏။ ဝေဒနာမှ လွတ်မြောက်ခြင်းမှာ-ထိုဝေဒနာကိုပင် အပြစ်မြင်သဖြင့် တပ်မက်၊နှစ်သက်ခြင်းကို စွန့်လွှတ်လိုက်ခြင်းပင်တည်း။

http://www.dhammadownload.com



ဉာဏ်ဂုဏ်တော်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောကြရာရောက်မည်။

## ကေစ္စသဿတ ဝါဒ(၄)မျိုး

ဘိက္ခုတို့၊ ကေစ္စသဿတ အယူရှိကုန်၊ ကေစ္စအသဿတ အယူရှိကုန်သော သမဏဗြာဟ္မဏတို့ ရှိကြကုန်၏၊ သူတို့သည် အကြောင်းပြလေးမျိုးတို့ဖြင့် "အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း တချို့မြဲ၏၊ တချို့မမြဲ"ဟု ပညတ်ကြ(ပြောဆိုကြ)လေသည်၊ "သူတို့လည်း အဘယ်အချက်ကို စွဲ၍ပြောဆိုပညတ်ကြသနည်း"ဟု မေးဖွယ်ရှိ၏။

## ဗြဟ္မာတစ်ဘဝမျှ ပြန်သိနိုင်၍ မိစ္ဆာအယူဖြစ်ပုံ

### ကမ္ဘာပျက်ချိန်

ကာလအလွန်ကြာမြင့်သောအခါဝယ် သတ္တဝါတို့နေရာ ဤကမ္ဘာလောကကြီး ပျက်စီးချိန် ရောက်လာ၏၊ ကမ္ဘာလောကကြီး ပျက်စီးခါနီးသော် (တချို့တချို့ သတ္တဝါတို့သည် တတိယဈာန် စတုတ္ထဈာန် ဗြဟ္မာဘုံသို့လည်းကောင်း၊ အရူပဗြဟ္မာဘုံသို့လည်းကောင်း၊ ကမ္ဘာမပျက်သော အခြားကမ္ဘာသို့လည်းကောင်း ရောက်ကြ၏၊) များသောအားဖြင့်ကား ဒုတိယဗြဟ္မာဘုံဖြစ်သော အာဘဿရဘုံသို့ ရောက်ကြလေသည်၊ ထိုဗြဟ္မာတို့သည် ထိုဘုံ၌ ဈာန်စိတ်ကြောင့်ဖြစ် ကြရ၏၊ ပီတိသာလျှင် အစာရှိကြကုန်၏၊ [အစာအထူး မစားရဘဲ ရရှိသောတန်ခိုးအကျိုးများကို အားရနှစ်သက်မှု ပီတိဖြင့်သာ နေနိုင်ကြသည်၊ ယခုကာလ၌လည်း တစ်စုံတစ်ခုကို အကြောင်းပြု၍ ပီတိဖြစ်နေ

---

**ကေစ္စသဿတ**

ကေစ္စ-အချို့ပုဂ္ဂိုလ်များ။ သဿတ-မြဲ၏ဟု ယူဆခြင်း။ အသဿတ-မမြဲဟုယူဆခြင်း။

http://www.dhammadownload.com


သည့်အခါ အစာမစားဘဲ နေနိုင်သကဲ့သို့တည်း။] မိမိကိုယ်ရောင်သာလျှင် အရောင်အဝါရှိကုန်၏၊ (နေ လစသော အရောင်များ မလို၊) ကောင်းကင်၌ လှည့်လည်သွားလာနိုင်ကုန်၏၊ တင့်တယ်သော ဗိမာန်ဥယျာဉ်စသည်တို့၌ တည်နေကြကုန်၏၊ အလွန်ကြာမြင့်စွာ ထိုဘုံ၌ တည်နေကြရသည်။ [မဟာကပ်ရှစ်ကပ်လောက်ကြာအောင် တည်နေ နိုင်ကြ၏။]

## ကမ္ဘာတည်ချိန်

ကာလအလွန်ကြာမြင့်ပြန်သောအခါဝယ် ဤကမ္ဘာလောကကြီး အသစ်တည်ချိန်ရောက်လာပြန်၏၊ ကမ္ဘာလောကကြီးတည်သည့် အခါ ဗြဟ္မာ မရှိသေးသော ဗြဟ္မာ့ဘုံများ (ပဌမစျာန်ဘုံဌာန၌) တည်ကြလေ၏။ [နတ်ဘုံနှင့်လူ့ပြည်စသော အောက်လောကလည်းတည်သည်ပင်၊ ထိုဘုံ, ထိုလောကတို့သည် မည်သူမျှ ဖန်ဆင်းရသည်မဟုတ်၊ ဖြစ်လတ္တံ့သော သတ္တဝါတို့၏ ကံကိုအရင်းခံ၍ ဥတုကြောင့် ဖြစ်ပေါ်လာသော ရုပ်တရားများ သာတည်း။]

ထိုအခါ သတ္တဝါ (ဗြဟ္မာ)တစ်ယောက်သည် (အသက်တမ်း စေ့သဖြင့်)အသက်ကုန်သောကြောင့်ဖြစ်စေ, ကုသိုလ်ကံကုန်သောကြောင့် ဖြစ်စေ အာဘဿရဗြဟ္မာ့ဘုံမှ စုတေ၍ (ပဌမစျာန်ဘုံဝယ်) ပိုင်ရှင်မရှိသေး သော ဗြဟ္မာ့ဘုံ၌ ဖြစ်လာ၏၊ ထိုဗြဟ္မာသည် ထိုဘုံ၌ စျာန်စိတ် ကြောင့်ဖြစ်ရ၏၊ ပီတိသာလျှင် အစာရှိ၏၊ မိမိကိုယ်ရောင်သာ အရောင်ရှိ၏၊ ကောင်းကင်၌ လှည့်လည်သွားလာနိုင်၏၊ တင့်တယ်သော ဗိမာန်ဥယျာဉ် စသည်၌ တည်နေရ၏၊ ကြာမြင့် စွာလည်း (မစုတေဘဲ) တည်နေရသည်၊ ထိုဗြဟ္မာ့ဘုံ၌ တစ်ယောက်တည်း ကြာမြင့်စွာ နေရသည့်အတွက် ထိုဗြဟ္မာကြီးမှာ "အခြားသတ္တဝါတွေ ဤဘုံသို့ရောက်လာကြလျှင် ကောင်းမှာပဲ" ဟု တောင့်တမှု ဖြစ်လေသည်။

http://www.dhammadownload.com



ထိုသို့ တောင့်တခိုက်မှာပင် (ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသလို) အခြားဗြဟ္မာတို့သည် အသက်တမ်းကုန်သောကြောင့်ဖြစ်စေ, ကောင်းမှုကုန်သောကြောင့်ဖြစ်စေ အာဘဿရ ဗြဟ္မာဘုံမှ စုတေ၍ ပဌမရောက်ရှိနေသော ဗြဟ္မာကြီး၏ အဖော်အပေါင်း ဖြစ်လာကြလေသည်၊

နောက်မှရောက်လာသော ထိုဗြဟ္မာတို့လည်း ဈာန်စိတ် ကြောင့်ဖြစ်ကြရ, ပီတိသာလျှင် အစာရှိကြ, မိမိတို့ကိုယ်ရောင်သာလျှင် အရောင်ရှိကြ, ကောင်းကင်၌ လှည့်လည်သွားလာနိုင်ကြ, တင့်တယ်သော ဗိမာန်စသည်၌ တည်နေကြ, ကြာမြင့်စွာလည်း တည်နေနိုင်ကြသည်။

## ပဌမ ဗြဟ္မာကြီး ထင်မှားပုံ

ရဟန်းတို့… ထိုဗြဟ္မာတို့တွင် ပဌမဖြစ်နှင့်သော ဗြဟ္မာကြီး အထင်ကြီးလာသည်မှာ "ငါသည် မဟာဗြဟ္မာ(ဗြဟ္မာကြီး-ဗြဟ္မာမင်း) ဖြစ်သော ဗြဟ္မာတည်း၊ သူတစ်ပါးကို လွှမ်းမိုးနိုင်သူ, အခြားသူတို့၏ အလွှမ်းမိုးမခံရသူတည်း၊ စင်စစ်အားဖြင့် အားလုံးကို သိမြင်နိုင်သူ, သတ္တဝါအများကို မိမိအလိုသို့ လိုက်စေနိုင်သူ, အစိုးရသူ, လောကကို ပြုလုပ်ဖန်ဆင်းသူ, လောကထက် မြတ်သူ, (သင်သည် ခတ္တိယဖြစ်စေ, သင်ကား ဗြာဟ္မဏဖြစ်စေ စသည်ဖြင့်) စီမံနိုင်သူ, အစွမ်းသတ္တိရှိသူ, ဖြစ်ပြီး ဖြစ်နေဆဲ သတ္တဝါတို့၏ အဖဖြစ်သူပေတည်း၊

ဤသတ္တဝါတို့ကို ငါ ဖန်ဆင်း ထားသည်၊ (ဘာကြောင့် ဤသို့ ဆိုနိုင်သနည်းဟုမေးလျှင်) "အခြားသတ္တဝါတွေ ဤဘုံသို့ ရောက်လာလျှင် ကောင်းမှာပဲဟုလည်း ငါက တောင့်တလိုက်ရာ ဤသတ္တဝါတွေလည်း ရောက်လာသည်"၊ ထို့ကြောင့် ဤသတ္တဝါတွေကို ငါ ဖန်ဆင်း ထားသည်"ဟု ဆိုနိုင်သည်။

http://www.dhammadownload.com


## ဗြဟ္မာငယ်တို့က အထင်အမြင်မှားပုံ

နောက်မှဖြစ်ရသော ဗြဟ္မာတို့ မှတ်ထင်ပုံကား… ဤအရှင်ဗြဟ္မာသည် မဟာဗြဟ္မာပေတည်း၊ ငါတို့ကို လွှမ်းမိုးနိုင်သူတည်း၊ (ဤသို့စသည်ဖြင့် ဗြဟ္မာကြီးက သူ့ကိုယ်သူ ထင်နေသလို ထင်နေကြလေသည်၊) ငါတို့ကို ဤဗြဟ္မာကြီးသည် ဖန်ဆင်းထား၏၊ (ဘာ့ကြောင့် ဤသို့ဆိုနိုင်သနည်း၊)

ငါတို့သည် ဤဗြဟ္မာကြီးကို ပဌမဖြစ်နေသည်ကို တွေ့ကြရ၍ ငါတို့က နောက်မှဖြစ်ကြရသည်၊ ထို့ကြောင့် ''ငါတို့ကို ဤဗြဟ္မာကြီး ဖန်ဆင်းထားသည်''ဟုဆိုနိုင်သည်။

ရဟန်းတို့၊ ထိုဗြဟ္မာတို့တွင် ပဌမဖြစ်သော ဗြဟ္မာသည် အသက်လည်း ပို၍ရှည်၏၊ အဆင်းလည်းပို၍လှ၏၊ တန်ခိုးလည်း ပို၍ ကြီး၏၊ နောက်မှဖြစ်သော ဗြဟ္မာတို့ကား အသက်တိုကြ၏၊ အဆင်းလည်း ထိုဗြဟ္မာကြီးလောက် မလှကြ၊ တန်ခိုးလည်း ထို့လောက်မကြီးကြချေ။

[ထို့ကြောင့် နောက်ရောက်သော ဗြဟ္မာတို့က ပဌမဗြဟ္မာကို အထင်ကြီးခြင်းမှာ ဖြစ်သင့် ပါပေသည်။]

## လူ့ဘုံရောက်၍ ရသေ့လုပ်သူ

(ထိုအသက်တိုကြသော ဗြဟ္မာငယ်များတို့ ဗြဟ္မာမင်းကြီး၏ အလျင်စုတေကြရာတွင် တချို့အထက်ဘုံ, တချို့အောက်ဘုံ၌ ဖြစ်လေရာ) တစ်ယောက်တလေ ဗြဟ္မာသည် ထိုဘုံမှ စုတေ၍ လူ့ပြည်သို့ရောက်ဖို့ရာ အကြောင်းရှိ၏။ လူ့ပြည်ရောက်ပြီးနောက် (ကမ္ဘာ၏ ရှေ့ပိုင်းကာလ သာသနာပဝယ်) ရသေ့လုပ်ဖို့ရာ အကြောင်းရှိ၏၊ (ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်ရောက်သူ အများတွင်လည်း တစ်ယောက်တလေ ရသေ့လုပ်ဖို့ရာ အကြောင်းရှိနိုင်သည်၊)

http://www.dhammadownload.com


ထိုသူသည် ရသေ့လုပ်ပြီးနောက် ကိလေသာတို့ကို နှိပ်စက်တတ်သော ဝီရိယ, လွန်စွာကြိုးစားသော ဝီရိယ, အထပ်ထပ်ကြိုးစားသော ဝီရိယ, ဤဝီရိယသုံးမျိုးကိုလည်းကောင်း၊ မမေ့မလျော့သော သတိကိုလည်းကောင်း၊ လမ်းဖြောင့်လမ်းမှန် ကမ္မဋ္ဌာန်းနှလုံးသွင်းသော ဉာဏ်ကိုလည်းကောင်း စွဲမှီ၍ လွန်ခဲ့ပြီးသော တစ်ဘဝလောက်ကို အောက်မေ့နိုင်, ထိုတစ်ဘဝထက် လွန်၍လည်း မအောက်မေ့နိုင်သော ပုဗ္ဗေနိဝါဉာဏ်ကို ရဖို့ရာ အကြောင်းရှိသည်။

## ၁။ ဗြဟ္မာကြီးမြဲ၏၊ မိမိတို့မမြဲဟု မိစ္ဆာဒိဋ္ဌိဖြစ်ပုံ

(သူသည် ရှေးဘဝကို စဉ်းစားသည့်အခါ ဗြဟ္မာမင်းကြီးသည် ယခုတိုင်အောင် ရှိသေး၍ မစုတေဘဲ နေပုံ, မိမိတို့တစ်တွေကား ဗြဟ္မာကြီး နောက်မှဖြစ်ပါလျက် အလျင်စုတေခဲ့ရပုံကို တွေးဆ၍ ဗြဟ္မာကြီးသည် မြဲသော သဿတတည်း၊ မိမိတို့ကား အသဿတတည်းဟု အယူဝါဒ ဖြစ်ပေါ်လာသဖြင့်) ထိုဝါဒကို သူတစ်ပါးအား ပြောပြသည်မှာ ...

အကြင်အရှင်သည် ဗြဟ္မာမင်းကြီးဖြစ်၍ သူတစ်ပါးကို လွှမ်းမိုးနိုင်သူ, သူတစ်ပါး၏ အလွှမ်းမိုးကို မခံရသူဖြစ်၏၊ စင်စစ်အားဖြင့် အရာအားလုံးကို သိနိုင်, မြင်နိုင်၏၊ သတ္တဝါများကို မိမိအလိုသို့ လိုက်စေနိုင်၏၊ အစိုးရသူ, လောကကို ပြုလုပ်ဖန်ဆင်းနိုင်သူ, လောကထက်မြတ်သူ, လောကကို စီမံနိုင်သူဖြစ်၏၊ စွမ်းရည်သတ္တိရှိသူလည်းဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့၏ ဖခင်ကြီးလည်းဖြစ်၏။

ယင်းဗြဟ္မာမင်းကြီးသည်ပင် ငါတို့ကို ဖန်ဆင်းထား၏၊ ထိုဗြဟ္မာမင်းကြီးကား နိစ္စ(ထာဝရ)ဖြစ်၍ မသေမပျောက်ဘဲ မြဲ၏၊ အခါခပ်သိမ်း ထင်ရှားရှိ၏၊ အိုမင်းမှု ဇရာသဘောအားဖြင့်လည်း ဖောက်ပြန်ခြင်းမရှိ၊ မြေကြီး, မြင်းမိုရ်တောင်, လ, နေတို့နှင့်တူစွာ ခိုင်မြဲတည်တံ့လိမ့်မည်၊

http://www.dhammadownload.com


ထိုဗြဟ္မာကြီး ဖန်ဆင်းလိုက်သော ငါတို့ကား မမြဲကြ, မခိုင်ခံ့ကြ, အသက်တိုကြ, စုတေကြရကုန်သည်ဖြစ်၍ ဤလူ့ပြည်သို့ ရောက်လာကြရသည်ဟု ပြောပြလေသည်၊ "ဤသို့ လွန်ခဲ့ပြီးသော ဗြဟ္မာဘဝ တစ်ဘဝမျှကို အောက်မေ့နိုင်ခြင်းသည် 'ဧကစ္စသဿတ, ဧကစ္စ အသဿတ' ယူခြင်း၏ ပဌမအကြောင်းတည်း"။

## (၂)အပျော်များ၍ ပျက်ပြားရသောနတ်ဘဝမှလာသူတချို့ အယူမှားပုံ

ဧကစ္စသဿတ အယူဖြစ်ဖို့ရန် အကြောင်းလေးမျိုးရှိသည်တွင် ဒုတိယအကြောင်း၌ အရှင်ကောင်းဖြစ်ကြသော သမဏဗြာဟ္မဏတို့သည် အဘယ်အချက်ကိုစွဲ၍ "အချို့အတ္တကိုလည်းကောင်း, လောကကိုလည်းကောင်း မြဲ၏၊ အချို့ အတ္တ, လောကကို မမြဲ"ဟူကြ ပညတ်ကြသနည်း"ဟု မေးဖွယ်ရှိ၏။

---

### ထာဝရဘုရားသခင်-ဖန်ဆင်းရှင် အယူဝါဒအမှား

ကမ္ဘာဦးကာလ ထိုဗြဟ္မာကြီးကစ၍ 'ဘဝံ ဗြဟ္မာ၊ ဣဿရော၊ ကတ္တာ၊ နိမ္မာတ'၊ ထိုအရှင်ဗြဟ္မာသည် လောကကို အစိုးရသူတည်း။ လောကကို ပြုလုပ်ပေးသူတည်း။ လောက၏ ဖန်ဆင်ရှင်တည်းဟု 'ဣဿရ-နိမ္မာနဝါဒ' အစိုးရသူ အရှင်သခင်ကြီးက လောကကိုဖန်းဆင်းထားသည်ဟူသော (ဖန်းဆင်းရှင်)အယူဝါဒမှား ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

၁။ ထိုအကြောင်းကို အစွဲပြု၍ မဟာဗြဟ္မာကြီးကို 'ထာဝရဘုရားသခင်'ဟု ယူဆပြီး၊ 'ထာဝရဘုရားသခင် ဖန်းဆင်းလိုက်သည်'ဟူသော အယူဝါဒ ပျံ့နှံ့လာခဲ့သည်။ မဟာဗြဟ္မာမင်းကြီးနှင့် အလားတူ တန်ခိုးကြီးသူတချို့ မြဲ၏ဟု 'ဧကစ္စ-သဿတ' ဖြစ်၍၊ မိမိနှင့်တကွသော ဖန်ဆင်းခံသူများ၊ တန်ခိုးနည်းသူများ မမြဲဟု 'ဧကစ္စ-အသဿတ' မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။

http://www.dhammadownload.com


## အပျော်များသော နတ်များ

ရဟန်းတို့၊ ခိဍ္ဍာပဒေါသိက မည်သော နတ်တို့ရှိကုန်၏၊ သူတို့သည် အလွန်ကြာမြင့်စွာ ကာမဂုဏ်၌ မြူးတူးပေါ်ပါး ခံစားနေထိုင် ကြလေသော ကြောင့် အစာစားဖို့ရန် မေ့နေကြလေသည်၊ ထိုသို့မေ့ခြင်းကြောင့် (စားချိန်လွန်မှ သတိရ၍ အစာစားကြသော်လည်း ခန္ဓာကိုယ်အပျက်လွန်ပြီး အသက် မဆက်နိုင်တော့ဘဲ) စုတေကြရတော့သည်၊

ထိုသို့ စုတေရသော နတ်များရှိရာဝယ် တစ်ယောက်တစ်လေသည် ဤလူ့ဘုံသို့ ရောက်လာဖို့ရန် အကြောင်းရှိ၏၊ ရောက်ပြီးနောက် ရသေ့ရဟန်းပြုဖို့ရန် အကြောင်းလည်းရှိ၏ ထိုသို့ ရသေ့ရဟန်း ပြုပြီးနောက် ဝီရိယသုံးမျိုးနှင့် သတိဉာဏ်ကို အခြေခံကာ လွန်ခဲ့သော နတ်တစ်ဘဝမျှကို အောက်မေ့နိုင် (ထို့ထက် အလွန်မအောက်မေ့နိုင်)သော ပုဗ္ဗေနိဝါသဉာဏ်ကို ရဖို့ရန် အကြောင်းလည်းရှိ၏၊ (လူ့ပြည်သို့ရောက်လာ၍ ရသေ့ရဟန်းပြု ပြီးနောက် လွန်ခဲ့သော တစ်ဘဝမျှကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ် ရပြီဟု ဆိုကြပါစို့။)

---

## ခိဍ္ဍာပဒေါသိကနတ်

**ခိဍ္ဍာ**-မြူးတူးပျော်ပါးမှု များသဖြင့်။ **ပဒေါသိက**-ပျက်စီးရသော နတ်များ။ နတ်ကာမဂုဏ်အာရုံတို့သည် အလွန်သာယာမက်မောဖွယ် ကောင်းလှသဖြင့် ပျော်ပါးစံစား၍ အားမရနိုင်အောင် ရှိ၏။ ထို့ကြောင့် သတိမထားမိသော နတ်အချို့သည် နွားသိုးကြိုးပြတ်၊ နွားငတ်ရေကျဆိုသကဲ့သို့ နေ့ညဉ့် ဆက်ကာ ဆက်ကာ အပျော်လွန်သွားလေ့ ရှိကြ၏။

နတ်တို့ခန္ဓာသည်ကား နုနယ်လွန်းလှသဖြင့် စားချိန်တန်၍ နတ်ဩဇာကို မှန်မှန်မစား၊ အိပ်ချိန်နားချိန် မအိပ်မနားဘဲ အပျော်လိုက်စားမှု များလွန်သည်ရှိသော် အားအင်ကုန်ခမ်း ညိုးနွမ်းလျက် သေကျေပျက်စီးကြရရှာ၏။ ထိုနတ်တို့ကို အပျော်များ၍ ပျက်ပြားရသော-'ခိဍ္ဍာပဒေါသိက' နတ်ဟု ခေါ်သည်။

http://www.dhammadownload.com



### သူ့အယူအဆ ပြောပြပုံ

(သူသည် အပျော်အပါးမများသော နတ်တို့ မစုတေရဘဲ ယခုတိုင် ရှိနေပုံကိုမြင်၍ ထိုနတ်တို့ကို မြဲ၏ဟုလည်းကောင်း၊ မိမိတို့လို အပျော်အပါး များ၍ ပျက်စီးရသော နတ်တို့ကို မမြဲဟုလည်းကောင်းယူဆ၍) သူတစ်ပါး တို့အား ပြောပြသည်မှာ "ခိဍ္ဍပဒေါသိက မဟုတ်သော နတ်တို့သည် ကြာမြင့်စွာ ပျော်ပါးခံစားမှုဖြင့် မနေကြသောကြောင့် အစာစားချိန်ကို မမေ့ရကား မစုတေကြကုန်၊ နိစ္စ(မြဲကုန်)၊ ဓုဝ(ခိုင်ခံကုန်) သဿတ (အခါခပ်သိမ်း ထင်ရှားရှိကုန်)၊ အဝိပရိဏာမဓမ္မ (ရာဇဖြင့် ဖောက်ပြန်မှု မရှိကုန်သည်) ဖြစ်ပြီး မြေကြီး၊ မြင်းမိုရ်တောင်၊ လ၊ နေတို့နှင့်တူစွာ တည်တံ့ကြလိမ့်မည်။

ငါတို့ကား အပျော်အပါးများ၍ အစာစားချိန်ကို သတိမရဘဲ ပျက်စီးခဲ့ကြရကုန်၊ အနိစ္စ၊အဓုဝ၊ဝိပရိဏာမဓမ္မဖြစ်ကုန်၍ ဤလူ့ဘုံသို့ ရောက်လာကြရကုန်သည်"ဟု ပြောပြ လေသည်။ "ဤသို့ လွန်ခဲ့ပြီးသော ခိဍ္ဍာပဒေါသိကနတ်ဘဝ တစ်ဘဝမျှကို အောက်မေ့နိုင်ခြင်းသည် 'ဧကစ္စ သဿတ-ဧကစ္စအသဿတ'အယူ ဖြစ်ဖို့ရန် ဒုတိယအကြောင်းတည်း"။

### (၃)ဒေါသကြီးမားး၍ ပျက်ပြားရသော နတ်ဘဝမှ လာသူတချို့ အယူမှားဖြစ်ပုံ

တတိယအကြောင်း၌လည်း အရှင်ကောင်းဖြစ်ကြသော သမဏ ဗြာဟ္မဏတို့သည် အဘယ်အချက်ကိုစွဲ၍ "အချို့ အတ္တ၊ လောကကို မြဲ၏၊ အချို့ အတ္တ၊ လောကကိုမမြဲ"ဟု ပညတ်ကြသနည်းဟု မေးဖွယ်ရှိ၏။

### အချင်းချင်း ဒေါသထွက်သော နတ်များ

ရဟန်းတို့... မနောပဒေါသိက မည်သောနတ်တို့ရှိကြ၏၊ သူတို့သည်

http://www.dhammadownload.com


အတော်ကြာမြင့်စွာ အချင်းချင်း စူးစိုက်၍ ကြည့်ရှုကြကုန်၏၊ ထိုသို့ ကြည့်ရှုကြသဖြင့် စိတ်ဆိုးကြ (ဒေါသထွက် ကြ)ကုန်၏၊ ထိုသို့ အချင်းချင်း ဒေါသဖြစ်၍ ကိုယ်ပန်း စိတ်ပန်းဖြစ်လျက် ထိုနတ်ဘဝမှ စုတေကြရလေ၏။

ဤသို့စုတေရသော နတ်အများရှိရာဝယ် တချို့သည် လူ့ဘုံရောက် လာ၍ ထိုရောက်လာသူအများတွင် တချို့သည် ရသေ့ရဟန်းပြု၍ ထိုရသေ့ ရဟန်းအများတွင် တစ်ယောက်တလေသည် ဝီရိယသုံးမျိုးနှင့် သတိဉာဏ်ကို အခြေခံ၍ လွန်ခဲ့သော နတ်ဘဝတစ်ဘဝမျှကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကို ရဖို့ရန်အကြောင်းရှိလေ၏။ [ဤမှနောက်၌ မိစ္ဆာအယူ ဖြစ်ပုံမှာ ခိဍ္ဍာပဒေါသိက နတ်ဘဝမှ လာခဲ့သူအတိုင်းပင်တည်း၊]

ဤသို့လွန်ခဲ့ပြီးသော မနောပဒေါသိကနတ်ဘဝ တစ်ဘဝမျှကို အောက်မေ့နိုင်ခြင်းသည် "ဧကစ္စသဿတ-ဧကစ္စအသဿတ"အယူ ဖြစ်ခြင်း၏ တတိယအကြောင်းတည်း။

---

### မနောပဒေါသိကနတ်

**မနော**-ဒေါသစိတ်ကြောင့်။ **ပဒေါသိက**-ပျက်စီးရသော နတ်များ။ နတ်တို့သည် မိတ်ဆွေသူငယ်ချင်းများ စုဝေးလျက် ဥယျာဉ်သို့ ပျော်ပွဲစားထွက်ကြရာ တခြားနတ်သား၊နတ်သမီးတို့၏ ကာမဂုဏ်စည်းစိမ်များ ပြည့်လျှံနေမှုကို တစိမ့်စိမ့် မြင်ရသဖြင့် ငြူစူသော-ဣဿာစိတ်ဖြင့် ကြည့်ရင်း အလကားသက်သက် အမျက် ဒေါသထွက်နေလေ၏။ ထိုအကြောင်းကို ငြူစူခံရသော နတ်ကသိသဖြင့် ပြန်၍ ဒေါသထွက်ရာမှ တစ်ယောက်တစ်ပေါက်ဖြစ်ကာ စကားများကြလေ၏။ ထိုအခါ ဒေါသမီးအရှိန်သည် အလွန်ပြင်းထန်လာရကား အလွန်နုနယ်လွန်းလှသော နတ်တို့၏ ခန္ဓာကိုယ်ကို တစ်ခဏချင်း လောင်မြိုက်ပျက်စီးရလေတော့သည်။ ထိုနတ်တို့ကို 'မနောပဒေါသိက'နတ် ဟု ခေါ်ခြင်း ဖြစ်သည်။

**နိစ္စ၊ဓုဝ၊သဿတ**-မြဲခြင်း၊ **အနိစ္စ**-မမြဲခြင်း။ **ဝိပရိဏာမ**-ဖောက်ပြန်ခြင်း။ **ဣဿာ**-ကိုယ့်ထက်သာကို၊ မနာလို၊ ခေါ်ဆိုဣဿာတည်း။

http://www.dhammadownload.com



## (၄)တက္ကီ-တွေးခေါ်ကြံဆလေ့ရှိသူ အယူမှားဖြစ်ပုံ

စတုတ္ထအကြောင်း၌ သမဏဗြာဟ္မဏတို့ ပြောဆို, ပညတ်ကြပုံကား ရဟန်းတို့... ဤလောက၌ အချို့သော သမဏ ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစားနှိုင်းချိန်လေ့ရှိ၏၊ သူသည် ကြံစည်အပ်, စဉ်းစားနှိုင်းချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ ပြောပြ၏၊

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယဟုခေါ်ဝေါ်သော ဤအတ္တသည် အနိစ္စ,အဓုဝ,အသဿတ, ဝိပရိဏာမဓမ္မ ဖြစ်၏၊ စိတ်ဟုလည်းကောင်း, မနောဟုလည်းကောင်း, ဝိညာဉ်ဟုလည်းကောင်း ခေါ်ဝေါ်အပ်သော ဤအတ္တကား နိစ္စ, ဓုဝ, တသာတ, အဝိပရိဏာမဓမ္မဖြစ်၍ အခါခပ်သိမ်း ထင်ရှားရှိသော မြေကြီး, မြင်းမိုရ်တောင်, လ, နေတို့နှင့်တူစွာ တည်တံ့လိမ့်မည်ဟု ပြောပြလေ၏။

ဤသို့ သူ့ဘာသာ ကြံစည်နှိုင်းချိန်ခြင်းသည် ဧကစ္စ သဿတ-ဧကစ္စအသဿတ အယူဖြစ်ဖို့ရန် စတုတ္ထအကြောင်းတည်း။

ဤလေးမျိုးသော အကြောင်းတို့ဖြင့်သာ ဧကစ္စတသာတ ဧကစ္စ အသဿတအယူကို ပြောဆို ပညတ်ကြ၏။ ဤ(၄)မျိုးမှတစ်ပါး အခြားအကြောင်း မရှိတော့ပေ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်ကိုပြသော စကား, ဝေဒနာကမ္မဋ္ဌာန်းတရားနှင့် နိဂုံးချုပ်ပုံများမှာ သဿတဒိဋ္ဌိ၏ နောက်ပိုင်းစကားများနှင့်တူပြီ။]

## အန္တာနန္တ ဝါဒ(၄)မျိုး

ရဟန်းတို့၊ အန္တာနန္တအယူရှိသော သမဏ၊ဗြာဟ္မဏတချို့ ရှိကြကုန်သေး၏၊ သူတို့သည် အကြောင်း(၄)မျိုးတို့ဖြင့် (၁)လောကကို အဆုံးရှိ၏ ဟုလည်းကောင်း၊ (၂) အဆုံးမရှိဟုလည်းကောင်း၊ (၃)အထက်အောက်၌ အဆုံးရှိ၍ ဘေးပတ်ဝန်းကျင်၌ အဆုံးမရှိဟုလည်းကောင်း၊ (၄) အဆုံးရှိ

http://www.dhammadownload.com



သည်လည်း မဟုတ်, အဆုံးမရှိသည်လည်း မဟုတ်ဟုလည်းကောင်းပြောဆို, ပညတ်ကြလေ၏။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပြောဆို, ပညတ်ကြသနည်းဟု မေးဖွယ်ရှိ၏။

(၁)လောကကြီး အဆုံးရှိဝါဒ

ရဟန်းတို့၊ ဤလောက၌ တချို့သမဏဗြာဟ္မဏသည် ဝီရိယနှင့် သတိဉာဏ်ကို အခြေခံ၍ ကြိုးစားအားထုတ်လေရာ စိတ်၏တည်ကြည်မှု သမာဓိ(ဈာ)န်ကို ရလေ၏။၊ ယင်းသမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အဆုံးရှိအောင် ချဲ့၍ ထိုပဋိဘာဂ နိမိတ်ကိုပင် လောကဟု ယူပြီးလျှင်) လောကကြီး၌ အဆုံးရှိ၏ဟု မှတ်ထင် နေလေ၏။

ထိုသို့ မှတ်ထင်သည့်အတိုင်း သူတစ်ပါးအား ပြောပြသည်မှာ- ဤလောကသည် အဆုံးထက်ဝန်းကျင်၌ အပိုင်းအခြား (အကန့်အသတ်)ရှိ၏၊

---

၄။အတွေးအခေါ်သမားတို့ မိစ္ဆာအယူဖြစ်ပုံ

တွေးခေါ်ကြံဆလေ့ရှိသူ တက္ကီပုဂ္ဂိုလ်သည် စက္ခု(မျက်အကြည်)စသော ရုပ်နှင့် စိတ်ဝိညာဏ် အတ္တဟု ယူဆ၍၊ စက္ခုစသောရုပ်၏ ပျက်စီးမှုမှာ ထင်ရှား သဖြင့် သူမြင်ရသောကြောင့် စက္ခုစသောရုပ်အတ္တကို အသဿတ-မမြဲဟု ယူ၏။

စိတ်၏ပျက်မှုကိုကား သိမ်မွေ့သဖြင့် သူမမြင်ရသောကြောင့် စိတ်ဝိညာဏ် အတ္တဟူသော အသက်သည် ရုပ်ခန္ဓာတစ်ခု ဟောင်းနွမ်းဆွေးမြေ့ ပျက်စီး(သေ)လျှင် ရုပ်ခန္ဓာတစ်ခုသို့ ပြောင်းရွှေ့၏။ ထိုစိတ်ဝိညာဏ်အတ္တကား ဘယ်အခါမှ မပျက်တော့ ဟု ကြံစည်စဉ်းစားလျက် ဧကစ္စသဿတ-စိတ်ဝိညာဏ်ဟူသော အချို့အတ္တမြဲ၍၊ ဧကစ္စအသဿတ-ရုပ်ခန္ဓာဟူသော အချို့အတ္တမမြဲဟု မိစ္ဆာအယူ ဖြစ်၏။

ထိုအယူမျိုးကား ယခုခေတ် လူအတော်များများ၌လည်း ကြံဆတွေးခေါ်၍ ဖြစ်တတ်ပေသည်။

http://www.dhammadownload.com



ထက်ဝန်းကျင် လုံးဝိုင်း၏၊ ဘာ့ကြောင့် သိနိုင်သနည်းဆိုလျှင် ငါကိုယ်တိုင် ဝီရိယနှင့် သတိဉာဏ်ကို အရင်းခံ၍ ကြိုးစားခြင်းကြောင့် လောကကို အဆုံးရှိ၏ဟု သိနိုင်လောက်သော သမာဓိကိုရ၏၊ ထို့ကြောင့် လောကကြီး အဆုံး ရှိကြောင်း, လုံးဝိုင်းကြောင်းကို ငါသိရ၏ဟု ပြောပြလေသည်၊ ဤသို့ (ပဋိဘာဂနိမိတ်ကို အလွန်မကျယ်ပြန့်စေဘဲ အဆုံးရှိအောင် ချဲ့၍ ထိုပဋိဘာဂ နိမိတ်)လောကကို အဆုံးရှိ၏ဟု မှတ်ထင်နေခြင်းသည် 'အန္တာနန္တဝါဒ' ဖြစ်ဖို့ရာ ပဌမ အကြောင်းတည်း။

## (၂)လောကကြီး အဆုံးမရှိဝါဒ

ရဟန်းတို့··· ဤလောက၌ အချို့သမဏဗြာဟ္မဏသည် ဝီရိယနှင့် သတိ, ဉာဏ်ကို အခြေခံ၍ ကြိုးစားအားထုတ်လေရာ စိတ်တည်ကြည်မှု သမာဓိကို ရလေသည်၊ ယင်းသမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏

---

၁။ အန္တာနန္တ မိစ္ဆာအယူဝါဒ(၄)မျိုး

အန္တ-အဆုံးရှိ၏ဟူသောအယူ။ အနန္တ-အဆုံးမရှိဟူသောအယူ။ ဤလောက သည် အဆုံးလည်းရှိ၏။ အဆုံးလည်းမရှိဟူသော မိစ္ဆာအယူကို'အန္တာနန္တဝါဒ'ခေါ်၏။

တစ်စုံတစ်ယောက်သော သမဏ၊ဗြာဟ္မဏသည် မြေကသိုဏ်းဝန်းကို ကြည့်၍ ကမ္မဋ္ဌာန်း အားထုတ်လေသော် အတော်သမာဓိအားကောင်းလာချိန်၌ ထိုကသိုဏ်းဝန်းနှင့်တူသော ကသိုဏ်းနိမိတ်တစ်မျိုး စိတ်၌ ထင်ရှားဖြစ်ပေါ်လာ၏။ ထိုကသိုဏ်းနိမိတ်ကို 'ပဋိဘာဂနိမိတ်'ဟု ခေါ်၏။

(ပဋိဘာဂ-မူလကသိုဏ်းဝန်းနှင့်တူသော၊ နိမိတ်-အာရုံအတုတစ်မျိုး)

မူလကသိုဏ်းဝန်းသည် အိုးခွက်အဖုံးမျှ သေးငယ်လျှင် ထိုပဋိဘာဂနိမိတ် လည်း သေးငယ်၏။ မူလကသိုဏ်းဝန်းသည် ကောက်နယ်တလင်းမျှ ကြီးလျှင် ထိုပဋိဘာဂနိမိတ်လည်း ကြီး၏။ ထိုနိမိတ်ကို အာရုံယူလျက် ဆက်လက်အားထုတ် ပြန်သော် 'ဈာန်သမာဓိ'သည် ဖြစ်ပေါ်၏။

ဈာန်ရမီဖြစ်စေ၊ မရသေးမီဖြစ်စေ ထိုပဋိဘာဂနိမိတ်ကို စိတ်ကူးဖြင့်

http://www.dhammadownload.com



အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အဆုံးအကန့်အသတ် မရှိဘဲ ချဲ့ပြီးလျှင် ထိုပဋိဘာဂနိမိတ်)လောကကို အဆုံးမရှိဟု မှတ်ထင်နေလေ၏။

ထိုသို့ မှတ်ထင်သည့်အတိုင်း သူတစ်ပါးအား ပြောပြသည်မှာ- လောကသည် အဆုံးမရှိ၊ အပိုင်းအခြား အကန့်အသတ် မရှိ၊ "အဆုံးရှိ၏၊ ထက်ဝန်းကျင်လုံးဝိုင်း၏"ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ ဤလောကကား အမှန်ပင် အဆုံး မရှိချေ၊ ဘာ့ကြောင့် ဤသို့သိနိုင်သနည်းဟုမေးလျှင် ငါကိုယ်တိုင်ကြိုးစား၍ သမာဓိရသောကြောင့် ဤအကြောင်းကို သိနိုင်၏ဟု ပြောပြလေသည်၊ ဤသို့ ပဋိဘာဂနိမိတ်ကို အဆုံးမရှိအောင် ချဲ့၍ ထိုနိမိတ်ကိုပင် အဆုံးမရှိသော လောကဟု မှတ်ထင်နေ

---

တဖြည်းဖြည်း ချဲ့ပေးသည်ရှိသော် (၁)ပတ်ဝန်းကျင်မှာ အဆုံးမြင်ရသော ချဲ့နည်း၊ (၂)ပတ်ဝန်းကျင်၌ အဆုံးမမြင်ရသောချဲ့နည်း၊ (၃)အထက်အောက် အဆုံးမြင်ရ၍၊ ဘေးပတ်လည်၌ကား အဆုံးမမြင်ရသောချဲ့နည်းဟု (၃)မျိုး ရှိ၏။ ထိုချဲ့ထားသော ပဋိဘာဂနိမိတ်ကိုပင် ထိုစျာန်ရပုဂ္ဂိုလ်သည် လောကဟု မှတ်ထင်၏။

၁။ပထမနည်းဖြင့် အဆုံးမြင်ရအောင်ချဲ့သော နိမိတ်ရှင်သည် 'အန္တဝါ အယံလောကော' ဤလောကကြီး အဆုံးရှိ၏ဟု ယူဆ၏။

၂။ဒုတိယနည်းဖြင့် ချဲ့ထားသောနိမိတ်ရှင်သည် 'အနန္တဝါ အယံ လောကော' ဤလောကကြီး အဆုံးမရှိဟု ယူဆ၏။

၃။တတိယနည်းဖြင့် ချဲ့ထားသော နိမိတ်ရှင်သည် 'အန္တဝါ အယံလောကော အနန္တောစ' ဤလောကကြီး အဆုံးလည်းရှိ၊ အဆုံးလည်းမရှိဟုလည်း ယူဆလေ၏။

၄။စတုတ္ထပုဂ္ဂိုလ်သည်ကား ထိုသို့စျာန်သမာဓိကို မရရှိဘဲ သက်သက် မိမိအထင်ဖြင့် တွေးခေါ်ကြံဆလျက် 'နေဝါယံ လောကော အန္တဝါ၊ နပနာနန္တော' ဤလောကကြီး အဆုံးရှိလည်းမဟုတ်၊မရှိလည်းမဟုတ်ဟုပြောသော တက္ကီပုဂ္ဂိုလ် တည်း။

http://www.dhammadownload.com


ခြင်းသည် 'အန္တာနန္တဝါဒ'ဖြစ်ဖို့ရာ ဒုတိယအကြောင်းတည်း။

### (၃) အဆုံးလည်းရှိ,အဆုံးလည်းမရှိ ဝါဒ

ရဟန်းတို့၊ ဤလောက၌ တချို့သမဏ ဗြဟ္မဏသည် ဝီရိယနှင့် သတိ, ဉာဏ်ကို အခြေခံ၍ ကြိုးစားအားထုတ်လေရာ စိတ်တည်ကြည်မှု သမာဓိကို ရလေသည်၊ ယင်းသမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အထက်အောက်၌ အဆုံး အပိုင်းအခြား အကန့်အသတ်ရှိအောင် ချဲ့ပြီးလျှင် ထိုပဋိဘာဂနိမိတ်)လောကကို အဆုံး လည်းရှိ, အဆုံးလည်းမရှိဟု မှတ်ထင်နေလေ၏။

ထိုသို့ မှတ်ထင်သည့်အတိုင်း သူတစ်ပါးအား ပြောပြသည်မှာ "ဤလောက သည် အဆုံးလည်း ရှိ၏၊ အဆုံးလည်းမရှိ၊ ဤလောကသည် အဆုံးရှိ၏၊ ~~ထက်ဝန်းကျင်လုံး၏~~"ဟုပြောကြသော သမဏဗြာဟ္မဏတို့သည် စကားသည် မှား၏၊ "ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြား အကန့်အသတ်မရှိ"ဟု ပြောကြသော သမဏ ဗြဟ္မဏတို့၏ စကားလည်း မှား၏၊ ဤလောကကား အမှန်ပင် အဆုံးလည်းရှိ, အဆုံးလည်းမရှိဖြစ်သည်၊ "ဘာ့ကြောင့် သိနိုင်သနည်း"ဟုမေးလျှင် ငါကိုယ်တိုင်ကြိုးစား၍ သမာဓိရသောကြောင့် ဤအကြောင်းကို သိနိုင်၏ဟုပြောပြလေ၏။ ဤသို့ ပဋိဘာဂနိမိတ်ကို အထက်အောက်၌ အဆုံးအပိုင်း အခြားရှိအောင်ချဲ့၍ ဘေးပတ်ဝန်းကျင်အဆုံးမရှိအောင် ချဲ့ပြီးလျှင် ထိုနိမိတ်ကိုပင် အဆုံးလည်းရှိ, အဆုံးလည်းမရှိသော လောကဟု မှတ်ထင်နေခြင်းသည် 'အန္တာနန္တဝါဒ' ဖြစ်ဖို့ရာ တတိယအကြောင်းတည်း။

### (၄)တက္ကီပုဂ္ဂိုလ်၏ အဆုံးရှိ၊မရှိ မဟုတ်ဝါဒ

ရဟန်းတို့၊ ဤလောက၌ တချို့သမဏ ဗြာဟ္မဏသည် ကြံ

http://www.dhammadownload.com



စည်လေ့, စဉ်းစားနိုင်းချိန်လေ့ရှိ၏၊ သူသည် ကြံစည်အပ်, စဉ်းစားနိုင်းချိန်အပ်သော မိမိ၏ထင်မြင်ချက်ကို ဤသို့ပြောပြ၏၊ (ပြောပြပုံကား) ''ဤလောကသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည် လည်းမဟုတ်၊ ဤလောကသည် အဆုံးရှိ၏၊ ထက်ဝန်းကျင် လုံးဝိုင်း၏''ဟု ပြောကြသော သာမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏၊ ''ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြားမရှိ''ဟုပြောကြသော သမဏဗြာဟ္မဏတို့၏ စကားလည်းမှား၏၊ ''ဤလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိ''ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားလည်းမှား၏၊ ဤလောကသည် (အမှန်အားဖြင့်) အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်ဟု ပြောကြလေသည်၊ ဤသို့ ကြံစည်စဉ်းစားခြင်းသည် အန္တာနန္တဝါဒဖြစ်ဖို့ရာ စတုတ္ထ အကြောင်းတည်း။

ဤလေးမျိုးသောအကြောင်း တို့ဖြင့် အန္တာနန္တဝါဒ အယူဝါဒကို ပြောဆိုပညတ်ကြလေသည်၊ ဤလေးမျိုးမှတစ်ပါး တခြားအကြောင်း မရှိတော့ချေ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်တော်ပြပုံ, ဝေဒနာကမ္မဋ္ဌာန်း ဟောတော်မူပုံနှင့် နိဂုံးချုပ်ပုံများမှာ သဿတဝါဒအတိုင်းပင် တည်း။]

## အမရာဝိက္ခေပ ဝါဒ(၄)မျိုး

ရဟန်းတို့၊ အမရာအယူဝါဒဖြင့် ဖယ်ရှားရှောင်လွှဲတတ်ကုန်သော သမဏဗြာဟ္မဏတချို့ ရှိကြ၏၊ သူတို့သည် ထိုထိုအရာ၌ ပြဿနာအမေး ခံကြရသော် လေးမျိုးသောအကြောင်းတို့ဖြင့် (စကားအမျိုးမျိုး ပြောဆိုကာ) ဖယ်ရှားရှောင်တိမ်းတတ်ကြလေသည်။ [အမရာမည်သော ငါး၏ရှောင်တိမ်းပုံမျိုးကဲ့သို့ ရှောင်တိမ်းကြလေသည်၊] သူတို့သည် အဘယ်အချက်ကို စွဲ၍ အမရာဝိက္ခေပ အယူဝါဒရှိကြသနည်းဟု မေးဖွယ်ရှိ၏။

http://www.dhammadownload.com



## (၁) မုသားကြောက်၍ အမရာဝါဒဖြစ်ပုံ

ရဟန်းတို့၊ ဤလောက၌ တချို့သမဏ ဗြာဟ္မဏာသည် ကုသိုလ်တရား အကုသိုလ် တရားကို ဟုတ်တိုင်းမှန်စွာမသိ၊ ထိုသို့မသိခြင်းကြောင့် သူစဉ်းစား မိသည်မှာ... ငါသည် ကုသိုလ်, အကုသိုလ်ကို အမှန်မသိပါဘဲ သူများ မေးလာသည့်အခါ အရမ်းဖြေလိုက်လျှင် ငါ့မှာ မုသားဖြစ်သွားရာ၏၊ ထိုမုသားဖြစ်ခြင်းသည် "ငါသည် မုသားပြောမိပေါ့"ဟု နလုံးမသာယာမှု ကြောင့်) ငါ့မှာ ကိုယ်ဆင်းရဲခြင်းဖြစ်ရာ၏၊ ထိုသို့ ကိုယ်ဆင်းရဲနေရခြင်းသည် ငါ့မှာ နတ်ပြည်, မဂ်, ဖိုလ်၏ အန္တရာယ်ဖြစ်ရာ ၏ဟု စဉ်းစားမိလေ၏။

ဤသို့လျှင် သူသည် မုသားဖြစ်မှာစိုးခြင်း, မုသားဖြစ်မည်ကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်းမဖြေ, အကုသိုလ်ဟုလည်းမဖြေဘဲ ထိုထိုအရပ်၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှား ရှောင်လွှဲနေလေတော့၏၊. . . . . . . . . .

ရှောင်လွှဲပုံကား... ဒီလိုငါ့မှာ အယူမရှိပါ၊ ဟိုလိုလဲ ငါ့မှာ အယူမရှိပါ၊ ဒီလိုဟိုလိုမှ တခြားလို့လဲ ငါ့မှာ အယူမရှိပါ၊ ဒီလိုဟိုလိုမှ တခြားမဟုတ်ဘူးလို့လဲ ငါ့မှာ အယူမရှိပါ၊ ဒီလိုဟိုလိုမှ တခြားမဟုတ်ဘူး

---

**အမရာဝိက္ခေပဝါဒ**

အမရ-မပြီးပြတ်နိုင်သောအယူ၊ စိတ်ထဲ၌ ထိုအယူရှိသည့်အတိုင်း ပြော ဆိုသောစကားကို 'အမရာ'ဟု ခေါ်၏။ ဝိက္ခေပ-ဝိ-အမျိုးမျိုးအဖုံဖုံပြော၍။ ခေပ- ဖယ်ရှားရှောင်တိမ်းခြင်း၊ တစ်မျိုးမဟုတ်၊တစ်မျိုးပြောပြီး ဖယ်ရှားရှောင်တိမ်းသော စကားကို 'ဝိက္ခေပ' ခေါ်၏။ နည်းအမျိုးမျိုးသုံး၍ ရှောင်တိမ်းပြောဆိုလေ့ရှိသော မပြီးပြတ်နိုင်သော အယူစကားကို 'အမရာဝိက္ခေပဝါဒ'ဟု ခေါ်သည်။

တစ်နည်း-သမုဒ္ဒရာထဲ၌ အမရာမည်သော ငါးတစ်မျိုးရှိ၏။ ထိုငါးသည် ငုတ်ချီ၊ပေါ်ချီလုပ်ကာ ပြေးလွှားသွားလာ၍ အရှောင်အတိမ်းကောင်းလှသောကြောင့် ဖမ်း၍ပင် မမိနိုင်။ ထိုငါးနှင့်တူသော ဖမ်းမမိနိုင်အောင် ရှောင်တိမ်းပြောဆိုသော စကားကို 'အမရာဝိက္ခေပ'ခေါ်၍ အယူဝါဒကိုလည်း 'အမရာဝိက္ခေပဝါဒ'ခေါ်၏။

http://www.dhammadownload.com



ဆိုတာ မဟုတ်လို့လဲ ငါ့မှာ အယူမရှိပါ၊]

ဥပမာ၊ ''ဒီအလုပ်သည် ကုသိုလ်လို့ ဆိုလိုပါသလား''ဟုမေးလျှင် ကုသိုလ်လို့ ငါမဆိုလိုပါ၊ ''အကုသိုလ်လို့ဆိုလိုပါသလား''ဟုမေးလျှင် အကုသိုလ်လို့လဲ ငါမဆိုလိုပါ၊ ''ကုသိုလ် အကုသိုလ်မှ တခြားလား''ဟု ဆင့်မေးပြန်လျှင် ကုသိုလ်, အကုသိုလ်မှ တခြားလို့လဲ ငါမဆိုလိုပါ၊ ''ကုသိုလ် အကုသိုလ်မှ တခြားမဟုတ်ဘူးပေါ့''ဟု ထပ်ဆင့်၍ မေးပြန်လျှင် ကုသိုလ် အကုသိုလ်မှ တခြား မဟုတ်ဘူးလို့လဲ ငါမဆိုလိုပါ၊ ''ဒါဖြင့် ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်တာ မဟုတ်ဘူးပေါ့'' ဟု တစ်ဆင့်တိုး၍မေးပြန်လျှင် ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်တာ မဟုတ်ဘူးလို့လဲ ငါမဆိုလိုပါ၊ ဤသို့ မပြီးနိုင်, မပြတ်နိုင်, ဖမ်း၍ မမိနိုင်အောင် စကားဖြင့် ဖယ်ရှား ရှောင်တိမ်းလေ၏။ ဤသို့ မုသားဖြစ်မည်စိုးခြင်းသည် အမရာဝိက္ခေပအယူ ဖြစ်ဖို့ရာ ပဌမအကြောင်းတည်း။

## (၂) ဥပါဒါန်ကြောက်၍ အမရာဝါဒဖြစ်ပုံ

ရဟန်းတို့၊ ဤလောက၌ တချို့သော သမဏဗြာဟ္မဏသည် ကုသိုလ်တရားကို ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုသို့ မသိခြင်းကြောင့် သူစဉ်းစားမိသည်မှာ ငါသည် ကုသိုလ်,အကုသိုလ်ကိုအမှန်မသိပါဘဲ အရမ်းဖြေလိုက်အံ့၊ (အခြားပညာရှိများကို မေးသည့်အခါ ထိုအဖြေမှန်ကြောင်းကို အကယ်၍ ပြောဆိုငြားအံ့၊) ထိုသို့ အမှန်ဖြေဆိုမိရာ၌ ငါ့မှာ ဆန္ဒသော်လည်းကောင်း, ရာဂသော်လည်းကောင်း ဖြစ်ရာ၏။

(ထိုအဖြေကို အခြားပညာရှိများက မှားသည်ဟု ပြောပြန်လျှင်) ထိုသို့ အမှားဖြေဆိုမိရာ၌ ငါ့မှာဒေါသသော် လည်းကောင်း, ပဋိဃသော် လည်းကောင်း ဖြစ်ရာ၏၊ ထိုဆန္ဒ ရာဂနှင့် ဒေါသပဋိဃသည် ငါ့မှာ ဥပါဒါန်ခေါ် အစွဲအလမ်းကြီး ဖြစ်နေရာ၏။

http://www.dhammadownload.com


ထိုသို့ အစွဲအလမ်းဖြစ်နေခြင်းသည် ငါ့မှာ ကိုယ်ဆင်းရဲမှုဖြစ်ရာ၏၊ ထိုသို့ ကိုယ်ဆင်းရဲနေရခြင်းသည် ငါ့မှာ နတ်ပြည်, မဂ်, ဖိုလ်၏ အန္တရာယ်ဖြစ်ရာ၏ဟု စဉ်းစားမိလေ၏။

ဤသို့လျှင် သူသည် ဥပါဒါန်(စွဲလမ်းမှု)ဖြစ်မှာစိုးခြင်း, ဥပါဒါန်ဖြစ်မည်ကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်း မဖြေ, အကုသိုလ်ဟုလည်း မဖြေဘဲ ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှားရှောင်လွှဲနေလေတော့၏။ [ရှောင်လွှဲပုံမှာ ပဌမဝါဒအတိုင်းပင်၊] ဤသို့ ဥပါဒါန်ဖြစ်မည်စိုးခြင်းသည် အမရာဝိက္ခေပအယူဖြစ်ခြင်း၏ ဒုတိယအကြောင်းတည်း။

(၃) ပညာရှိများ စစ်ဆေးမည်ကြောက်၍ အမရာဝါဒဖြစ်ပုံ

ရဟန်းတို့... ဤလောက၌ တချို့သော သမဏဗြာဟ္မဏသည် ကုသိုလ်တရားကို ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုသို့ မသိခြင်းကြောင့် သူစဉ်းစား

---

မသိခြင်းကြောင့် ကြောက်မှုဖြစ်ပုံ

အမှန်နှင့်အမှားကို ခွဲခြားမသိနိုင်သူတို့သည် မိမိပြောစကားကို ပညာရှိများက ကြားသိလတ်သော် 'မှန်ပေ၏ဟု' ချီးမွမ်းသံကြားရသောအခါ ဆန္ဒ၊ရာဂ ဖြစ်တတ်၏။ မိမိပြောစကားကို ပညာရှိများက ကြားသိလတ်သော် 'အမှားကြီးပေတည်းဟု' ကဲ့ရဲ့အပြစ်တင်သံ ကြားရသောအခါ ဒေါသ၊ပဋိဃ ဖြစ်တတ်၏။ ထိုသို့ ပညာရှိတို့ ချီးမွမ်းခြင်း၊ကဲ့ရဲ့ခြင်းဘေးကို စွဲလမ်းကြောက်ရွံ့သဖြင့် 'အမရာဝါဒ' ယူမိတတ်ကြသည်။

ဆန္ဒနှင့် ရာဂအထူး

အနည်းငယ် နှစ်သက်မှုကို "ဆန္ဒ"၊ အားကြီးသောနှစ်သက်မှုကို

http://www.dhammadownload.com


မိသည်မှာ ငါသည် ကုသိုလ်, ကုသိုလ်ကို မသိပါဘဲ အရမ်းပြောဆို လိုက်လိုက်အံ့၊ ပညာရှိကုန်, နက်နဲစူးရှကုန်, သူတစ်ပါးတို့ဝါဒကို နားလည်၍ သူတစ်ပါးတို့နှင့် ဝါဒပြိုင်ဖို့ရာ ကျင့်သားရနေကုန်, သားမြီးဖျားကို မှန်အောင် ပစ်နိုင်သော လေးသမားတို့နှင့် အလားတူကုန်သော သမဏ ဗြာဟ္မဏ အများပင် ထင်ရှားရှိကြပေသည်၊ သူတို့သည် ပညာစွမ်းဖြင့် သူတစ်ပါး၏ အယူဝါဒကို ပစ်ဖောက်ခွဲစိတ်ကုန်သကဲ့သို့ လှည့်လည်ကြကုန်၏။

သူတို့သည် ငါ့ကို ထိုသို့ အရမ်းဖြေဆိုချက်၌ (ကုသိုလ်လား, အကုသိုလ်လားဟု) အယူအဆကို မေးကြကုန်ရာ၏၊ (ငါက ကုသိုလ်ဟု ဖြစ်စေ, အကုသိုလ်ဟု ဖြစ်စေပြောလျှင် ဘာ့ကြောင့် ဆိုနိုင်သနည်းဟု) အကြောင်းကို မေးကုန်ရာ၏၊ (မည်သည့်အကြောင်းကြောင့် ကုသိုလ်, သို့မဟုတ် အကုသိုလ်ဟု ယူဆကြောင်းပြောလျှင် ငါပြောသော အကြောင်းတွင် အပြစ်တင်၍ "သင်နားမလည်သေး၊ သည့်လိုမယူဘူး၊ ဟိုလိုယူရ တယ်"ဟု) သွန်သင်ဆုံးမကုန်ရာ၏၊ သူတို့အား အပြည့်အစုံပြန်၍ မချေပနိုင်လျှင် ငါ့မှာကိုယ်ဆင်းရဲမှုဖြစ်ရာ၏၊ ကိုယ်ဆင်းရဲမှုဖြစ်လျှင် ငါ့မှာ နတ်ပြည်, မဂ်, ဖို၏ အန္တရာယ်ဖြစ်ရာ၏ဟု စဉ်းစားမိလေသည်။

ဤသို့လျှင် ပညာရှိတို့က စစ်ဆေးမည်ကို စိုးရိမ်ခြင်း, စစ်ဆေးမည်ကို

---

"ရာဂ"ဟုခေါ် သည်။

သည်လောက်ကိုမျှပင် ငါမသိတတ်လေခြင်းဟု ကိုယ့်ကိုယ်ကို အနည်းငယ် စိတ်ဆိုးမှုသည် "ဒေါသ"မည်၏။ သူတစ်ပါးတို့အား ထိပါးပုတ်ခတ်လို လောက်အောင် အားကြီးသော စိတ်ဆိုးမှုသည် "ပဋိဃ"မည်၏။

ထိုသို့ ဆန္ဒ၊ရာဂနှင့် ဒေါသ၊ပဋိဃတို့ဖြစ်ပေါ်လျှင် သောက၊ပရိဒေဝ၊ဒုက္ခ၊ ဒေါသမနဿ၊ဥပါယာသတို့ ရှိဖြစ်ပေါ်လာသဖြင့် သမာဓိမရ၊ ပညာဖြစ်ခြင်းကြောင့် ရျာန်၊မဂ်၊ဖိုလ်တို့၏ အန္တရာယ် ဖြစ်သည်။

http://www.dhammadownload.com


ရှုံမှန်းခြင်းကြောင့် ကုသိုလ်ဟုလည်း မဖြေ, အကုသိုလ်ဟုလည်း မဖြေဘဲ ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ်စကားဖြင့် ဖယ်ရှားရှောင်လွှဲနေလေတော့၏၊ [ရှောင်လွှဲပုံမှာ ပဌမဝါဒအတိုင်းပင်၊]

ဤသို့ အခြားပညာ ရှိများက စစ်ဆေးမည်ကို စိုးခြင်းသည် အမရာဝိက္ခေပအယူဖြစ်ဖို့ရာ တတိယအကြောင်းတည်း။

## (၄) ညံ့ဖျင်း ထုံအခြင်းကြောင့် အမရာဝါဒဖြစ်ပုံ

ရဟန်းတို့… ဤလောက၌ တချို့သော သမဏ ဗြာဟ္မဏသည် မန္ဒ-ညံ့ဖျင်း၏။ မောမူဟ-ထုံအ၏။ သူသည် ညံ့ဖျင်းထုံအခြင်းကြောင့် ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ရှောင်လွှဲလေတော့၏၊ ရှောင်လွှဲပုံကား "**အတ္ထိ ပရော လောကော** = လူ့လောကမှ တခြားလောက ရှိသေးလား" ဟု အကယ်၍ မေးအံ့၊

"တခြားလောက ရှိသေး၏"ဟု ငါ့မှာ အယူရှိထားလျှင် တခြားလောကရှိသေး၏ဟု သူတို့အား ဖြေဆိုရာ၏၊ ငါ့မှာ ဒီလိုလဲ အယူမရှိ၊ ဟိုလိုလဲ (မရှိဘူးလို့လဲ) ငါ့မှာ အယူမရှိ၊ ရှိ-မရှိ နှစ်မျိုးမှ တခြားလို့လဲ ငါ့မှာအယူမရှိ၊ ရှိ-မရှိနှစ်မျိုးမှ တခြားမဟုတ်ဘူးလို့လဲ ငါ့မှာ အယူမရှိ၊ ရှိ-မရှိ နှစ်မျိုးမှ တခြား မဟုတ်ဆို တာ မဟုတ်ဘူးလို့လဲ ငါ့မှာ အယူမရှိ၊ ဤသို့ ဖယ်ရှားရှောင်လွှဲနေတော့သည်။

"**နတ္ထိ ပရော လောကော**=လူ့လောကမှ တခြားလောက မရှိဘူးလား"ဟုမေးရာ၌လည်းကောင်း, "အခြား လောကရှိလဲ ရှိ, မရှိလဲ မရှိဘူးလား"ဟု မေးရာ၌လည်းကောင်း, "တခြားလောကရှိတာလဲမဟုတ်-မရှိတာလဲမဟုတ်လား"ဟု မေးရာ၌လည်းကောင်း, ဥပပတ်ပဋိသန္ဓေနေသော နတ်,ဗြဟ္မာ စသူတို့ရှိသလား-မရှိဘူးလား, ရှိလဲ ရှိ-မရှိလဲ မရှိလား, ရှိတာလဲ မဟုတ်-မရှိတာလဲ မဟုတ်လား"ဟု မေးရာ၌လည်းကောင်း, "ကောင်းစွာ

http://www.dhammadownload.com


ပြုအပ်သော ကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံတို့၏ အကျိုးရှိသလား၊ မရှိဘူးလား၊ ရှိလဲရှိ မရှိလဲ မရှိလား၊ ရှိတာလဲမဟုတ်-မရှိတာလဲမဟုတ်လား''ဟု မေးရာ၌လည်းကောင်း၊ ''သတ္တဝါသည် သေပြီးနောက် ရှိသေးသလား၊ မရှိတော့ဘူးလား၊ ရှိတာလဲရှိ မရှိလဲ မရှိလား၊ ရှိတာလဲ မဟုတ်-မရှိတာလဲ မဟုတ်လား''ဟု မေးရာ၌လည်းကောင်း၊ ထိုအတိုင်းပင် ဖယ်ရှား ရှောင်လွှဲနေလေသည်၊ ဤသို့ ညှံ့ဖျင်းအခြင်းသည် အမရာဝါဒဖြစ်ဖို့ ရာ စတုတ္ထအကြောင်းတည်း။

ရဟန်းတို့ … အမရာဝိက္ခေပဝါဒရှိသူတို့သည် ဤလေးမျိုးသော အကြောင်းတို့ဖြင့် မပြီးပြတ်နိုင်၊ ဖမ်း၍ မမိနိုင်သော အယူစကားဖြင့် ဖယ်ရှား ရှောင်လွှဲကြလေ၏။ အမရာအယူဝါဒရှိကြသော သမဏ ဗြာဟ္မဏဟူသမျှ တို့သည် ဤလေးမျိုးသောအကြောင်းတို့ဖြင့်ဖြစ်စေ (၁မျိုး ၂မျိုး ၃မျိုးသော အကြောင်းတို့ဖြင့်ဖြစ်စေ) အမရာဝိက္ခေပမည်သော စကားဖြင့် ဖယ်ရှားရှောင် လွှဲကြလေ၏။ ဤလေးမျိုးအပြင် (အမရာဝါဒဖြစ်ဖို့ရန်)အကြောင်း တစ်မျိုး မရှိတော့ချေ။

[ဤမှ နောက်၌ သဗ္ဗညုတဉာဏ်၊ ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံး စကားတို့မှာ သဿတဝါဒအဆုံး အတိုင်းပင်တည်း။]

## အဓိစ္စသမုပ္ပန္န ဝါဒ(၂)မျိုး

ရဟန်းတို့··အဓိစ္စသမုပ္ပန္နအယူရှိကြသော သမဏ ဗြာဟ္မဏ တချို့ ရှိကြ၏၊သူတို့သည် အကြောင်းပြနှစ်မျိုးတို့ဖြင့် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏ဟုပြောဆို၊ ပညတ်ကြ လေ၏။ သူတို့သည်လည်း ဘယ်အချက်ကိုစွဲ၍ ပြောဆို၊ ပညတ်ကြသနည်း ဟု မေးဖွယ်ရှိ၏။

http://www.dhammadownload.com



## (၁)အသညသတ်ဘုံမှစုတေခဲ့သောကြောင့်

ရဟန်းတို့၊ အသညသတ်မည်သော ဗြဟ္မာတစ်မျိုးရှိ၏၊ သူတို့သည် သညာဖြစ်ပေါ်လာလျှင် ထိုသို့ စုတေ၍ လူ့ပြည်ရောက်သူ၊ လူ့ပြည်ရောက်ပြီး နောက် ရသေ့ရဟန်းပြုသူ၊ ရသေ့ရဟန်းပြုပြီး ဝီရိယသုံးမျိုးနှင့် သတိဉာဏ်ကို အခြေခံကာ ဈာန်အဘိညာဉ်ကိုရသူ၊ ယင်း အဘိညာဉ်ဖြင့် ဤဘဝ၌ သညာစ၍ ဖြစ်ပုံကိုသာ အောက်မေ့နိုင်၍ ထို့ထက်အလွန် မအောက်မေ့နိုင်သူ တစ်ယောက်တလေ ရှိရာ၏။ သူသည် ဤသို့ပြော၏၊

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်း မရှိဘဲ ဖြစ်၏၊ (ဘာ့ကြောင့် သိနိုင်သနည်း) ငါသည် ရှေးတုန်းက မဖြစ်ခဲ့ဘဲ

---

### မသိ၍ ရှောင်လွှဲနေခြင်းမျှဖြင့် မိစ္ဆာဒိဋ္ဌိမဖြစ်

အမရာဝိက္ခေပဝါဒ (၄)မျိုးလုံး၌ မောမူဟခေါ် ထုံထိုင်းခြင်း၊ မသိခြင်းလျှင် အခြေခံသဘော ရှိ၏။ ထိုသို့ မသိခြင်းကြောင့် ကိုယ့်ရှုံးကိုယ်ပတ်မဖြစ်ရလေအောင် ဟိုရှောင်၊ဒီရှောင် လုပ်နေခြင်းသာ ဖြစ်ရကား အဘယ်နည်းဖြင့် မိစ္ဆာအယူဖြစ်သနည်း ဟု မေးဖွယ်ရာရှိ၏။ အဖြေမှာ ရှောင်လွှဲနေရုံမျှဖြင့်ကား မိစ္ဆာဒိဋ္ဌိ မဖြစ်သေးပါ။

ထိုဝါဒ(၄)မျိုးလုံး၌ (၁)ငါ့မှာ မုသားဖြစ်သွားလိမ့်မည်။ (၂)ငါ့မှာ ဥပါဒါန် ဖြစ်လာလိမ့်မည်။ (၃)ငါ့ကို စစ်ဆေးကြလိမ့်မည်ဟု ငါဟူသော အတ္တစွဲ၊ ငါ့အယူဟူသောသော အတ္တနိယအစွဲတို့ ထင်ရှား ဖြစ်ပေါ်လာခဲ့၏။ ထိုသို့သော အတ္တစွဲအရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒများဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ်(၃)မျိုး တို့ကို မိစ္ဆာအယူရှိသူများဟု ဆိုရလေသည်။ စတုတ္ထပုဂ္ဂိုလ်ကား ပင်ကိုယ်က မောဟအားကြီးသဖြင့် ကုသိုလ်၊အကုသိုလ်မှန်းမသိ၊ ထိုသို့မသိသည်ကို မသိရိုးရိုး မနေဘဲ ရှောင်လွှဲ၍ ဖြေဆိုနိုင်မှုကိုပင် ငါ၊ငါ့အယူ၊ ကောင်းသည်ဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုး ဖြစ်၏။ ထိုအယူကိုပင် မိစ္ဆာအယူဟု ဆိုရလေသည်။

သဿတ-တည်မြဲ၏၊ ဥစ္ဆေဒ-ပြတ်စဲ၏ဟူသော အယူ(၂)မျိုးတွင် အဆက် မပြတ် ထပ်ကာထပ်ကာဖြစ်လာသော ကုသိုလ်၊အကုသိုလ်တို့ကို အာရုံပြု၍ အဆက် မပြတ်ဖြစ်တည်နေရကား သဿတဝါဒဘက်တွင် ယိမ်းယိုင်ပါဝင်လျက် ဖြစ်၏။

http://www.dhammadownload.com


ယခုဘဝမှစ၍ အထင်အရှား ဖြစ်ဖို့ရာ ညွှတ်ကိုင်းခဲ့ရပေသည်၊ ထို့ကြောင့် အတ္တလောကသည် အကြောင်းမရှိဘဲဖြစ်ကြောင်း သိနိုင်၏''ဟုပြောပြလေ၏။

ဤသို့ အသညသတ်ဘုံမှလာ၍ ဤဘဝ၌ သညာဖြစ်ပုံကိုသာ သိနိုင်ခြင်း, ထို့ထက် လွန်၍ မသိနိုင်ခြင်းသည် အဓိစ္စသမုပ္ပန္နအယူဖြစ်ဖို့ရာ ပဌမအကြောင်းတည်း။

## (၂)တက္ကီ တွေးခေါ်ကြံဆခြင်းကြောင့်

ရဟန်းတို့... ဤလောက၌ တချို့သော သမဏ ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစား နှိုင်းချိန်လေ့ရှိ၏၊ သူသည် ကြံစည်အပ်, စဉ်းစားနှိုင်း ချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ပြောပြ၏၊ (ပြောပြပုံကား)- အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏၊ ဤသို့ပြောပြလေ၏။ ရဟန်းတို့ ... ဤသို့ ကြံစည်နှိုင်းချိန်ခြင်းသည် အဓိစ္စသမုပ္ပန္နအယူဖြစ်ဖို့ရာ ဒုတိယအကြောင်းတည်း။

ရဟန်းတို့... အဓိစ္စသမုပ္ပန္န အယူရှိကုန်သော ထိုသမဏဗြာဟ္မဏ တို့သည် ဤ(၂)မျိုးလုံးသော အကြောင်းတို့ဖြင့်ဖြစ်စေ, တစ်မျိုးမျိုးသော အကြောင်းဖြင့်ဖြစ်စေ အတ္တ,လောကကို အကြောင်းမဲ့သက်သက်

---

**အဓိစ္စ သမုပ္ပန္န**

အဓိစ္စ-အကြောင်းမရှိဘဲ၊ အကြောင်းမဲ့။ သမုပ္ပန္န-ဖြစ်သည်။ အကြောင်းမဲ့ ဖြစ်ပေါ်လာသော အယူဝါဒကို **'အဓိစ္စသမုပ္ပန္နဝါဒ'** ဟု ခေါ်၏။

အတ္တသည်၊လောကသည်၊ ပုဂ္ဂိုလ်သတ္တဝါသည် ဘာအကြောင်းကြောင့်မှ ဖြစ်ပေါ်လာသည်မဟုတ်။ ထာဝရဘုရားကြောင့်လည်း မဟုတ်၊ ဗြဟ္မာ၊ဇီသနိုး၊ တန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ ကံစသော အကြောင်းတစ်မျိုးမျိုးကြောင့် ဖြစ်လာရသည် မဟုတ်။ သူဖြစ်ချင်လို့သာ ဖြစ်လာရသည်ဟု အကြောင်းမဲ့၊ ဘာသာမဲ့ အယူဝါဒမျိုး ဖြစ်၏။

http://www.dhammadownload.com


(သူဖြစ်ချင်လို့) ဖြစ်၏ဟု ပြောဆို၊ ပညတ်ကြလေသည်၊ ဤအကြောင်း (၂)မျိုးမှတစ်ပါး အဓိစ္စသမုပ္ပန္နအယူဖြစ်ဖို့ရာ အကြောင်းတစ်မျိုး မရှိတော့ပြီ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်တော်ပြခန်းစသည်တို့မှာ သဿတဝါဒ အဆုံးနှင့် အလုံးစုံတူပြီ။]

## ပုဗ္ဗန္တတပ္ပိက(၁၈) မျိုးလုံး၏နိဂုံး

ရဟန်းတို့ ... ရှေးအတိတ်အကြောင်းအရာစုကို ကြံစည်တတ်ကုန်၊ ရှေးအတိတ် အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ရှေးအတိတ်အကြောင်း အရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော

---

၁။အသညသတ်ဘုံမှ လာခဲ့သူ ဘာသာမဲ့အယူဖြစ်ပုံ

သညာ-သညာအမှူးပြုသော စိတ်၊စေတသိက်၊နာမ်ခန္ဓာအားလုံး။ အ-မရှိ။ ရှေးက ဘာဝနာအစွမ်းကြောင့် နာမ်တရားမရှိဘဲ ရုပ်ခန္ဓာချည်းရှိသော သတ္တဝါသည် 'အသညသတ်' မည်၏။

ရှေးအတိတ်လူ့ဘဝတုန်းက စတုတ္ထဈာန်ရိုးရိုးရရှိပြီးနောက် ဒုက္ခအားလုံးသည် စိတ်၊စေတသိက်ဟူသော အမှတ်သညာရှိမှုကြောင့် ဖြစ်ကြရ၏။ အမှတ်သညာ မရှိလျှင် စားချင်၊သောက်ချင်မှုမှစ၍ ထိုထိုဒုက္ခတို့ မဖြစ်ပေဟု ယူဆလျက် စိတ်၊စေတသိက်ဟူသော သညာအစုကို အပြစ်မြင်ကာ ဘာဝနာပွားလေရာ စတုတ္ထဈာန်၊(ပဥ္စမဈာန်)မှာ သညာဝိရာဂခေါ် သညာနှင့်တကွ နာမ်ခန္ဓာအားလုံးအပေါ် စက်ဆုပ်ရွံ့မုန်းသော သတ္တိထူးတစ်မျိုး ပါဝင်လာခဲ့၏။ ထိုသူသည် သေလွန်သောအခါ ဗြဟ္မာ့ဘုံ၌ဖြစ်၍ နာမ်တရားမပါ၊ ရုပ်ခန္ဓာချည်းသာ တည်နေရသော 'အသညသတ္တ' ခေါ် ဗြဟ္မာ ဖြစ်ရလေ၏။ ထိုဗြဟ္မာ့ဘုံ၌ ဈာန်အရှိန်၊ကံအရှိန်ကုန်သွားသောအခါ နောက်ဖြစ်မည့် ကာမဘုံ၌ (ရှေးကံစွမ်းကြောင့်) ပဋိသန္ဓေဟူသောသညာ ပြန်ပေါ်လာ၏။ ထိုသညာ ပေါ်လာလျှင်ပင် ဗြဟ္မာ့ပြည်က ရုပ်ခန္ဓာလည်း စုတေကွယ်ပျောက်ပြီးဖြစ်တော့၏။ ထိုသူသည် လူ့ဘဝသို့ရောက်သောအခါ ယခင်ဘဝက သညာချုပ်နေခြင်းကို မသိနိုင်သဖြင့် ဤဘဝမှ စတင်မွေးဖွားလာ၏ဟု ထင်မှတ်ကာ အကြောင်းအားလုံးကို ပယ်၍ အယူမှားမှု ဖြစ်၏။

http://www.dhammadownload.com



အကြောင်း(၁၈)မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေသည်၊ ဤ (၁၈)ပါးမှ တစ်ပါး အကြောင်းတစ်မျိုးမရှိတော့ပြီ။

[ဤမှနောက်၌လည်း သဗ္ဗညုတဉာဏ်တော်နှင့် ဝေဒနာကမ္မဋ္ဌာန်း နိဂုံးများကို ရှေးအတိုင်း ဟောတော်မူသေး၏။]

ϪϪϪ

---

## ၁။ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိ(၁၈)မျိုး ရေတွက်ပုံ

ရှေးအတိတ်ကဖြစ်ခဲ့သော အကြောင်းအရာစုကို ကြံစည်စဉ်းစား၍ အယူများကို လက်ခံယူဆခြင်း 'ပုဗ္ဗန္တကပ္ပိကဝါဒ'(၁၈)မျိုးမှာ...

(၁)သဿတဝါဒ-တည်မြဲအယူများ ... ၄-ပါး၊

(၂)ကေစ္စသဿတဝါဒ-အချို့သာတည်မြဲအယူများ ၄-ပါး၊

(၃)အန္တာနန္တဝါဒ- အဆုံးရှိ/မရှိအယူများ ၄-ပါး၊

(၄)အမရာဝိက္ခေပဝါဒ-ရှောင်လွှဲအယူများ ၄-ပါး၊

(၅)အဓိစ္စသမုပ္ပန္နဝါ- အကြောင်းမဲ့ဖြစ်အယူများ ၂-ပါး

အားလုံးပေါင်း (၁၈)ပါးသောအယူများတို့သည် ပုဗ္ဗန္တကပ္ပိက- မိစ္ဆာဝါဒများ ဖြစ်၏။

http://www.dhammadownload.com



## အပရန္တကပ္ပိကဝါဒ
## အနာဂတ်ကိုကြံ၍ဖြစ်သော မိစ္ဆာအယူ(၄၄)ပါး

♦♦♦♦♦

ရဟန်းတို့… နောက်အနာဂတ်အကြောင်းအရာစုကို ကြံစည်တတ်ကုန်, အနာဂတ် အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏဗြာဟ္မဏ တချို့ရှိကုန်၏၊ သူတို့သည် နောက်အနာဂတ်အကြောင်းအရာစုကို အာရုံပြု၍ (စိတ်ဖြင့်စဉ်းစား၍) မိစ္ဆာအယူဖြစ်ဖို့ရန် အမျိုးမျိုးသော အခြေခံစကားတို့ကို အကြောင်းပြ(၄၄) မျိုးတို့ဖြင့် (ငါတို့အယူသာ အမှန်, အခြားအယူတွေအမှားဟု) စွဲမြဲစွာ ပြောဆိုကြလေ၏၊ သူတို့သည် ဘယ်အချက်ကို စွဲ၍ ပြောဆိုကြသနည်းဟု မေးဖွယ်ရှိ၏။

### ဥဒ္ဓမာဃာတနိကသညီဝါ(၁၆)ပါး

ရဟန်းတို့ … ဥဒ္ဓမာဃာတနိကသညီဝါဒရှိကြကုန်သော သမဏဗြာဟ္မဏတချို့ ရှိကြ၏၊ သူတို့သည် (၁၆)ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိ၏ဟု ပြောဆိုပညတ်ကြလေသည်၊

---

### အပရန္တကပ္ပိကဟူသည်

အပရ+အန္တ-နောက်အနာဂတ်၌ဖြစ်လတ္တံ့သော+တရားစု။ ကပ္ပိက-ကြံစည်စဉ်းစားသူတို့၏။ ဝါဒ-အပြောအဆိုအယူအဆ။ နောက်အနာဂတ်၌ ဖြစ်လတ္တံ့သော အကြောင်းအရာစုကို ကြံစည်စဉ်းစား၍ အယူမှားကို လက်ခံယူဆခြင်းကို 'အပရန္တကပ္ပိကဝါဒ' ဟု ခေါ်၏။ ထိုအပရန္တကပ္ပိကဝါဒသည် ပြဆိုလတ္တံ့အတိုင်း (၄၄)မျိုး ရှိ၏။

### ဥဒ္ဓမာဃာတနိက

အာဃာတန-သေခြင်း၏၊ ဥဒ္ဓံ-အထက်(နောက်)ကာလ။ သေပြီးနောက်၌ အတ္တ၊လောကသည် သညာရှိ၏ဟု အယူမှားသောဝါဒကို 'ဥဒ္ဓမာဃာတနိက' သညီဝါဒ-ဟု ခေါ်၏။ ထိုသညီဝါဒသည် (၁၆)မျိုး ရှိ၏။

http://www.dhammadownload.com



သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပြောဆိုပညတ်ကြ သနည်းဟု မေးဖွယ်ရှိ၏။ [ထိုအမေး၏အဖြေကို အစဉ်အတိုင်း ၁၆ ပါးလုံးပြထားပါသည်]

(၁)ရူပီ အတ္တာ-အတ္တသည် အပြောင်းအလွဲသဘောရှိ၏၊(တစ်နည်း-ရုပ်သဘော ရှိ၏၊) သေပြီးနောက်၌ ပျက်စီး ခြင်းမရှိ (အနာရောဂါမရှိ၊) သညာလည်း ရှိ၏ဟု ထိုအတ္တကို တချို့က ပြောဆို, ပညတ်ကြသည်။

(၂)အရူပီ အတ္တာ-အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက်၌ ပျက်စီးခြင်း သဘောမရှိ(မြဲ၏)၊ (တစ်နည်း) အနာရောဂါ မရှိ၊ သညာလည်း ရှိ၏ဟု ထိုအတ္တကို ပြောဆို, ပညတ်ကြသည်။

(၃)ရူပီစ အရူပီစ အတ္တာ-အတ္တသည် ရုပ်သဘောအရှိလည်းဟုတ်၏၊ ရုပ်သဘော မရှိလည်း ဟုတ်၏၊ သေပြီးနောက် ပျက်စီး ခြင်းမရှိ (ရောဂါမရှိ)၊ သညာရှိ၏ဟု ထိုအတ္တကိုပြောဆို, ပညတ်ကြလေသည်။

---

(၁)အတ္တသည် ရုပ်သဘောရှိဝါဒ(ရူပီ အတ္တာ)

ဤဝါဒ၌ ရူပဈာန် ရပုဂ္ဂိုလ်သည် ဈာန်၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို "အတ္တ"ဟု ယူဆ၏။ ထိုပဋိဘာဂနိမိတ်သည် ကျယ်ပြန့် အောင် မချဲ့မီ ကျဉ်းငယ်၍ ကျယ်ပြန့်အောင် ချဲ့ထားသည့်အခါ ကြီးကျယ်သောကြောင့် "ရူပီ = အပြောင်းအလွဲ အားဖြင့် ဖောက်ပြန်ခြင်းသဘောရှိ၏"ဟု ယူဆ၏။

တစ်နည်း-မူလကသိုဏ်းဝန်းရုပ်နှင့် အလားတူသောကြောင့် "ရူပီ = ရုပ်သဘောရှိ၏"ဟု ယူဆကြလေသည်၊ ဈာန်မရသော ပုဂ္ဂိုလ်ကလည်း သူ၏ အတွေးအဆဖြင့် အတ္တသည် "ရူပီ = ရုပ်သဘောရှိ၏၊ သညာရှိ၏"ဟု ယူဆ၏။

ထိုဈာန်ရ, ဈာန်မရ ပုဂ္ဂိုလ်နှစ်မျိုးလုံးကပင် အတ္တသည် (ထုံးစံအတိုင်း ဤဘဝမှ သေပြီးနောက်) အရောဂေါ = ပျက်စီးခြင်း, ပြောင်းလွဲခြင်းမရှိ၊ (တစ်နည်း- အရောဂေါ = အနာရောဂါတောင်မရှိ, ပျက်စီးဖို့မှာ သာ၍ ဝေးသေး၏၊) ထို့ကြောင့် အခါခပ်သိမ်း အတ္တ၊လောကသည် ရုပ်သဘောသညာရှိ၏။ တည်ရှိနေ၏ (သဿတ)ဟု ယူမှားကြလေသည်။

http://www.dhammadownload.com



(၄)နေဝရူပီ နာရူပီ အတ္တာ- အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်၊ ရုပ်သဘောမရှိ လည်းမဟုတ်၊ သေပြီးနောက်၌ ပျက်စီး ခြင်းမရှိ (ရောဂါမရှိ)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြ၏။

(၅)အန္တဝါ အတ္တာ-အတ္တသည် အဆုံးအပိုင်းအခြားရှိ၏၊ သေပြီး နောက်၌ ပျက်စီးခြင်းမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ် ကြလေသည်။ [ဤပုဂ္ဂိုလ်ကား အန္တာနန္တဝါဒ၌ ပြခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ကို အဆုံးအပိုင်း အခြားရှိအောင် ချဲ့၍ ထိုနိမိတ်ကိုပင် အတ္တဟု စွဲလမ်းသူတည်း၊ အန္တာနန္တဝါဒ၌ ပြခဲ့သော ပုဂ္ဂိုလ်သည် အတိတ်အကြောင်း စုကို ကြံစည်၍ ဤပုဂ္ဂိုလ်ကား-အနာဂတ်အကြောင်းကို ကြံစည်ခြင်းသာ ထူး၏၊ နောက် လာမည့် (၆, ၇, ၈)ပုဂ္ဂိုလ် သုံးမျိုး၏ အယူအဆကိုလည်း အန္တာနန္တဝါဒ၌ ပြခဲ့သည်ကို နည်းမှီ၍ သိပါလေ။]

---

(၂)အတ္တသည် နာမ်သဘောရှိဝါဒ(အရူပီ အတ္တာ)

ဤဝါဒ၌ အရူပဈာန်၏ အာရုံဖြစ်သော ကောင်းကင် ပညတ်စသည်ကို အတ္တဟု ယူဆ၏၊ ထိုကောင်းကင်ပညတ်စသည်ကား ရုပ်သဘောမရှိ၊ ထိုအာရုံကို အာရုံပြုသော အရူပဈာန်သညာဖြင့် သညာရှိ၏ဟုလည်းကောင်း, သေပြီးနောက်၌ မပျက်ဘဲ မြဲ၏ဟုလည်းကောင်း, (တစ်နည်း- ပျက်စီးဖို့မဆိုထားဘိ ရောဂါမျှမရှိ) ထို့ကြောင့် အခါခပ်သိမ်း အတ္တ၊လောကသည် နာမ်သဘောသညာရှိ၏။ တည်ရှိနေ၏ (သဿတ)ဟု ယူမှားကြလေသည်။

၃။ဤပုဂ္ဂိုလ်ကား ရူပဈာန်လည်းရ, အရူပဈာန်ကိုလည်းရသောကြောင့် ရူပဈာန်၏အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို ''ရူပီ အတ္တာ''အတ္တသည် ရုပ်ရှိ၏ဟု ထင်ပြီးလျှင် တိုးတက်အားထုတ်၍ အရူပဈာန်ကို ရပြန်သည့်အခါ အရူပဈာန်၏ အာရုံကို ''အရူပီ အတ္တာ'' အတ္တသည် နာမ်ရှိဟုတစ်မျိုးထင်ပြန်လေသည်။

၄။ဤပုဂ္ဂိုလ်ကား သူများထံမှ ကြားရ၍ဖြစ်စေ, သူ့ဘာသာ ကြံစည် စဉ်းစား၍ ဖြစ်စေ ပြောဆို၍ အယူမှားသော ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



(၆)**အနန္တဝါ** **အတ္တာ**-အတ္တသည် အဆုံးအပိုင်းအခြားမရှိ၊ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏) သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

(၇)**အန္တဝါစ** **အနန္တဝါစ** **အတ္တာ**-အတ္တသည် အဆုံးရှိလည်းဟုတ်၊ အဆုံးမရှိလည်းဟုတ်၏၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။

(၈)**နေဝန္တဝါ** **နာနန္တဝါ** **အတ္တာ**-အတ္တသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။

(၉)**ဧကတ္တသညီ** **အတ္တာ**-အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏) သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ဈာန်သမာပတ်ကို ဝင်စားနေသူတည်း၊ ဈာန် သမာပတ်ဝင်စားနေခိုက် စိတ်အစဉ်ကို အတ္တဟု ယူ၍ ထိုအတ္တသည် ဈာန်၏ အာရုံတစ်ခုတည်းကိုသာ အာရုံပြုနေသောကြောင့် အမှတ်သညာ တစ်မျိုး တည်းသာရှိ၏ဟု ယူလေသည်။]

(၁၀)**နာနတ္တသညီ** **အတ္တာ**-အတ္တသည် အမျိုးမျိုး သညာရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ဈာန်သမာပတ်ကို ဝင်စားသူမဟုတ်၊ ဈာန်သမာပတ်ဝင်စားသည့်အခါ အာရုံအမျိုးမျိုးကို သိမြင်နေရသောကြောင့် အတ္တမှာ အမှတ်သညာ အမျိုးမျိုးရှိနေ၏ဟု ယူဆလေသည်။]

(၁၁)**ပရိတ္တသညီ** **အတ္တာ**-အတ္တသည် သေးငယ်သော သညာရှိ၏၊ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်သည် ဈာန်ပုဂ္ဂိုလ်ပင်တည်း၊ အကျယ် မချဲ့သဖြင့် ကျဉ်းငယ်နေ သော ကသိုဏ်းပဋိဘာဂနိမိတ်ကို ထိုဈာန်သညာက

http://www.dhammadownload.com



အာရုံပြုရသောကြောင့် (ဈာန်စိတ်ကို ဖြစ်စေ, သညာကိုဖြစ်စေ အတ္တဟု ယူပြီးလျှင်) အတ္တသည် သေးငယ်သော သညာရှိ၏ဟု ယူဆလေသည်၊ တစ်နည်း-တချို့ဆရာများက အတ္တသည် လက်မလောက်, မုယောစပါး လောက်, အဏုမြူလောက် သေးငယ်၏ဟု ယူဆကြလေသည်။]

(၁၂)အပၸမာဏသညီ အတ္တာ-အတ္တသည် အတိုင်းအရှည်မရှိ လောက်အောင် ကြီးကျယ်သော သညာရှိ၏၊ သေပြီးနောက်၌ ရောဂါ မရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

[ဤပုဂ္ဂိုလ်ကား အကျယ်ချဲ့ထားသော ကသိဏ်း ပဋိဘာဂနိမိတ်ကို ဈာန်သညာဖြင့် အာရုံပြုရသောကြောင့် အတ္တသည် ကြီးကျယ်သော သညာရှိ၏ဟု ယူဆကြလေသည်။ တနည်း-ဆရာတချို့ကား အတ္တသည် သက်ရှိသက်မဲ့ အရာတိုင်းမှာရှိ၏၊ ထို့ကြောင့် အတ္တသည် အတိုင်းအရှည် ပမာဏမပြနိုင်လောက်အောင် များမြောင်သော သညာရှိ၏ဟု ယူဆ၏။]

(၁၃)ဧကန္တသုခီ အတ္တာ-အတ္တသည် စင်စစ် သုခရှိ၏၊ သေပြီး နောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြ လေသည်။ [ဤပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရ၍ ထိုအဘိညာဉ်ဖြင့် အောက်အောက် ဖြစ်သော ရူပဘုံ သုံးထပ်၌ ဈာန်ဝင်စားကာ သုခဝေဒနာ ခံစားနေ ကြသူတို့ကိုမြင်၍ အတ္တသည် ဧကန်စင်စစ် ယခုလည်း သုခရှိ, နောင်ခါလည်း သုခရှိပေလိမ့်မည်ဟု ယူဆလေသည်။]

(၁၄)ဧကန္တဒုက္ခီ အတ္တာ-အတ္တသည် စင်စစ် ဒုက္ခရှိ၏၊ သေပြီး နောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ် ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခုဖြင့် ငရဲသားတို့ကိုမြင်၍ အတ္တသည် ဧကန်စင်စစ် ယခုလည်း ဒုက္ခခံရ, နောင်ခါလည်း ဒုက္ခခံရလိမ့်မည်ဟု ယူဆလေသည်]

http://www.dhammadownload.com


(၁၅)**သုခဒုက္ခီ အတ္တာ-** အတ္တသည် သုခ, ဒုက္ခ ၂ မျိုးလုံးရှိ၏၊ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤသူကား လူ့လောက၌ သတ္တဝါတို့ကိုမြင်၍ ပြောသူတည်း။]

(၁၆)**အဒုက္ခမသုခီ အတ္တာ**-အတ္တသည် အဒုက္ခမသုခါ (ဥပေက္ခာ) ရှိ၏၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)၊ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤသူကား ဒိဗ္ဗစက္ခုဖြင့် ဥပေက္ခာစျာန် ဝင်စားလေ့ရှိသော ဝေဟပ္ဖိုလ်ဗြဟ္မာ များကို မြင်၍ ပြောသူတည်း။]

**နိဂုံး**

ရဟန်းတို့.. ဥဒ္ဓမာဃာတန အယူရှိကုန်, သညီဝါဒရှိကုန်သော ထိုသမဏဗြာဟ္မဏတို့သည် ဤ(၁၆)ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိဟု ပြောဆိုပညတ်ကြလေသည်၊ ဥဒ္ဓ မာဃာတနိက သညီဝါဒရှိသူဟူသမျှတို့သည် ဤ(၁၆)ပါးသော အကြောင်းတို့ဖြင့်ဖြစ်စေ, ဤ(၁၆)ပါးတွင် တစ်ပါးပါးသော အကြောင်းဖြင့်ဖြစ်စေ သေပြီးနောက်၌ အတ္တကို သညာရှိ၏ဟု ပညတ်ကြလေသည်၊ ဤ(၁၆)ပါးမှ တစ်ပါး ဥဒ္ဓမာဃာတနိကသညီဝါဒ ပညတ်ဖို့ရန် အကြောင်းမရှိတော့ပြီ။

---

သညီဝါဒ(၁၆)ပါး

၁။ရုပ်ရှိ/မရှိ(ရူပီ+အရူပီ+ရူပီစ အရူပီစ+နေဝရူပီ နာရူပီ=အတ္တာ)၄-မျိုး

၂။**အဆုံးရှိ/မရှိ** (အန္တဝါ+အနန္တဝါ+အန္တဝါစ အန္တဝါစ+ နေဝန္တဝါ နာနန္တဝါ= အတ္တာ)ဟု ၄-မျိုး။

၃။**သညာနည်း/များ** (ဧကတ္တသညီ+နာနတ္တသညီ+ပရိတ္တသညီ+အပ္ပမာဏ သညီ= အတ္တာ)ဟု ၄-မျိုး။

၄။**ချမ်းသာ/ဆင်းရဲ** (သုခီ+ဒုက္ခီ+သုခဒုက္ခီ+ အဒုက္ခမသုခီ=အတ္တာ)၄မျိုး။

ထို့ကြောင့် ဥဒ္ဓမာဃာတနိက-သညီဝါဒ (၁၆) ပါး ဖြစ်၏။

http://www.dhammadownload.com


[ဤမှနောက်၌ သဗ္ဗညုတဉာဏ်တော်ပြခန်း၊ ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးချုပ်များမှာ ရှေးသဿတဝါဒအတိုင်းပင်တည်း။]

ꩤꩤꩤ

**ဥဒ္ဓမာဃာတနိက အသညီဝါဒ(၈)ပါး**

ရဟန်းတို့… ဥဒ္ဓမာဃာတနိကအသညီဝါဒရှိကြကုန်သော သမဏဗြာဟ္မဏ တစ်ချို့ရှိကြ၏။ သူတို့သည် (၈)ပါးသော အကြောင်းပြတို့ဖြင့် အတ္တကိုသေပြီးနောက်၌ သညာမရှိဟု ပြောဆိုပညတ်ကြလေ၏။ သူတို့သည် အဘယ်အချက်ကို စွဲ၍ ပြောဆိုပညတ်သနည်းဟု မေးဖွယ်ရှိ၏။ [ထိုအမေး၏ အဖြေကို အစဉ်အတိုင်း ရှစ်ပါးလုံးပြထားသည်။]

(၁)အတ္တသည် အပြောင်းအလွဲသဘောရှိ၏၊(တစ်နည်း- ရုပ်သဘောရှိ၏၊) သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာကားမရှိ၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြသည်၊

(၂)အတ္တသည်ရုပ်သဘောမရှိ၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)၊ ဤသို့ ထိုအတ္တကို ပြောဆို၊ ပညတ်ကြလေသည်၊ [ဤပုဂ္ဂိုလ်ကား ခန္ဓာ

---

အသညီဝါဒ (၈)ပါး

(၁)အတ္တသည် ရုပ်သဘောရှိဝါဒ(ရူပီ အတ္တာ)

ဤဝါဒ၌ ဈာန်၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို "အတ္တ"ဟုယူ၍ ထိုအတ္တ၏အပြောင်းလွဲရှိပုံ(ရုပ်သဘောရှိပုံ)၊ မြဲပုံမှာ ရှေးသညီဝါဒ(၁) အတိုင်းသာတည်း။ ထိုသူသည် သေပြီးနောက်၌ကား အသညသတ်ဘုံသို့ ရောက်နေသူကိုမြင်ရ၍ ထိုရှေးဘဝက အတ္တသည် သေပြီးနောက်၌ သညာမရှိတော့ဟု ယူဆသည်။

၂။အရူပီ အတ္တာ။ ၃။ရူပီစ အရူပီစ အတ္တာ။ ၄။ နေဝရူပီ နာရူပီ အတ္တာ။

http://www.dhammadownload.com


ငါးပါးတွင် သညာကၶန္ဓာကို အတ္တဟုယူသောပုဂ္ဂိုလ်တည်း၊ ထိုသညာ (သညာကၶန္ဓာ)မှာ အခြားသညာတစ်မျိုးမရှိသောကြောင့် သေပြီးနောက် သညာမရှိဟု ယူသည်။]

(၃)အတ္တသည် ရုပ်သဘောအရှိလည်း ဟုတ်၏၊ ရုပ်သဘော မရှိလည်း ဟုတ်၏၊ သေပြီးနောက် ရောဂါမရှိ (မြဲ၏)၊ သညာကားမရှိ၊ ဤသို့ ထိုအတ္တကိုပြောဆိုပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား သညာနှင့် တကွရုပ်, နာမ်အားလုံးကို အတ္တဟုယူ၍ ထိုအတ္တမှာ အခြားသညာ တစ်ခု အပိုမရှိသောကြောင့် သေပြီးနောက်၌ သညာမရှိဟုယူသည်၊ သေပြီးနောက်သာ မဟုတ်၊ မသေခင်လည်း အခြားသညာအပိုမရှိ၊ သို့သော် နောက်အနာဂတ်အကြောင်းကို တွေးဆသော ပုဂ္ဂိုလ်ဖြစ်၍ ''သေပြီးနောက်၌'' ဟု နေရာတိုင်းပါနေသည်။]

(၄)အတ္တသည် ရုပ်သဘောရှိသည်လည်းမဟုတ်၊ ရုပ်သဘောမရှိလည်းမဟုတ်၊ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)၊ သညာကားမရှိ၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြ၏။ [သူကား တက္ကီပုဂ္ဂိုလ်တည်း၊ သူတစ်ပါးထံမှ ကြား၍ဖြစ်စေ, မိမိဘာသာစဉ်းစား၍ဖြစ်စေ ဤဝါဒကို ယူထားလေသည်။]

(၅)အတ္တသည် အဆုံးအပိုင်းအခြားရှိ၏၊ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာကားမရှိ၏၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။ [ဤသူကား အကျယ်မချဲ့အပ်သော ကသိုဏ်းရုပ်ကို အတ္တဟုယူ၍ ထိုကသိုဏ်းရုပ်မှာ မှတ်သားတတ်သော သညာသဘောမရှိသောကြောင့် ''အသညီ =

---

၅။ အန္တဝါ အတ္တာ။

၆။ အနန္တဝါ အတ္တာ။

၇။ အန္တဝါစ အန္တဝါစ အတ္တာ။

၈။ နေဝန္တဝါ နာနန္တဝါ အတ္တာ။

http://www.dhammadownload.com


သညာမရှိ''ဟု ယူလေသည်၊ နောက် ၃ ဝါဒ၌ အဆုံးမရှိပုံ စသည်ကိုလည်း ရှေးအန္တာနန္တဝါဒနည်းမှီ၍ သိပါလေ။]

(၆)အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(၇)အတ္တသည် အဆုံးရှိလည်း ရှိ, အဆုံးလည်းမရှိ။

(၈)အတ္တသည် အဆုံးရှိလည်းမဟုတ်, အဆုံးမရှိလည်းမဟုတ်။

သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)၊ သညာကားမရှိ၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

ရဟန်းတို့ ... ဥဒ္ဓမာဃာတနိကအသညီဝါဒရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဤ(၈)ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီး နောက်၌ သညာမရှိဟု ပြောဆိုပညတ်ကြလေသည်၊ ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိသူဟူသမျှတို့သည် ဤ(၈)ပါးသော အကြောင်းတို့ဖြင့်ဖြစ်စေ, ဤ(၈)ပါးတွင် တစ်ပါးပါးသော အကြောင်းတို့ ဖြင့်ဖြစ်စေ အတ္တကို သေပြီး နောက်၌ သညာမရှိဟု ပြောဆိုပညတ်ကြလေသည်၊ ဤ(၈)ပါးမှတစ်ပါး (ဥဒ္ဓမာဃာတနိက အသညီဝါဒ ပညတ်ဖို့ရန်)အကြောင်းမရှိတော့ပြီ။

[ဤမှနောက်၌ သဗ္ဗညုတဉာဏ်ခန်းစသည်မှာ ရှေးအတိုင်းသာတည်း]

ጙጙጙ

http://www.dhammadownload.com


## ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ(၈)ပါး

ရဟန်းတို့ ... ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒရှိကုန်သော သမဏဗြာဟ္မဏတချို့ ရှိကုန်၏။ သူတို့သည်(၈)ပါးသော အကြောင်းပြတို့ဖြင့် အတ္တကိုသေပြီးနောက်၌ သညာရှိလည်းမဟုတ်, သညာမရှိလည်းမဟုတ်ဟူ၍ ပြောဆိုပညတ်ကြလေသည်။ သူတို့သည်လည်း အဘယ်အချက်ကို စွဲ၍ပြောဆိုပညတ်ကြသနည်းဟု မေးဖွယ်ရှိ၏။

(၁)အတ္တသည် အပြောင်းအလွဲသဘောရှိ၏၊ (တနည်း)- ရုပ်သဘော ရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ၊ သညာရှိလည်းမဟုတ်၊ သညာမရှိလည်း မဟုတ်၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

(၂) အတ္တသည် ရုပ်သဘောမရှိ။

(၃) အတ္တသည် ရုပ်သဘောလည်းရှိ၏၊ ရုပ်သဘောလည်းမရှိ။

(၄) အတ္တသည် ရုပ်သဘောအရှိလည်းမဟုတ်၊ ရုပ်သဘော မရှိလည်းမဟုတ်။

(၅)အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။

---

နေဝသညီ နာသညီဝါဒ (၈)ပါး

၁။ ရူပီ အတ္တာ= ဤသူကား သေနေ တုန်းအခါ, သေပြီးနောက် ပဋိသန္ဓေနေတုန်းအခါ၌ အမှတ်သညာသည် ပကတိအခါကဲ့သို့ မထင်ရှားဘဲ အားသေးလှသောကြောင့် အတ္တမှာ သညာရှိတယ်ဟုပင် မဆိုလောက်ရကား ''နေဝသညီ = သညာရှိလည်း မဟုတ်''ဟု ယူ၍ သညာလုံးဝမရှိလည်းမဟုတ် (သိမ်သိမ်မွေ့မွေ့ကား ရှိနေသေး)သောကြောင့် ''နာသညီ(န+အသညီ)=သညာမ ရှိလည်း မဟုတ်''ဟု ပြောဆိုသည်။

၂။ အရူပီ အတ္တာ။

၃။ ရူပီစ အရူပီစ အတ္တာ။

၄။ နေဝရူပီ နာရူပီ အတ္တာ။

http://www.dhammadownload.com


(၆)အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(၇)အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိ။

(၈)အတ္တသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ သေပြီးနောက်၌ ရောဂါမရှိ၊ သညာရှိ လည်းမဟုတ်၊ သညာမရှိလည်းမဟုတ်၊ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

[ဤဝါဒများ၏ အဓိပ္ပာယ်ကို ရှေးသညီဝါဒကို နည်းမှီ၍ သိပါလေ၊]

ရဟန်းတို့ ... ဉဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒရှိကုန်သော ထို သမဏဗြာဟ္မဏတို့သည် ဤ(၈)ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိလည်းမဟုတ်၊ သညာမရှိလည်းမဟုတ်ဟု ပြောဆိုပညတ်ကြလေသည်၊ ဉဒ္ဓမာဃာတနိက နေဝသညီနာသညီ ဝါဒရှိသူ ဟူသမျှတို့သည် ဤအကြောင်းပြ(၈)ဝါးတို့ဖြင့်ဖြစ်စေ, ဤ(၈)ပါးတွင် တစ်ပါးပါးဖြင့်ဖြစ်စေ အတ္တကို သေပြီးနောက်၌ သညာရှိလည်း မဟုတ်၊ သညာမရှိလည်း မဟုတ်ဟု ပြောဆိုပညတ်ကြလေသည်။

ဤ(၈)ပါးမှတစ်ပါး (ဉဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ ပညတ် ဖို့ရန်)အကြောင်း တစ်မျိုး မရှိတော့ပြီ။

[ဤမှ နောက်၌ သဗ္ဗညုတဉာဏ် ခန်းစသည်မှာ ရှေးအတိုင်း သာတည်း။]

---

၅။ အန္တဝါ အတ္တာ။
၆။ အနန္တဝါ အတ္တာ။
၇။ အန္တဝါစ အန္တဝါစ အတ္တာ။
၈။ နေဝန္တဝါ နာနန္တဝါ အတ္တာ။

http://www.dhammadownload.com



## ဥစ္ဆေဒဝါဒ(၇)ပါး

ရဟန်းတို့ ... ဥစ္ဆေဒအယူရှိကုန်သော သမဏဗြာဟ္မဏတချို့ရှိကြ၏၊ သူတို့သည် အမျိုးမျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားသော သတ္တဝါ၏ ပြတ်စဲခြင်း,ပျက်စီးခြင်း,ကင်းပျောက်ခြင်းကို ပြောဆိုပညတ်ကြ၏ သူတို့သည်လည်း ဘယ်အချက်ကိုစွဲ၍ ပညတ်ကြသနည်းဟု မေးဖွယ်ရှိ၏။

(၁)ရဟန်းတို့ ... ဤလောက၌ တချို့သော သမဏ ဗြာဟ္မဏသည် ဤသို့ပြောလေ့ရှိ၏၊ ဤသို့အယူရှိ၏၊ အရှင်တို့... အကြင်အကြောင်းကြောင့် ဤအတ္တသည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးသာတည်း၊ မိဘတို့ သုက်သွေးကြောင့်ဖြစ်ရ၏၊ ထိုသို့မဟာဘုတ်လေးပါး အစုအဝေးဖြစ်၍ မိဘတို့ သုက်သွေးကြောင့်ဖြစ်ရသော ရုပ်ရှိသတ္တဝါဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်ပျက် စီးလျှင် (အတ္တလည်း)ပြတ်စဲ ပျောက်ပျက်တော့၏၊ သေပြီးနောက် ဘာမျှ မဖြစ်တော့ချေ။ ဤသို့လျှင် တချို့သော သမဏဗြာဟ္မဏတို့သည် ထင်ရှား ရှိသော သတ္တဝါ၏ပြတ်စဲခြင်း ပျက်စီးခြင်း ကင်းပျောက်ခြင်းကို ပြောဆို ပညတ်ကြလေသည်။

---

ဥစ္ဆေဒဝါဒ

ဥစ္ဆေဒ- သတ္တဝါသေလျှင် အဆက်မရှိတော့ဘဲ ပြတ်စဲ၏ဟူသော၊ ဝါဒ- အယူ။ 'ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ၊ ဝိနဿတိ၊ န ဟောတိ ပရံ မရဏာ။' ဒီဘဝလုပ်ချင်တာလုပ်၊ ဒီဘဝပြီးလျှင် နောက်ဘဝဆိုတာ မရှိ။ ဒီဘဝတွင် ဒီကိုယ်ဖြင့် ပြီးပြတ် သွားသည်ဟု ပြောဆိုသူတို့သည် ဥစ္ဆေဒဝါဒရှိသူ ဖြစ်၏။

(၁)ဤသူသည် ခန္ဓာကိုယ်ရုပ်တရားကို အစွဲပြု၍ တစ်ကိုယ်လုံးကို အတ္တဟု ယူဆထားသည်။ ထိုအတ္တသည် (ကံကြောင့်လည်းမဖြစ်၊ ထာဝရဘုရား ကြောင့်လည်း မဖြစ်၊ ဗြဟ္မာစသည်တို့ကြောင့်လည်းမဖြစ်) မိဘတို့၏ သုတ်သွေး ကြောင့် ဖြစ်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါး အစုအဝေးသာ ဖြစ်၏။ ထို့ကြောင့် ထိုရုပ်ခန္ဓာကိုယ်သည် သေလျှင် မြေမှုန်အဖြစ်သို့ ရောက်၍ ပျက်စဲသွားရတော့၏။ မည်သည့်အဆက်အစပ်မျှ မရှိဟု ယူ၏။

http://www.dhammadownload.com



(၂)လူ့ဘဝ-တစ်ဘဝမျှဖြင့် ပြတ်စဲခြင်းဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ဤသို့ ပြောပြန်၏၊ အရှင်... သင်ပြောအပ်သော (လူ့တစ်ဘဝ ဆုံးလျှင် ပြတ်စဲသော)အတ္တသည် ရှိပါပေ၏၊ မရှိနိုင်ဟု ငါမပြောလိုပါ၊ သို့ရာတွင် ဤလူ့ဘဝတစ်ဘဝမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး၊ နတ်ပြည်၌ဖြစ်သော ရုပ်လည်းရှိသော ကာမာဝစရနတ် ပြည်တွင် ပါဝင်သော နတ်သုဓာအာဟာရကို စားသော အတ္တတစ်မျိုးရှိသေး၏၊ ထိုအတ္တကို သင်မသိ, သင်မမြင်၊ ငါသိ၏, ငါမြင်၏၊ ထိုနတ်ဘဝ အတ္တသည် သေပြီးနောက် အဆက်မရှိ ပြတ်စဲတော့၏၊ ဘာမျှထပ်၍မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်းပြတ်စဲ၏ဟု ပြောဆိုလေသည်။

(၃)နတ်ဘဝဆုံးမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟုပြော လေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ- အရှင်... သင်ပြော အပ်သော အတ္တသည် ရှိပါပေ၏၊ မရှိနိုင်ဟု ငါမဆိုလိုပါ၊ သို့ရာတွင် ဤနတ်ဘဝဆုံး ရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ်စဲသေး၊

အရှင်... ဗြဟ္မာ့ပြည်၌ဖြစ်သော ရုပ်လည်းရှိသော ဈာန်စိတ် ကြောင့်ဖြစ်သော အင်္ဂါကြီးငယ်အားလုံးနှင့် ပြည့်စုံသော စက္ခု, သောတစသော ဣန္ဒြေတို့ မယုတ်လျော့သော (မျက် စိ, နား, နှာ, လျှာ, ကိုယ်နှင့်တကွ အင်္ဂါကြီးငယ်အပြည့်အစုံပါသော) အတ္တတစ်မျိုးရှိသေး၏၊

---

၂။ နတ်ဘဝကို ပြန်၍ အောက်မေ့သတိရနိုင်သူ။
၃။ ရူပဗြဟ္မာဘဝအထိ ပြန်၍ အောက်မေ့သတိရနိုင်သူ။
၄။ ပထမ-အရူပဗြဟ္မာဘဝအထိ ပြန်၍ အောက်မေ့သတိရနိုင်သူ။
၅။ ဒုတိယ-အရူပဗြဟ္မာဘဝအထိ ပြန်၍ အောက်မေ့သတိရနိုင်သူ။
၆။ တတိယ-အရူပဗြဟ္မာဘဝအထိ ပြန်၍ အောက်မေ့သတိရနိုင်သူ။
၇။ စတုတ္ထ-အရူပဗြဟ္မာဘဝအထိ ပြန်၍ အောက်မေ့သတိရနိုင်သူ။

http://www.dhammadownload.com


ထိုအတ္တကို သင် မသိမမြင်၊ ငါသာ သိမြင်၏၊ အရှင် ထိုအတ္တသည် ခန္ဓာကိုယ်ပျက်စီးပြီးနောက် အဆက်မရှိပြတ်စဲတော့၏၊ ဘာမျှ ထပ်၍ မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏ဟု ပြောပြလေသည်။

(၄)ဗြဟ္မာဘဝအဆုံးကျမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ-အရှင် … သင်ပြော အပ်သော အတ္တသည် ရှိပါပေ၏၊ မရှိနိုင်ဟု ငါမဆိုလိုပါ၊ သို့ရာတွင် ဤဗြဟ္မာ ဘဝဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ်စဲသေး၊ အရှင်-ရူပသညာတို့ကို အကုန်အစင်လွန်မြောက်ခြင်း, ပဋိဃသညာတို့၏ ချုပ်ခြင်း, နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိဟု အာရုံပြုကာ (အရူပလေးဘုံတွင် ပဌမဖြစ်သော) အာကာသာနဉ္စာယတနဘုံသို့ရောက်သော အတ္တတစ်မျိုး ရှိသေး၏၊ ထိုအတ္တကိုသင်သည် မသိမြင်၊ ငါသာသိမြင်၏၊ အရှင်… ထိုအတ္တသည် အရူပနာမ်တရားအပေါင်း ပျက်စီးပြီး မှ လုံးဝပြတ်စဲ၏၊ ဘာမျှထပ်၍ မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်းပြတ်စဲ၏ဟု ပြောပြလေသည်။

(၅)ပဌမအရူပဘဝဆုံးမှ အတ္တသည် အပြီးသတ်ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ- အရှင်… သင်ပြော အပ်သော အတ္တသည် ရှိပါပေ၏၊ မရှိဟု ငါမဆိုလိုပါ၊ သို့ရာတွင် ဤ ပဌမ အရူပဘဝဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ်စဲသေး၊ အရှင်… အာကာသာနဉ္စာယတနစျာန် ထိုစျာန် ၏ အာရုံကို အကုန်အစင် လွန်မြောက်၍ "အနန္တံ ဝိညာဏံ"ဟု ကမ္မဋ္ဌာန်းပွားများလျက် ဒုတိယ အရူပဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်သော အတ္တတစ်မျိုးရှိသေး၏၊

http://www.dhammadownload.com


ထိုအတ္တကို သင်သည် မသိမြင်, ငါသာသိမြင်၏၊ အရှင် … ထိုအတ္တသည် ထိုနာမ်တရားစုပျက်စီးပြီးမှ လုံးဝပြတ်စဲ၏၊ ဘာမျှ ထပ်၍ မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏ဟု ပြောပြလေသည်။

(၆)ဒုတိယအရူပဘဝဆုံးမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူ့ကို တခြားသူ ကပြောပြန်သည်မှာ- အရှင်… သင်ပြောအပ်သော အတ္တသည်ရှိပါပေ၏၊ မရှိဟု ငါမဆိုလိုပါ၊ သို့ရာတွင် ဤဒုတိယ အရူပဘဝ ဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး၊ အရှင် ဝိညာဏဉ္စာယတနဈာန် ထိုဈာန်၏ အာရုံကို အကုန်အစင် လွန်မြောက်၍ ''နတ္ထိကိဉ္စိ''ဟု ကမ္မဋ္ဌာန်းပွားများလျှက် တတိယအရူပ အာကိဉ္စညာယတနသို့ ကပ်ရောက်သော အတ္တတစ်မျိုးရှိသေး၏၊ ထိုအတ္တကို ထိုနာမ်တရားစုပျက်ပြီးမှ လုံးဝပြတ်စဲ၏၊ ဘာမျှထပ်၍မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်းပြတ်စဲ၏ဟု ပြောပြလေသည်။

(၇)တတိယအရူပဘဝဆုံးမှ အတ္တသည် အပြီးသတ် ရပ်စဲ၏ဟု ပြောပြလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ-အရှင်… သင်ပြော အပ်သော အတ္တသည် ရှိပါပေ၏၊ မရှိဟု ငါမဆိုလိုပါ၊ သို့ရာတွင် ဤတတိယ အရူပဘဝဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ်စဲသေး၊ အရှင် … အာကိဉ္စညာယတနဈာန်နှင့် ထိုဈာန်၏အာရုံကို အကုန်အစင်လွန်မြောက်၍ ''သန္တမေတံ- ပဏီတမေတံ''ဟု ကမ္မဋ္ဌာန်းပွားများလျက် စတုတ္ထအရူပ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်သော အတ္တတစ်မျိုး ရှိသေး၏၊ ထိုအတ္တကို သင်သည် မသိမြင်၊ ငါသာ သိမြင်၏၊ အရှင်… ထိုအတ္တသည် ထိုနာမ်တရားစုပျက်စီးပြီးမှ လုံးဝပြတ်စဲ၏၊ ဘာမျှထပ်၍ မဖြစ်တော့၊ ဤအခါကျမှ အတ္တသည် ကောင်းကောင်းပြတ်စဲ၏ဟု ပြောပြလေသည်။

http://www.dhammadownload.com



ရဟန်းတို့… ဥစ္ဆေဒအယူရှိကုန်သော သမဏဗြာဟ္မဏတို့သည် ဤ (၇)မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲပျက်စီးကင်းပျောက်ခြင်းကို ပြောဆိုပညတ်ကြလေသည်၊ ဥစ္ဆေဒဝါဒအယူရှိသူဟူသမျှ ဤ(၇)မျိုးဖြင့်သာ ပညတ်ကြရ၏၊ ဤ(၇)မျိုးအပြင် ဥစ္ဆေဒဝါဒ ပညတ်ဖို့ရန် အကြောင်းတစ်မျိုး မရှိတော့ ပြီ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ် , ဝေဒနာကမ္မဋ္ဌာန်း, နိဂုံးတို့မှာ ရှေးအတိုင်းသာတည်း။]

ကကက

## ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (၅)မျိုး

ရဟန်းတို့… ဒိဋ္ဌဓမ္မနိဗ္ဗနဝါဒ အယူရှိကြသော သမဏ ဗြာဟ္မဏ တချို့ရှိကြ၏၊သူတို့သည် (၅)မျိုးသောအကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပြောဆိုပညတ်ကြ၏။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ပြောဆိုကြသနည်းဟု မေးဖွယ်ရှိ၏

(၁)ရဟန်းတို့… ဤလောက၌ တချို့သော သမဏ ဗြာဟ္မဏသည် ဤသို့ ပြောလေ့ရှိ၏၊ ဤသို့ အယူရှိ၏၊ အရှင် … အကြင်အကြောင်းကြောင့်

---

### ဒိဋ္ဌဓမ္မနိဗ္ဗာန်-ဟူသည်

ဒိဋ္ဌဓမ္မ-လက်ရှိဘဝ၊ မျက်မြင်ခန္ဓာကိုယ်။ နိဗ္ဗာန်-ဒုက္ခကင်းကွာ ချမ်းသာစွာ နေထိုင်ရခြင်း။ လက်ရှိဘဝခန္ဓာကိုယ်၌ ဆင်းရဲကင်းကွာ ချမ်းသာစွာ ရှင်သန်နေထိုင်ရခြင်းကိုပင် 'ဒိဋ္ဌဓမ္မနိဗ္ဗာန်'(လောကနိဗ္ဗာန်)ဟု ခေါ်သည်။

မြတ်စွာဘုရားလက်ထက်တော်က မာဂဏ္ဍီပုဏ္ဏားကြီးသည် စားဝတ်နေရေး ပြည့်စုံဖူလုံနေသော မိမိဘဝအခြေကို ဆင်ခြင်ကာ မိမိဗိုက်ကို လက်ဖြင့်ပုတ်လျက် 'နိဗ္ဗာန်ဆိုတာ ဒါပါပဲ'ဟု ဆို၏။ လူအချို့သည် စားဝတ်နေရေးတို့ ပြည့်စုံနေခြင်း၊ လောကီကာမဂုဏ်အာရုံချမ်းသာတို့ဖြင့် ပြည့်စုံနေခြင်းကို နိဗ္ဗာန်ဟု ယူဆနေကြခြင်းမှာ 'ဒိဋ္ဌဓမ္မနိဗ္ဗာန-မိစ္ဆာဝါဒ'ပင် ဖြစ်တော့၏။

http://www.dhammadownload.com



ဤအတ္တသည် ကာမဂုဏ်ငါးပါးဖြင့် တင့်တယ်စံပယ်လျက် ခံစား စံစားရ၏၊ ထိုမျှလောက်သော အကြောင်းဖြင့် ဤအတ္တသည် ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်၊ ဤနည်းအားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။

(၂)ချမ်းချမ်းသာသာနှင့် ကာမချမ်းသာခံစားနေရခြင်းကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ -

အရှင်··· သင်ပြောအပ်သော အတ္တသည်ရှိပါပေ၏၊ မရှိဟုမဆိုလိုပါ၊ သို့ရာတွင် ဤအတ္တသည် ဤမျှလောက်ဖြင့် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု မဆိုနိုင်သေး၊ (ဘာ့ကြောင့်လဲ)၊ ကာမဂုဏ်တို့သည် (စည်းစိမ်ဥစ္စာရတနာနှင့် သားမယား ခြွေရံသင်းပင်းအားလုံးတို့သည်) အမြဲမရှိကြ၊ ဒုက္ခမကင်းကြ၊ ဖောက်ပြန်ခြင်း (အိုခြင်း,သေခြင်း)သဘော ရှိကြပေ၏၊ ထိုကာမဂုဏ်တို့၏ တမျိုးတမည် ဖောက်ပြန်ပျက်စီးသွားခြင်းကြောင့် ဝမ်းနည်းမှု သောက, ငိုကြွေးရမှု ပရိဒေဝ, ကိုယ်ဆင်းရဲရမှု ဒုက္ခ, စိတ်ဆင်းရဲရမှု ဒေါမနဿ, ပြင်းပြင်းပျပျ စိတ်ညစ်ရမှု ဥပါယာသတို့ ဖြစ်ကြရပေ၏။

ထို့ကြောင့် ကာမဂုဏ် ခံစားရရုံမျှဖြင့် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် မရသေး၏ဟု ပြောနိုင်ပေသည်၊ အရှင် ··· အကြင်အခါ၌ ဤအတ္တသည်

---

ထိုဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ(၅)မျိုးမှာ-

၁။ကာမဂုဏ်အာရုံ ငါးပါးတို့ဖြင့် မတောင့်မတ မကြောင့်ကြရဘဲ ခံစားစံစားနေရခြင်းကို လောကနိဗ္ဗာန်ဟု ယူ၏။

၂။ပထမဈာန်ချမ်းသာကို ရရှိခံစားနေနိုင်ခြင်းသည် လောကနိဗ္ဗာန်ဟု ဆို၏။

၃။ဒုတိယဈာန်ချမ်းသာကို ခံစားနေနိုင်ခြင်းသည် လောကနိဗ္ဗာန်ဟု ဆို၏။

၄။တတိယဈာန်ချမ်းသာကို ခံစားနေနိုင်ခြင်းသည် လောကနိဗ္ဗာန်ဟု ဆို၏။

၅။စတုတ္ထဈာန်ချမ်းသာကို ခံစားနေနိုင်ခြင်းသည် လောကနိဗ္ဗာန်ဟု ဆို၏။

http://www.dhammadownload.com



ကာမဂုဏ်တို့မှလည်းကောင်း, အကုသိုလ်တို့မှလည်းကောင်း ဝိတက် ဝိစာရ ရှိသော နိဝရဏကင်းမှုကြောင့် ဖြစ်ပေါ်လာသော ပီတိသုခလည်းရှိသော ပဌမဈာန်ကိုရ၏။

ထိုပဌမ ဈာန်ချမ်းသာကို ရသည့်အခါ၌ ဤအတ္တသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်၊ ဤနည်း အားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ [ဤသူကား ပဌမဈာန်ချမ်းသာကို ရရှိမှုကို ဒိဋ္ဌဓမ္မ နိဗ္ဗာန်ရသည်ဟု ဆိုလိုသည်။)

(၃)ပဌမဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ- အရှင် ... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏၊ မရှိဟုမဆိုလိုပါ၊ သို့ရာတွင် ဤအတ္တသည် ဤမျှလောက်ဖြင့် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု မဆိုနိုင်သေး၊ ဘာ့ကြောင့်နည်း၊ ထိုပဌမဈာန်၌ ဝိတက်ဝိစာရပါရှိ၏၊ ဤ ဝိတက်ဝိစာရအတွက် ဤပဌမ ဈာန်ကို "ကြမ်းတမ်း"ဟု ဆိုထိုက်သောကြောင့်တည်း။

အရှင်... အကြင် အခါ၌ ဤအတ္တသည် ဝိတက် ဝိစာရငြိမ်းအေး၍ မိမိသန္တာန်၌ စိတ်ကို ကြည်စေနိုင်, သမာဓိကို တိုးပွားစေနိုင်သော (ဝိတက် ဝိစာရ မပါဘဲ သမာဓိကြောင့်ဖြစ်သော) ပီတိ သုခပါရှိသော ဒုတိယဈာန်ကို ရ၏၊ ထိုအခါ ဤအတ္တသည် ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟုပြောပြလေသည်၊ ဤနည်းအားဖြင့် အချို့ထင်ရှားသော သတ္တဝါ၏မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် ကို ပညတ်ကြလေသည်။ [ဤသူကား ဒုတိယဈာန်ရမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရသည်ဟု ဆိုလိုသည်။]

(၄)ဒုတိယဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ပြောပြန်သည်မှာ-အရှင်... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏၊ မရှိဟုမဆိုလိုပါ၊ သို့ရာတွင် ဤအတ္တသည် ဤမျှလောက်ဖြင့်

http://www.dhammadownload.com



မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ မရောက်သေး၊ ဘာ့ကြောင့်နည်း၊ ထိုဒုတိယ ဈာန်၌ စိတ်ကို ပေါ်လွင်စေတတ် (တကြွကြွ တရွရွဖြစ်စေတတ်)သော ပီတိ ပါရှိနေ၏၊ ဤပီတိအတွက် ဤဒုတိယဈာန်ကို ကြမ်းတမ်းသည်ဟု ဆိုထိုက်သောကြောင့်တည်း။

အရှင်…အကြင်အခါ၌ ဤအတ္တသည် ပီတိကို စက်ဆုပ်လွန် မြောက်သော ဥပေက္ခာပြု၍ နေနိုင်၏၊ သတိ သမ္ပဇဉ်(ဉာဏ်) လည်းရှိ၏၊ သုခကိုလည်း နာမကာယဖြင့် ခံစားနိုင်၏၊ [သုခကို ခံစားလိုစိတ် မရှိ သော်လည်း အလွန် အေးမြချမ်းသာရကား နာမကာယ(နာမ်အပေါင်း)ဖြင့် ထိုသုခကို ခံစားသလိုဖြစ်နေတော့သည်၊] အကြင်ဈာန်ကြောင့် ထိုသူ့ကို အရိယာတို့က "ဥပေက္ခာပြုနိုင်ပေစွ၊ သတိရှိပါပေစွ၊ ချမ်းသာစွာ နေလေ့ ရှိပါပေစွ"ဟု ချီးမွမ်း ကြရ၏။

ထိုသို့ ချီးမွမ်းခံရလောက်သော တတိယဈာန်ကို ရ၏၊ ဤအခါ ဤအတ္တသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် သို့ ရောက်ပြီဟုပြောပြလေသည်၊ ဤနည်းအားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ [ဤသူကား တတိယဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုလိုသည်။]

(၅)တတိယဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည် မှာ- အရှင်… သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏၊ မရှိဟု မဆိုလိုပါ၊ သို့ရာတွင် ဤအတ္တသည် ဤမျှ လောက်ဖြင့် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ မရောက်သေး၊ ဘာ့ကြောင့်နည်း၊ ထိုတတိယဈာန်၌ အကြင်သုခသည်လည်း ကောင်း, ဈာန်မှထသည့်အခါ ထိုသုခကိုပင် ထပ်ကာထပ်ကာ စိတ်က နှလုံးသွင်းနေမှု မနသိကာရသည် လည်းကောင်း ရှိ၏၊ ဤသုခနှင့် မနသိကာရအတွက် ဤတတိယဈာန်ကို ကြမ်းတမ်း၏ဟုဆိုထိုက်သောကြောင့်တည်း။

http://www.dhammadownload.com



အရှင်... အကြင်အခါ၌ ဤအတ္တသည် သုခကိုလည်းပယ်, ဒုက္ခကိုလည်းပယ်, သောမနဿ ဒေါမနဿများလည်း ချုပ်သဖြင့် သုခဒုက္ခလုံးဝမရှိသော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကိုရ၏၊ အရှင်...ဤအခါ၌ ဤအတ္တသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်၊ ဤနည်းအားဖြင့် တချို့က မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။

ရဟန်းတို့... ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒရှိကြသော ထိုသမဏဗြာဟ္မဏတို့သည် ဤငါးမျိုးသော အကြောင်းတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။

ဘိက္ခုတို့... ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒရှိသူ ဟူသမျှတို့သည် ဤငါးမျိုးသော အကြောင်းတို့ဖြင့် ဖြစ်စေ, ထိုငါးမျိုးတွင် တစ်ပါးပါးသောအကြောင်းဖြင့် ဖြစ်စေ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်၊ ဤငါးမျိုးအပြင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ဖို့ရန်အကြောင်း မရှိတော့ပြီ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်ခန်း, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးတို့မှာ ပဋ္ဌမဆုံး သဿတဝါဒနှင့် တူပြီ။]

ჯჯჯ

http://www.dhammadownload.com



### အပရန္တကပ္ပိက(၄၄)မျိုး၏နိဂုံး

ရဟန်းတို့... နောက်အနာဂတ်အကြောင်းအရာစုကို ကြံစည်တတ်ကုန်, နောက်အနာဂတ်အကြောင်း အရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် နောက်အနာဂတ် အကြောင်း အရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း(၄၄)မျိုးတို့ဖြင့် စွဲမြဲစွာပြောဆိုကြလေသည်။ ဤ(၄၄)မျိုးအပြင် အကြောင်းတစ်မျိုးမရှိတော့လေပြီ။

### မိစ္ဆာဝါဒ(၆၂)ပါးလုံး၏နိဂုံး

ရဟန်းတို့... (၁)ရှေးအတိတ်အကြောင်းအရာစုကို ကြံစည်

---

အပရန္တဝါဒ (၄၄)မျိုး ရေတွက်ပုံ

၁။ ဥဒ္ဓမာဃာတန သညီဝါဒ (၁၆)ပါး၊
၂။ ဥဒ္ဓမာဃာတန အသညီဝါဒ (၈)ပါး၊
၃။ ဥဒ္ဓမာဃာတန နေဝသညီ+နာသညီဝါဒ (၈)ပါး၊
၄။ ဥစ္ဆေဒဝါဒ (၇)ပါး၊
၅။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (၅)ပါး၊

မှတ်ချက်။ အနာဂတ်အကြောင်းကို အာရုံပြု၍ ကြံစည်စဉ်းစား အယူမှား ဖြစ်ပေါ်လာသော အယူဝါဒ- အပရန္တကပ္ပိကဝါဒ။

မိစ္ဆာဒိဋ္ဌိ (၆၂)ပါး အချုပ်ရေတွက်ပုံ

၁။ ပုဗ္ဗန္တကပ္ပိကဝါဒ (၁၈)ပါး
၂။ အပရန္တကပ္ပိကဝါဒ (၄၄)ပါး၊ ပေါင်း (၆၂)ပါး ဖြစ်၏။

ထိုတွင် ဥစ္ဆေဒဒိဋ္ဌိသည် (၇)မျိုးသာ ပါဝင်၏။ ကျန်ဒိဋ္ဌိအားလုံးမှာ သဿတဒိဋ္ဌိချည်းသာ ဖြစ်၏။

http://www.dhammadownload.com



တတ်ကုန်, ရှေးအတိတ်အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏ ဗြာဟ္မဏ၊ (၂)နောက် အနာဂတ်အကြောင်း အရာစုကို ကြံစည်တတ်ကုန်, နောက် အနာဂတ်အကြောင်း အရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကိုယူတတ်ကုန်သော သမဏ ဗြာဟ္မဏ၊ (၃)အတိတ် အနာဂတ်အကြောင်းအရာ နှစ်မျိုးလုံးကို ကြံစည်တတ်ကုန်, အတိတ်အနာဂတ် အကြောင်းအရာနှစ်မျိုးလုံးသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏဗြာဟ္မဏတို့သည် (က)အတိတ်အကြောင်း, (ခ)အနာဂတ် အကြောင်း, (ဂ)အတိတ်အနာဂတ်အကြောင်းကို အာရုံပြု၍ မိစ္ဆာအယူ ဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း(၆၂)မျိုး တို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေ၏။

မိစ္ဆာအယူရှိသူ ဟူသမျှတို့သည် ဤ(၆၂)မျိုးသော အကြောင်းတို့ဖြင့် ဖြစ်စေ, ထို(၆၂)မျိုးတွင် တစ်ပါးပါးသော အကြောင်းဖြင့်ဖြစ်စေ ပြောဆို ကြရသည်။ ဤ(၆၂)မျိုးအပြင် မိစ္ဆာအယူဖြစ်ဖို့ရန် အကြောင်းတစ်မျိုး မရှိနိုင်တော့ပြီ။

---

သဗ္ဗညုတဉာဏ်တော်အစွမ်း

၁။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်မြတ်၏ အစွမ်းသတ္တိကြောင့် အထက်ပါ ဟောကြားတော်မူခဲ့သည့်အတိုင်း (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ(အမှားသိ) အင်အားစုတရားတို့ကို သိမြင်တော်မူပေသည်။

၂။ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ(အမှားသိ)တရားတို့ကို အမှန်တရားအနေဖြင့် စွဲယူသုံးသပ်ထားလျှင် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာဟူသော မကောင်းသောဂတိသို့ လားရောက်ရကြောင်းကိုလည်း သိတော်မူပေသည်။

၃။ မြတ်စွာဘုရားသည် ထိုမိစ္ဆာဒိဋ္ဌိတရားတို့ကို အကြောင်းနှင့်တကွ၊ လာရာဂတိနှင့်တကွ သိတော်မူသည့်အပြင် ထိုမိစ္ဆာအယူတို့ထက် သာလွန်မြင့်မြတ်

http://www.dhammadownload.com



## သဗ္ဗညုတဉာဏ်တော်ပြခန်း

ရဟန်းတို့ ... မြတ်စွာဘုရားသည် ထို(၆၂)မျိုးသော မိစ္ဆာအယူကို အမျိုးမျိုးအစားစား သိတော်မူ၏။

"ဤမိစ္ဆာအယူတို့သည် (အတ္တလောကသည်မြဲ၏စသည်ဖြင့်)ဤသို့ ယူထားလျှင်,ဤသို့အဖန်ဖန်သုံးသပ်ထားလျှင် (၄ရဲ တိရစ္ဆာန် ပြိတ္တာဂတိ တို့တွင်) ဤမည်သော ဂတိသို့ ရောက်ကြရလိမ့်မည်၊ ဤမည်သော တမလွန်ဘဝ ရှိကြရလိမ့်မည်"ဟု သိတော်မူသည်။ မြတ်စွာဘုရားသည် အကြောင်းနှင့်တကွ လားရာဂတိနှင့်တကွသော ထိုမိစ္ဆာအယူကိုလည်း သိတော်မူ၏။ ထို့ထက်အလွန်ဖြစ်သော သီလ၊သမာဓိ၊ သဗ္ဗညုတဉာဏ် ပညာကိုလည်း သိတော်မူ၏။

---

သော သီလ၊သမာဓိ၊ပညာဟူသည့် သမ္မာဒိဋ္ဌိ(အမှန်းသိ)အင်အားစုတရားတို့ကိုလည်း သဗ္ဗညုတဉာဏ်တော်အစွမ်းဖြင့် သိမြင်တော်မူပါသည်။

၄။ ထိုသို့သိမြင်တော်မူပါသော်လည်း ထိုအသိကိုပင် သာမန်လူတို့ကဲ့သို့ တဏှာ၊မာန၊ဒိဋ္ဌိတို့ဖြင့် (ငါ၏အသိ၊ငါမို့သိ၊ငါသိဟူ၍) စွဲလန်းသုံးသပ်တော်မမူ။

၁။ သိရန်မှန်က၊မကျန်ရအောင်၊လုံးဝစုံလင်၊အကုန်မြင်၊
သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။
၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊နည်းသွယ်သွယ်ကို၊
ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။
၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊လူ့ခြေစရိုက်၊ သူ့အကြိုက်ကို၊
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။
၄။ သဗ္ဗဉာဏ်အား၊ စွမ်းသုံးပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊
မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊
ပရိနိဗ္ဗာန်၊စံသည့်တိုင်အောင်၊သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ဘုရားတည်း။

http://www.dhammadownload.com



ထိုသို့သိပါသော်လည်း ထိုအသိကိုပင် တဏှာ၊ မာန၊ ဒိဋ္ဌိအားဖြင့် အမှားသုံးသပ်တော်မမူ။ ထိုသို့ အမှားသုံးသပ်တော် မမူခြင်းကြောင့်လည်း ထိုအမှားသုံးသပ်တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ (ကိုယ်တော့်သန္တာန်၌) ငြိမ်းအေးမှုနိဗ္ဗာန်ကို ကိုယ်တော်တိုင်ပင် သိရပေသည်။ [အဓိပ္ပာယ်ကို သဿတဝါဒအဆုံး၌ ပြခဲ့ပြီ၊]

## ဝေဒနာကမ္မဋ္ဌာန်း ရှုကွက်နည်းလမ်း

ရဟန်းတို့၊ မြတ်စွာဘုရားသည် ဝေဒနာတို့၏ဖြစ်ကြောင်း ဖြစ်ခြင်းကိုလည်းကောင်း၊ သာယာအပ်သောသဘောကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ လွတ်မြောက်ခြင်းကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိတော်မူ၍ တဏှာ၊ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ကိလေသာတို့မှ လွတ်တော်မူပြီ။

ဝေဒနာကမ္မဋ္ဌာန်းရှုကွက် နည်းလမ်း

၁။ စိတ်၌ယှဉ်၍ဖြစ်သော ခံစားမှုသဘောမှန်သမျှသည် ဝေဒနာ မည်၏။

၂။ ဖဿ(၆)ပါးသည် ဝေဒနာ၏ ဖြစ်ကြောင်း(သမုဒယ)မည်၏။

၃။ ထိုဝေဒနာ၏ သုခသဘောသည် ဝေဒနာ၏ သာယာဖွယ် မည်၏။

၄။ ထိုဝေဒနာ၏ မမြဲခြင်း၊ဆင်းရဲခြင်း၊ပြောင်းလဲခြင်းသည် ဝေဒနာ၏ အပြစ်(အာဒီနဝ) မည်၏။

၅။ ထိုဝေဒနာကို "ဝေဒနံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ" ဟု ဝိပဿနာပညာ၊ မဂ်ပညာဖြင့် ရှုမှတ်သိမြင်ခြင်းကြောင့် (ငါ၏ခံစားမှု၊ ငါမို့ခံစားသည်၊ ငါခံစားသည် ဟူ၍)တဏှာ၊ မာန၊ဒိဋ္ဌိတို့ဖြင့် မသုံးသပ်တော့ခြင်း (တဏှာ၊မာန၊ဒိဋ္ဌိတို့ကို စွန့်လွှတ်လိုက်ခြင်း)သည် ဝေဒနာ၏ လွတ်မြောက်ရာ(နိဿရဏ)မည်၏။

၆။ထိုဝေဒနာကို တဏှာ၊မာန၊ဒိဋ္ဌိတို့ဖြင့် မသုံးသပ်ခြင်းကြောင့် ဝေဒနာ-ဇာတိ၊ဇရာ၊မရဏ၊သောက၊ ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသ (သမုဒယ+ဒုက္ခ) ငြိမ်းပျောက်ခြင်းသည် ဝေဒနာ၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)မည်၏။

၆။ အင်္ဂါ(၈)ပါးရှိသော အရိယာမဂ်သည် ဝေဒနာ၏ လွတ်မြောက်ကြောင်း (မဂ္ဂ-အကျင့်လမ်းစဉ်) မည်၏။

http://www.dhammadownload.com


## နိဂုံး

ရဟန်းတို့… နက်နဲကုန်, မြင်ဖို့ရန် ခဲယဉ်းကုန်, သိဖို့ရန်မလွယ်ကုန်, ငြိမ်သက်ကုန်, မွန်မြတ်ကုန်, ကြံစည်တွေးဆခြင်းဖြင့် မသက်ဝင်နိုင်ကုန်, သိမ်မွေ့ကုန်, ပညာရှိတို့သာ သိနိုင်ကုန်သော ထိုဂုဏ်တော်တို့ဟူသည် ဤပြခဲ့သော သဗ္ဗညုတဉာဏ်တော်ဂုဏ်တို့တည်း။

ယင်းဂုဏ်တော်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင် (ဆရာမရှိဘဲ) ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့် မျက်မှောက်ပြု၍ သတ္တဝါတို့အား သစ္စာလေးပါးစသော တရားတို့ကို သိစေတော်မူနိုင်, ငါဘုရားဖြစ်ပြီဟု ဝန်ခံတော်မူနိုင်ပေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပြောလိုသူတို့သည် ယင်း သဗ္ဗညုတဂုဏ်တော်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောရာရောက်မည်။

## မိစ္ဆာအမြင်နှင့် သမ္မာအမြင် ခွဲခြားချက်

ရဟန်းတို့… ထိုသမဏ ဗြာဟ္မဏတို့တွင် သဿတအယူရှိကြကုန်သော အကြင် သမဏဗြာဟ္မဏတို့သည် (မိစ္ဆာအယူကိုပင် သာယာတတ်သော အကြင်ဝေဒနာဖြင့် ဟုတ်လှပြီ, မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လျက်) (၄)မျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုလည်းကောင်း, လောကကိုလည်း ကောင်း မြဲ၏ဟုပြောဆိုပညတ်ကြကုန်၏။

ထိုအယူကိုယူလျှင် နောက်ဘဝ၌ မည်သည့်ဂတိသို့ လားကြရလိမ့်မည်ဟုလည်းကောင်း, မိမိတို့အယူကို သာယာနေသော ဝေဒနာ၏ အကြောင်းရင်းကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိကြ, မမြင်ကြကုန်သော ထိုအရှင်သမဏဗြာဟ္မဏတို့၏ ဝေဒနာသည် တဏှာ ကပ်ရောက်အပ်သူတို့၏ ဝေဒနာတည်း။ ထိုဝေဒနာသည်လည်း တဏှာ ဒိဋ္ဌိအားဖြင့် လှုပ်ရှားတတ်သည်သာ၊ (အယူတစ်မျိုးမှ အယူတစ်မျိုးသို့ ပြောင်း

http://www.dhammadownload.com



ရွှေသော အားဖြင့် လှုပ်ရှားတတ်၏၊ သောတာပန်၏ အမြင်တစ်မျိုးကဲ့သို့ ခိုင်မြဲခြင်း မရှိပေ။)

**မှတ်ချက်။** သဿတဝါဒလေးမျိုးကိုပြသကဲ့သို့ ဧကစ္စ သဿတ ဝါဒလေးမျိုးကိုလည်းကောင်း၊ အန္တာနန္တဝါဒလေး မျိုးကိုလည်းကောင်း၊ အမရာဝိက္ခေပဝါဒလေးမျိုးကိုလည်းကောင်း၊ အဓိစ္စသမုပ္ပန္နဝါဒ နှစ်မျိုးကိုလည်းကောင်း ဤသို့ ပုဗ္ဗန္တကပ္ပိကဝါဒ ၁၈ မျိုးကို ပြတော်မူ၏၊ ထို့အတူ ဥဒ္ဒမာဃာတနသညီဝါဒ ၁၆ မျိုးကိုလည်းကောင်း၊ ဥဒ္ဒမာဃာတ နအသညီဝါဒ ၈ မျိုးကိုလည်းကောင်း၊ ဥဒ္ဒမာဃာတန နေဝသညီနာသညီဝါဒ ၈ မျိုးကိုလည်းကောင်း၊ ဥစ္ဆေဒဝါဒ ၇ မျိုးကိုလည်းကောင်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုးကိုလည်းကောင်း ဤသို့ အပရန္တကပ္ပိက ၄၄ မျိုးကိုလည်း ဤနေရာ၌ ဟောပြတော်မူ၏။

## အကြောင်းအဆက်ဆက်ကို ပြတော်မူပုံ

ရဟန်းတို့ ... ထိုသမဏဗြာဟ္မဏတို့တွင် သဿတအယူရှိကုန်သော အကြင် သမဏဗြာဟ္မဏတို့သည် (မိစ္ဆာအယူကိုပင် သာယာတတ်သော အကြင်ဝေဒနာဖြင့် ဟုတ်လှပြီ၊ မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန် လျက်) လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ မြဲ၏ဟု ပြောဆိုပညတ် ကြကုန်၏၊

---

ပဋ္ဌမသဿတ အယူဖြစ်ရာ၌ ကမ္ဘာသိန်းပေါင်းများစွာကို ပြန်၍ မြင်သည့် အခါ ထိုရှေးဖြစ်ဟောင်းအာရုံတို့၌ ဓာတ်ထိ-ထိသော ဖဿ ဖြစ်၏၊ ထိုဖဿကြောင့် ပြခဲ့သော ဝေဒနာဖြစ်ရသည်။

ဒွါရ(၆)ခုတို့၌ အာရုံ(၆)ပါးတို့၏ ပေါင်းဆုံမှုကြောင့် ဝိညာဏ်(၆)မျိုးတို့နှင့် အတူတကွ ပေါင်းဆုံယှဉ်ဖက်လျက် ဓာတ်ခိုက်ခြင်းကိုပင် ဖဿဟု ဆိုသည်။

http://www.dhammadownload.com


ထိုအရှင်သမဏဗြာဟ္မဏတို့၏ တဏှာဒိဋ္ဌိအားဖြင့် လှုပ်ရှားတတ်သော ထိုဝေဒနာသည်လည်း ဖဿကြောင့်ဖြစ်ရလေသည်။

**ဖဿအကြောင်း၏ အားကောင်းပုံ**

ရဟန်းတို့... ထို သမဏဗြာဟ္မဏတို့တွင် သဿတအယူရှိကုန်သော အကြင် သမဏဗြာဟ္မဏတို့သည် လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုလည်းကောင်း, လောကကိုလည်းကောင်း မြဲ၏ဟု ပြောဆိုပညတ်ကြကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ (ဖဿမဖြစ်လျှင်)ဝေဒနာဖြင့် ခံစားနိုင်ဖို့ရန်အကြောင်း မရှိချေ၊

(ဧကစ္စသဿတဝါဒ စသည်တို့၌လည်း ဤနည်းအတိုင်း ဖဿအကြောင်း၏ အားကောင်းပုံကို ပြတော်မူ၏။)

**မိစ္ဆာအယူအားလုံးပေါင်း၍ အကြောင်းဆက်ကို ပြတော်မူပုံ**

ရဟန်းတို့... ထိုသမဏ ဗြာဟ္မဏတို့တွင် သဿတအယူရှိကုန်သော အကြင်သမဏဗြာဟ္မဏတို့သည် လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုလည်းကောင်း, လောကကိုလည်းကောင်း မြဲ၏ဟု ပြောဆိုကြကုန်၏၊ ဧကစ္စသဿတ,ဧကစ္စအသဿတအယူရှိကြကုန်သော အကြင်သမဏ

---

ဖဿ ပစ္စယာ ဝေဒနာ ဖြစ်ပုံ

ကမ္ဘာသိန်း ပေါင်းများစွာကစ၍ ထိုထိုအာရုံတို့၌ ဓာတ်ခိုက်မှု ဖဿမဖြစ်ခဲ့လျှင် မည်သည့်နည်းနှင့်မျှ ဝေဒနာသည် ဖြစ်ပေါ်လာမည်မဟုတ်ပေ။

ဝေဒနာမဖြစ်လျှင်လည်း မိမိ အယူအဆကို မသာယာလှတော့သဖြင့် စွဲစွဲလမ်းလမ်းယူဆခြင်းဟူသော သဿတအယူဝါဒစသည် ဖြစ်တော့မည်မဟုတ်ပေ။

ဝေဒနာဖြစ်ဖို့ရန်မှာ ဖဿသည် အားကြီးသော အကြောင်းဖြစ်သည်ဟု ဆိုပါသည်။

http://www.dhammadownload.com


ဗြာဟ္မဏတို့သည်လည်း လေးပါးသော အကြောင်းပြတို့ဖြင့် အတ္တကိုလည်း ကောင်း၊ လောကကိုလည်းကောင်း "အချို့ မြဲ၏၊ အချို့မမြဲ" ဟု ပြောဆို ပညတ်ကြကုန်၏၊ (ဤနည်း အတိုင်း အားလုံးသော အယူဝါဒတို့ကို တပေါင်းတည်းပြုပြီးလျှင်) အားလုံးကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် (၆)ပါးကုန်သော ဖဿာယတနတို့ဖြင့် ထိ၍ ထိ၍သာလျှင် ခံစားမှုဝေဒနာတို့ ဖြစ်ကြရကုန်၏။

---

မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလုံး၏ အကြောင်းဆက်များ

သဿတဒိဋ္ဌိ-မိစ္ဆာအယူရှိသူသည် (၁)ဘဝသိန်းပေါင်းများစွာကို ပြန်သိနိုင်ခြင်း၊ (၂)ဘဝဆယ်ကမ္ဘာကို ပြန်သိနိုင်ခြင်း၊ (၃)ဘဝကမ္ဘာလေးဆယ်ကို ပြန်သိနိုင်ခြင်း၊ တွေးခေါ်ကြံစည်ခြင်းဟူသော အကြောင်း(၄)မျိုးတို့ကြောင့် 'အတ္တနှင့် လောကကို မြဲ၏'ဟု အယူမှား ဖြစ်၏။

ထို့အတူ ဧကစ္စသဿတဒိဋ္ဌိ-မိစ္ဆာအယူရှိသူစသည်တို့သည်လည်း ဆိုင်ရာ အကြောင်းပြချက်တို့ဖြင့် 'အတ္တနှင့် လောကကို အချို့မြဲ၏၊ အချို့မမြဲ'စသည်ဖြင့် အယူမှား ဖြစ်ကြ၏။

ထိုသူတို့သည် ထိုသို့'အတ္တနှင့် လောကသည် မြဲ၏'စသည်ဖြင့် အယူမှား ဖြစ်ကြရသည်နည်းဟု မေးဖွယ်ရာ ရှိ၏။ အကြောင်းမှာကား...

ထိုသမဏ၊ဗြာဟ္မဏခေါ်သော မိစ္ဆာအယူရှိသူအားလုံးတို့သည် ဖဿ၏ ဖြစ်တည်ရာ ဒွါရ(၆)ပါးဟူသောဖဿာယတနတရား(၆)ပါးကြောင့် ဖဿ ဖြစ်ရ၏။ <u>မှတ်ချက်</u>။(စက္ခာယတနစသည်ကို စက္ခုဖဿာယတနစသည် ခေါ်၏။ မျက်စိဖြင့် မြင်သည့်အခါ ထိုစက္ခုဖဿာယတနဖြင့်ပင် ဖဿသည် အာရုံကို ထိခိုက်၏။ ထိုသို့ ထိခိုက်လိုက်မှသာ ဝေဒနာဖြင့် ထိုအာရုံ၏ရသကို ခံစားသည်။ တဏှာဖြင့် ထိုအာရုံ၏ရသကို သာယာနှစ်သက်မှု ပြုသည်။)

ဖဿ(၆)ပါးကြောင့် ဝေဒနာဖြစ်ရ၏။ ဝေဒနာ(၆)ပါးကြောင့် တဏှာ ဖြစ်ရ၏။ တဏှာကြောင့် ဥပါဒါန်၏ ဥပါဒါန်ကြောင့် ဘဝ။ ဘဝကြောင့် ဇာတိ။ ဇာတိကြောင့် ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသတို့ ဖြစ်၏။

http://www.dhammadownload.com



ထိုသမဏ ဗြာဟ္မဏတို့မှာ ဝေဒနာကြောင့် တဏှာ ဖြစ်၏၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ ဘဝကြောင့် ဇာတိဖြစ်၏၊ ဇာတိကြောင့် ဇရာမရဏနှင့် သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ရကုန်၏။

## မြတ်ဗုဒ္ဓသာသနာအဆုံးမကို ကျင့်သုံးသောရဟန်း

ရဟန်းတို့ ... အကြင်အခါ၌ ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းသည် (၆)ပါးကုန်သော ဖဿာယတနတို့၏ဖြစ်ကြောင်း, ဖြစ်ခြင်းကိုလည်းကောင်း, ချုပ်ကြောင်း, ချုပ်ခြင်းကိုလည်းကောင်း, သာယာအပ်သော အရသာကိုလည်းကောင်း, အပြစ်ကိုလည်းကောင်း, လွတ်မြောက်ခြင်းကိုလည်းကောင်း, ဟုတ်တိုင်းမှန်စွာ သိ၏။ [အဝိပ္ပာယ်မှာ သဿတဝါဒအဆုံး၌ ဝေဒနာကမ္မဋ္ဌာန်း၏ အဝိပ္ပာယ်နှင့်တူပြီ၊]

---

### ပဋိစ္စသမုပ္ပါဒ် သံသရာလည်ပုံ

ထိုသဘောကိုပင် မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်၌ 'သဠာယတန ပစ္စယာ ဖဿော၊ဖဿ ပစ္စယာ ဝေဒနာ၊ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ဥပါဒါန ပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ဇာတိ ပစ္စယာ ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿုပါယာသာ သမ္ဘဝန္တိ'ဟု ဟောတော်မူပါသည်။

ထိုသမဏ၊ဗြာဟ္မဏခေါ်သော မိစ္ဆာအယူရှိသူအားလုံးတို့သည် ထိုဖဿာယတနတရားတို့ကြောင့် ဝေဒနာ ဖြစ်ပုံကို မသိ။ မသိမှုသည် အဝိဇ္ဇာ ဖြစ်၏။ ဖဿကိုလည်း မသိ၊ ဖဿကြောင့် ဝေဒနာဖြစ်ပုံကိုလည်း မသိခြင်းကြောင့် ဝေဒနာကို အစွဲပြုကာ တဏှာ ဖြစ်၏။ တဏှာကို အစွဲပြုကာ ဥပါဒါန်၊ဘဝ၊ဇာတိ၊ဇရာ၊မရဏ၊ သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသတို့ ဖြစ်၏။

ထိုတဏှာ၊ဥပါဒါန်(ပ)သောက၊ပရိဒေဝတို့ကို မသိခြင်းသည်လည်း အဝိဇ္ဇာ ဖြစ်၏။ ထိုအဝိဇ္ဇာကြောင့် 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'စသည်ဖြင့် သံသရာလည်ရ၏။

http://www.dhammadownload.com



ထိုအခါ ဤရဟန်းသည် ဤမိစ္ဆာဝါဒအားလုံးတို့ထက် သာလွန်သော သီလ၊သမာဓိ၊ပညာကို (အရဟတ္တဖိုလ်တိုင်အောင်)ထွင်းဖောက်သိနိုင်ပေသည်။

## ဤဒေသနာပိုက်မှလွတ်သော မိစ္ဆာဝါဒီမရှိပုံ

ရဟန်းတို့ ... ပုဗ္ဗန္တကပ္ပိက, အပရန္တကပ္ပိက, ပုဗ္ဗန္တာပရန္တကပ္ပိက သမဏဗြာဟ္မဏအားလုံးတို့ကို ဤ(၆၂)ပါးသော အကြောင်းပြတို့ဖြင့် မိစ္ဆာဝါဒပိုက်တွင်း၌ သွင်းထားအပ်ကုန်ပြီ၊ သူတို့သည် ဤ(၆၂)ပါးသော မိစ္ဆာဝါဒပိုက်ကွန်အတွင်းမှာပင် (ငါးများငုပ်သကဲ့သို့) အပါယ်လေးပါးသို့ ရောက်သောအားဖြင့်လည်း ငုပ်ကြကုန်၏။

(ငါးများပေါ်သကဲ့သို့) သမ္ပတ္တိဘဝသို့ တက်သောအားဖြင့်လည်း ပေါ်ကြကုန်၏၊ ရဟန်းတို့... ကျွမ်းကျင်နားလည်သော တံငါသည်, သို့မဟုတ် တံငါသည်ကြီး၏ တပည့်သည် သေးငယ်သော အပေါက်ရှိသော ပိုက်ဖြင့် ရေနည်းသော ရေအိုင်ကို ပစ်ဖုံးလိုက်ရာ ထင်ရှားသော ရေသတ္တဝါအားလုံး ပိုက်တွင်းမှာ မိကြ၍ ငုပ်လျှင်လည်း ဤပိုက်တွင်းမှာ ငုပ်ကြရ, ပေါ်လျှင်လည်း ဤပိုက်တွင်းမှာ ပေါ်ကြရသကဲ့သို့ ထို့အတူ မိစ္ဆာဝါဒီအားလုံးကို ဤ(၆၂)ပါးသော အကြောင်းပြတို့ဖြင့် ပစ်ဖုံးလိုက်ရာ အားလုံးပင်

---

ကမ္မဋ္ဌာန်းအားထုတ်သူအကျိုးကျေးဇူး

သတိပဋ္ဌာန်ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သော ယောဂီသည် ဖဿာယတန(၆)ပါးတို့ကို ဝေဒနာကမ္မဋ္ဌာန်း ရှုကွက်နည်းလည်း(၇)ချက်အတိုင်း ရှုမှတ်ပွားများအားထုတ်သည်ရှိသော် သီလ၊သမာဓိ၊ပညာဟူသော သိက္ခာသုံးပါး အကျင့်မြတ်တရားဖြင့် အင်္ဂါ(၈)ပါးရှိသော အရိယမဂ်သို့ ဆိုက်ရောက်အောင် အရဟတ္တဖိုလ်တိုင်အောင် ကျေးဇူးပြုနိုင်သည်။

http://www.dhammadownload.com



ပိုက်ကွန်တွင်း၌ မိကြသဖြင့် ငုပ်လျှင်လည်း ဤ(၆၂) ပါးအတွင်းမှာပင် ငုပ်ကြရ, ပေါ်လျှင်လည်း ဤ(၆၂)ပါးအတွင်းမှာပင် ပေါ်ကြရပေ၏။

[ဤစကားဖြင့် ထိုထိုသုတ္တန်၌လာသော မိစ္ဆာဝါဒ အားလုံးသည်လည်း တိုက်ရိုက်ဖြစ်စေ, သွယ်ဝိုက်၍ ဖြစ်စေ(၆၂)ပါးသော ဝါဒတွင် ပါဝင်ကြသတည်းဟု မိန့်တော်မူခြင်း ဖြစ်သည်။]

## ဒေသနာပိုက်တွင်း၌ကိုယ်တော်မြတ်မပါဝင်ပုံ

ရဟန်းတို့ ... မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်သည် ထိုထိုဘဝသို့ ဆွဲဆောင်တတ်သော တဏှာကြိုးပြတ်ပြီး ဖြစ်လျက် (တဏှာကြိုးမရှိတော့ဘဲ) တည်တံ့နေတော်မူ၏။

အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်တည်ရှိနေသေး၏၊ ထိုတည်ရှိ နေသမျှသာ (ပရိနိဗ္ဗာန်မစံခင်သာ) ထိုမြတ်စွာဘုရားကို လူနတ်ဗြဟ္မာ သတ္တဝါတို့ တွေ့နိုင်မြင်နိုင်ကြမည်။ ခန္ဓာကိုယ်တော် ပျက်စီး၍ ဇီဝိတိန္ဒြေ (အသက်တော်)ကုန်ခန်းသည့်နောက်၌ကား ထိုမြတ်စွာဘုရားကို လူနတ်၊ဗြဟ္မာသတ္တဝါတို့သည် တွေ့မြင်ကြရတော့မည် မဟုတ်ပေ။

ရဟန်းတို့ ... သရက်သီးအခိုင်၏ အညှာကိုဖြတ်လိုက်သည်ရှိသော ထိုအညှာနှင့်စပ်သော သရက်သီးဟူသမျှ ပြတ်သော အညှာသို့လိုက်ပါသွားကြရသကဲ့သို့ ဤအတူပင် မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် တဏှာကြိုးပြတ်တောက်လျက် (တဏှာတည်းဟူသော အညှာမရှိတော့ဘဲ) တည်တံ့နေတော်မူ၏။

ခန္ဓာကိုယ်တော် တည်တံ့နေသေးသမျှသာ ထို မြတ်စွာဘုရားကို တွေ့ကြမြင်ကြရမည်၊ ခန္ဓာကိုယ်တော် ပျက်စီး၍ ဇီဝိတိန္ဒြေ ကုန်ဆုံးသည့်နောက်၌ကား ထိုမြတ်စွာဘုရားကို တွေ့ကြ မြင်ကြရတော့မည်မဟုတ်ပေ။ ဤသို့ဟောတော်မူသည်။

http://www.dhammadownload.com



## ဒေသနာတော်၏ အမည်(၅)မျိုး

ဤသို့ ဗုဒ္ဓမြတ်စွာဟောတော်မူပြီးသော် အရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာအား ဤစကားကို လျှောက်လေ၏။ "အံ့ဩဖွယ်ကောင်းပါပေစွ မြတ်စွာဘုရား၊ရှေးက မဖြစ်ဘူးသော အထူးအဆန်းပါပဲ မြတ်စွာဘုရား၊ ဤတရားဒေသနာတော်၏ နာမည်ကား အဘယ်နာမည်ဖြစ်ပါသနည်း ဘုရား"ဟု လျှောက်လေသည်။

အာနန္ဒာ… ဤဒေသနာတော်ဝယ် ဤဘဝစီးပွား၊ နောက်ဘဝစီးပွား များကို ခွဲခြားဝေဖန်ထားသောကြောင့် ဤဒေသနာကို "အတ္ထဇလ= စီးပွားများစွာ ကွန်ရက်ဇာရှိသော ဒေသနာ"ဟုလည်း မှတ်ပေလော့။

များစွာသော အကြောင်းဓမ္မတို့ကို ဟောထားတော်မူသောကြောင့် "ဓမ္မဇာလ= အကြောင်းဓမ္မများစွာ ကွန်ရက်ဇာရှိသော ဒေသနာ"ဟုလည်း မှတ်ပေလော့။

---

## ဒေသနာပိုက်တွင်း၌ကိုယ်တော်မြတ်မပါဝင်ပုံ

မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်သည် သရက်ပင်နှင့် တူ၏။ ကိုယ်တော်မြတ်၌ နဂိုရှိခဲ့သော တဏှာသည် သရက်ခိုင် အညှာနှင့် တူ၏။ တဏှာတည်းဟူသော အညှာကို မဖြတ်လိုက်လျှင် ထိုတဏှာနှင့်စပ်၍ နောက်ထပ် ဖြစ်မည့် ခန္ဓာငါးပါးသည် သရက်သီး ငါးလုံးပြွတ်နှင့် တူ၏။

ယခုသော်ကား မြတ်ဗုဒ္ဓသည် တဏှာတည်းဟူသော အညှာကို အပြီးတိုင် ပယ်ဖြတ်လိုက်ပြီး ဖြစ်၍ နောက်ဘဝ၌ ခန္ဓာငါးပါးတည်းဟူသော အသီးပြွတ်များ မသီးနိုင်တော့ပြီ။

မြတ်ဗုဒ္ဓ၏ တည်ရှိနေဆဲ ခန္ဓာတော်သည်ကား သက်တော်ရှစ်ဆယ်ပြည့် အခါတွင် သရက်ပင်ကြီး ခြောက်သွေ့သေပျက်သကဲ့သို့ မလွဲမသွေ ပျက်စီးရတော့ပေ လတ္တံ့။

http://www.dhammadownload.com



မြတ်သော သဗ္ဗညုတဉာဏ်ကို ဝေဖန်ဟောထားသောကြောင့် ''ဗြဟ္မဇာလ= သဗ္ဗညုတဉာဏ်မြတ်ပညာ ကွန်ရက်ဇာရှိသော ဒေသနာ''ဟုလည်း မှတ်ပေလော့။

(၆၂)ပါး မိစ္ဆာဝါဒများကို ဝေဖန်ထားသောကြောင့် ''ဒိဋ္ဌိဇာလ= အယူမိစ္ဆာ ပိုက်ကွန်ဇာရှိသော ဒေသနာ''ဟုလည်း မှတ်ပေလော့။

ဤဒေသနာကို ကြားနာရသူသည် မာရ်ငါးပါးကို အောင်မြင်နိုင်လောက် သောကြောင့် ''အနုတ္တရသင်္ဂါမဝိဇယ= အတုမရှိ (ကိလေသာ) စစ်ပွဲကို အောင်နိုင်ကြောင်းဒေသနာ''ဟုလည်းမှတ်ပေလော့။

ဤသို့ အမည်ငါးမျိုးပေးတော်မူ၏၊ ထိုတရားနာ ရဟန်းတို့သည် လွန်စွာဝမ်းမြောက်ကုန်လျက် ဤတရားတော်ကို အားတက်သရော လက်ခံကြလေကုန်၏၊ ဤဒေသနာတော်ကို ဟောတော်မူတုန်းမှာပင် ဒိဋ္ဌိ တစ်မျိုး တစ်မျိုး ဟောတော်မူပြီး အဆုံး၌ မြေလျှင်လည်း ပြင်းစွာ တုန်လှုပ်လေသည်။

ဗြဟ္မဇာလသုတ်တရားတော်မြန်မာပြန် ပြီး၏။

---

ထိုသို့မပျက်စီးမီအတွင်းသာ သရက်ပင်ကို မြင်နေရဘိသကဲ့သို့ ဘုရားရှင်ကို ဖူးတွေ့နေကြရပေဦးမည်။ သရက်ပင် ခြောက်သွေ့၍ တဖြည်းဖြည်း လဲသေသွားသည့်အခါတွင်မူ ''ဤနေရာ၌ သရက်ပင် ပေါက်ဖူးပေသည်''ဟူ၍ ပြောရုံသာ ပြောနိုင်တော့မည်။ သရက်ပင်ကိုကား မတွေ့မြင်နိုင်ကြရတော့ပေ။

ထို့အတူ ဤကဲ့သို့သော ဘုရားရှင်သည် ဤလောကအရပ်၌ ပွင့်တော်မူဖူး၏ဟု ပြောရုံသာ ပြောနိုင်မည်။ ဘုရားရှင်ကိုကား သံသရာထဲ၌ မဖူးမြင်နိုင်ကြတော့ပေ။

ဗြဟ္မဇာလသုတ်တရားတော်ပို့ချချက် ပြီး၏။

http://www.dhammadownload.com



## မိစ္ဆာဒိဋ္ဌိကွန်ယက် (၆၂)ပါး

### သရုပ်နှင့်အဓိပ္ပါယ်ရှင်းချက်များ

♦♦♦♦♦

**ပုဗ္ဗန္တာနုဒိဋ္ဌိ-၁၈-ပါး**

ရှေးအတိတ်ဘဝ၊ ခန္ဓာများကို အစွဲပြုသဖြင့် အယူမှား ဖြစ်ပေါ်လာခြင်း(၁၈)မျိုးကို **'ပုဗ္ဗန္တာနုဒိဋ္ဌိ'** များဟု ခေါ်၏။

ထို(၁၈)ပါးမှာ-

၁။သဿတဒိဋ္ဌိ(၄)ပါး၊

၂။ဧကစ္စသဿတဒိဋ္ဌိ(၄)ပါး၊

၃။အန္တာနန္တိကဒိဋ္ဌိ(၄)ပါး၊

၄။အမရာဝိက္ခေပဒိဋ္ဌိ(၄)ပါး၊

၅။ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ(၂)ပါး တို့ ဖြစ်၏။

**အပရန္တာနုဒိဋ္ဌိ-၄၄-ပါး=**

နောက်အနာဂတ်ဘဝ၊ ခန္ဓာများကို အစွဲပြုသဖြင့် အယူမှား ဖြစ်ပေါ်လာခြင်း(၄၄)မျိုးကို **'အပရန္တာနုဒိဋ္ဌိ'** များဟု ခေါ်၏။

ထို(၄၄)ပါးမှာ-

၁။ သညီဝါဒဒိဋ္ဌိ(၁၆)ပါး၊

၂။ အသညီဝါဒဒိဋ္ဌိ(၈)ပါး။

၃။ နေဝသညီနာသညီဝါဒဒိဋ္ဌိ(၈)ပါး၊

http://www.dhammadownload.com



၄။ ဥစ္ဆေဒဒိဋ္ဌိ(၇)ပါး၊

၅။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ(၅)ပါးတို့ ဖြစ်၏။

♦♦♦

## မိစ္ဆာဒိဋ္ဌိ(၆၂)ပါးအဓိပ္ပါယ်များ

### ပုဗ္ဗန္တာနုဒိဋ္ဌ(၁၈)ပါး

### ရှေးအတိတ်ကိုစွဲ၍ အယူမှားမှုဖြစ်ပုံများ

သဿတဒိဋ္ဌိ=လောကကိုလည်းကောင်း၊အတ္တကိုလည်းကောင်း အဖြစ်မြဲ၏ဟု အယူမှားမှု။ (နိစ္စ+ဓုဝ+သဿတ)

သတ္တဝါတို့သန္တာန်၌ တကယ်ရှိသောခန္ဓာငါးပါးကို အတ္တဟု ထင်မှားလျက် ထိုအတ္တသည် အမြဲမနှင့် တူ၏။ တောင်ထွတ်ကဲ့သို့ တည်၏။ တံခါးတိုင်ကဲ့သို့ ခိုင်၏။ အမြဲရှိ၏ဟု စွဲလန်းမှု ဖြစ်သည်။

(၁)သဿတဒိဋ္ဌိ(၄)ပါး ဖြစ်ပုံ

၁။ဘဝသိန်းပေါင်းများစွာ ပြန်အောက်မေ့နိုင်၍ အတ္တ+ လောကသည် မြဲ၏ဟု အယူမှားခြင်းဖြစ်၏။ (သာသနာပ၊အဘိဉာဏ်ရသူ)(ဉာဏ်နုံ့သူ)

၂။ဘဝ(၁၀)ကမ္ဘာ ပြန်အောက်မေ့နိုင်၍ အတ္တ+လောကသည် မြဲ၏ဟု အယူမှားခြင်းဖြစ်၏။ (သာသနာပ၊ အဘိဉာဏ်ရသူ။) (ဉာဏ်လယ်)

၃။ဘဝကမ္ဘာ(၄၀) ပြန်အောက်မေ့နိုင်၍ အတ္တ+လောကသည် မြဲ၏ဟု အယူမှားခြင်းဖြစ်၏။ (သာသနာပ၊ အဘိဉာဏ်ရသူ။) (ဉာဏ်ထက်)

၄။တက္ကီပုဂ္ဂိုလ်-ကြံစည်စဉ်းစားနိုင်သဖြင့် အတ္တ+လောကသည်

http://www.dhammadownload.com



မြဲ၏ဟု အယူမှားခြင်းဖြစ်၏။(တက္ကဝါဒ+ဒဿနဝါဒရှိသူ)

ထိုကြံစည်စဉ်းစားနိုင်သောတက္ကီပုဂ္ဂိုလ်သည်လည်း (၄)မျိုး ကွဲ၏။

၁-ဇာတ်နိပါတ်တော်များကိုဖတ်ရှုကြားနာရ၍ အတ္တမြဲဟု ကြံစည်သူ။

၂-ကံအားလျော်စွာ နှစ်ဘဝ၊သုံးဘဝကို ပြန်သိနိုင်၍လည်း အတ္တမြဲဟု ကြံစည်သူ။ (ဇာတိဿရဉာဏ်ရသူ)

၃-ယခုဘဝ သုခဒုက္ခကို ခံစားရ၍၊ ရှေးကလည်းခံစား၊ နောင်လည်း ခံစားရ မှာပဲဟု ရှေးနောက်ထောက်ဆ၍ ကြံစည်သူ။

၄-မိမိပြုသောကံ၏အကျိုးကို မိမိပင်ခံစားရသည်- ကံပြုသူပင် ခံစားရသည်ဟု ကြံစသည်၍- အတ္တသည် မြဲ၏ဟုယူ။

♦ ♦ ♦ ♦ ♦

(၂)ဧကစ္စသဿတဒိဋ္ဌိ(၄)ပါး ဖြစ်ပုံ

တကယ်ရှိသော ခန္ဓာငါးပါးကို အတ္တဟု ထင်မှားလျက်၊ အချို့အတ္တ အမြဲရှိ၏၊ အချို့အတ္တမမြဲဟု စွဲလန်း ယုံမှားမှုသည် ဧကစ္စသဿတ မည်၏။

၁။ကမ္ဘာဦးအခါ ဗြဟ္မာဘဝမှစုတေ၍ ထိုတစ်ဘဝမျှ အောက်မေ့နိုင်၍။ ဗြဟ္မာကြီးက မြဲ၏၊ ငါတို့မမြဲဟု-အယူမှားသူ။

၂။အပျော်မက်၍ ပျက်စီးသောနတ်ဘဝမှ စုတေလာ၍ အခြားနတ် တွေကမြဲ၏၊ ငါတို့မမြဲဟု အယူမှားသူ။ (ခိဍ္ဍာ+ပဒေါသိကနတ်။) စားချိန်မှာ မစားရ၍သေ၊လူ့ပြည်ရောက်။ဈာန်အဘိညာဏ်ရ။လွန်ခဲ့သောနတ် တစ်ဘဝသာ အောက်မေ့နိုင်သူ)

၃။ဒေါသထွက်၍ ပျက်စီးသောနတ်ဘဝမှ စုတေလာ၍ အခြားနတ် တွေက မြဲ၏၊ ငါတို့ကာမမြဲဟု အယူမှားသည်။ (မနော+ ပဒေါသိကနတ်

http://www.dhammadownload.com



ဘဝမှစ၍တော။ရှာန်အဘိဉာဏ်ရ) သူတစ်ပါးစည်းစိမ်ကိုကြည့်၊ ဣဿာဖြစ်-ဒေါသထွက်၍။ စကားများရန် ဖြစ်ကြသဖြင့်သေသည်)

၄။ **ကြံစည်စဉ်းစားနိုင်၍ ရုပ်သည်မမြဲ စိတ်ဝိညာဏ်သည် မြဲ၏ဟု** အယူမှားသူ။(တက္ကီပုဂ္ဂိုလ်။ ရုပ်နှင့်စိတ်ဝိညာဏ်ကို အတ္တဟုယူ၏။ ရုပ်သည်မမြဲ-စိတ်ဝိညာဉ်သည် မြဲဟုယူမှားသူ။ ယခုခေတ်မြန်မာများ အဖြစ်များ၏)

♦♦♦♦♦

**(၃)အန္တာ+နန္တဝါဒ(၄)ပါး ဖြစ်ပုံ (အဆုံးရှိ+အဆုံးမရှိ)**

ကသိုဏ်းတစ်မျိုးမျိုးဖြင့် ပဋိဘာဂနိမိတ်ထင်အောင်အားထုတ်၍။ ထိုကသိုဏ် ဝန်းနိမိတ်အာရုံကို (ချဲ့နည်း(၃)နည်းဖြင့် တဖြေးဖြေး ချဲ့သည်။ (၁)ပတ်ဝန်းကျင်မှာ အဆုံးမြင်ရသောချဲ့နည်း၊ (၂)အဆုံးမမြင်ရသောချဲ့နည်း (၃)အထက်အောက်၌ အဆုံးမြင် ရ၍ ဘေးပတ်ဝန်းကျင်၌ အဆုံးမမြင်ရသောချဲ့နည်း။ **(ဈာန်ရလာတဲ့အခါ) (ထိုပဋိဘာဂ နိမိတ်ကိုပဲ လောကဟုယူ)**

၁။ပထမနည်းဖြင့်ချဲ့သူက လောကကြီးအဆုံးရှိဟု ယူမှား။ (အန္တဝါဒဒိဋ္ဌိ)

၂။ဒုတိယနည်းဖြင့်ချဲ့သူက လောကကြီးအဆုံးမရှိဟု အယူမှား။ (အနန္တဝါဒဒိဋ္ဌိ)

၃။ တတိယနည်းဖြင့်ချဲ့သူက လောကကြီး အဆုံးရှိ/မရှိဟု အယူမှား (အန္တာနန္တဝါဒ)

၄။ တက္ကီပုဂ္ဂိုလ်။ ဈာန်မရဘဲ ကိုယ့်ဘာသာစဉ်းစား။ အဆုံးရှိလည်းမဟုတ်၊ မရှိလည်းမဟုတ်ဟု အယူမှား။ (နေဝအန္တ+နာနန္တဝါဒ)

**(၄)အမရာဝိက္ခေပဝါဒ(၄)မျိုး (တိမ်းရှောင်၍ မဆုံးသောအယူ)**

အမရာမည်သော ငါးတစ်မျိုးသည် ရေပေါ်တက်လိုက်၊ငုတ်လိုက်ဖြင့်

http://www.dhammadownload.com



အရှောင် အတိမ်းကောင်း၍ ဖမ်းမမိနိုင်သကဲ့သို့ ထိုငါးနှင့်တူသော မပြီးပြတ် (အဆုံးမရှိ)သော အယူများဖြင့် ပြောဆိုအပ်သောစကားမျိုးသည် 'အမရာဝါဒ' မည်၏။

၁။မုသားကြောက်၍ တိမ်းရှောင်။ ကုသိုလ်အကုသိုလ်မှန်း မှန်စွာမသိဘဲ ရမ်းဖြေလျှင် လိမ်ရာရောက်မှာစိုး၍။

၂။ဥပါဒါန်ကြောက်၍ တိမ်းရှောင်။ (မှန်လျှင် ဆန္ဒ၊ရာဂဖြစ်၍ မှားလျှင် ဒေါသ၊ ပဋိဃဖြစ်မည်စိုး၍)

၃။ပညာရှိတို့စစ်ဆေးမည်ကြောက်၍။ (မှားလျှင်၊ ဒေါမနဿ။ မင်္ဂဖိုလ်အန္တရာယ် ဖြစ်မည်စိုး၍)

၄။မောမူဟ-ညံ့ဖျင်းထုံအ၍ တိမ်းရှောင်သောအယူဝါဒကို ယူသည်။

(မသိသည်ကိုပင် မသိရိုးရိုးမနေဘဲ၊ ရှောင်လွှဲဖြေမှုကိုပင် ကောင်းသည် စွဲစွဲ မြဲမြဲသဘောကျ၊ ရှောင်လွှဲရုံဖြင့်ကား မိစ္ဆာဒိဋ္ဌိ မဖြစ်။ ငါ့မှာ မုသားဖြစ်၊ ငါ့မှာ ဥပါဒါန်ဖြစ်၊ ငါ့ကို စစ်ဆေးမည်ဟု ငါဟုယူသော အတ္တာစွဲ။ ထိုအတ္တာခိုင်မြဲ၏ဟု ယူသောကြောင့်ပင် သဿတဒိဋ္ဌိဖြစ်လေသည်။)

ဆက်မပြတ် ဆက်ကာဆက်ကာဖြစ်လာသော ကုသိုလ်၊အကုသိုလ် စသည်ကို အာရုံပြု၍ဖြစ်သော အယူဝါဒဖြစ်သဖြင့် သဿတဒိဋ္ဌိပါဝင်။

**အဓိစ္စသမုပ္ပန္နဝါဒ(၂)မျိုး** (အကြောင်းတစ်မရှိ၊အကြောင်းမဲ့ဖြစ်)

၁။အသညသတ်ဘုံမှစုတေ၍ အကြောင်းမရှိဘဲဖြစ်ဟု အယူမှား။

၂။တက္ကီပုဂ္ဂိုလ်။ ကြံဆ၍ အတ္တ+လောကသည် အကြောင်းမရှိဘဲ ဖြစ်ဟု အယူမှား။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com



**အပရန္တာနုဒိဋ္ဌိ(၄၄)ပါး**

(နောက်အနာဂတ်ကို စွဲ၍ အယူမှားမှုဖြစ်ပုံများ)

**၁။သညီဝါဒ(၁၆)ပါး** (သေပြီးနောက်အတ္တသည် သညာရှိ)

**ရုပ်ရှိ/မရှိ(၄)**ဝါဒ၊ **အဆုံးရှိ/မရှိ(၄)**ဝါဒ၊ သညာတစ်ခု၊ အများ၊ အငယ်၊ အကြီး (၄)ဝါဒ၊ သုခ+ဒုက္ခ(၂)ဝါဒအားဖြင့် သေပြီးနောက် အတ္တသည် သညာရှိ၏ဟု အယူမှားမှု (၁၆) မျိုးဖြစ်၏။ (ဥပမာ-ရူပဈာန်ရ ပုဂ္ဂိုလ်၊ ရုပ်ကိုအတ္တဟုယူလျက် သညာရှိ၏ဟုယူသည်။ အရူပဈာန်ရ၊ ရူပ+အရူပဈာန်ရ၊ တက္ကီစသည်)

**(၂)အသညီဝါဒ(၈)ပါး**(သေပြီးနောက်အတ္တသည် သညာမရှိ)

**ရုပ်ရှိ/မရှိ(၄)**ဝါဒ၊ **အဆုံးရှိ/မရှိ(၄)**ဝါဒ။ သေပြီးနောက် အတ္တသည် သညာမရှိဟု အယူမှားမှု(၈)မျိုးဖြစ်၏။ (ဥပမာ။ အသညသတ်ဘုံသို့ ရောက်သူကို မြင်၍)

**(၃)နေဝသညီနာသညီဝါဒ(၈)မျိုး** (အတ္တသည် သေပြီးနောက် သညာရှိ+မရှိမဟုတ်ဟု အထက် အတိုင်း(၈)မျိုး ဖြစ်၏)

**(၄)ဥစ္ဆေဒဒိဋ္ဌိ(၇)မျိုး** (အတ္တသည် သေလျှင်ပြတ်သည်)

၁။ လူ့ဘဝခန္ဓာကိုယ်ဓာတ်ကြီးလေးပါးကို အတ္တဟုယူ။ ထိုခန္ဓာရုပ်အစုသည် မိဘတို့ကြောင့်သာ ဖြစ်၏။ သေလျှင် ပြတ်ဆဲ၏။ (ကံကိုလွတ်ထား၊ ကံကို မစဉ်းစားသူများ၊ ကံမဲ့ဝါဒသမားများ)

http://www.dhammadownload.com



(၂)နတ်ဘဝခန္ဓာကို အတ္တဟုယူ၍- အတ္တသည် သေပြီးနောက် ပြတ်၏။ ဘာမျှမရှိဟု အယူမှား။

(၃)ဗြဟ္မာ့ခန္ဓာကို အတ္တဟုယူ၍-အတ္တသည် သေပြီးနောက် ပြတ်၏။ ဘာမျှမရှိဟု အယူမှား။

(၄-၅-၆-၇)အရူပနာမ်ကို အတ္တဟုယူ၍-အတ္တသည် သေပြီးနောက် ပြတ်၏။ ဘာမျှမရှိဟု အယူမှား။

(၅)ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ(၅)ပါး။ (ဒီဘဝ၊ဒီကိုယ် စံနေရတာနိဗ္ဗာန်ပဲ)

၁။ ကာမဂုဏ်အာရုံ(၅)ပါးပြည့်စုံစွာ ခံစားနေရမှုကို အတ္တသည် လက်တွေ့နိဗ္ဗာန်ရ နေသည်ဟု ယူမှားခြင်း။

၂။ ပထမစျာန်ချမ်းသာကို ခံစားနေရမှုကို လက်တွေ့နိဗ္ဗာန်ရနေသည်ဟု ယူမှားခြင်း။

၃။ဒုတိယစျာန်ချမ်းသာကို ခံစားနေရမှုကို လက်တွေ့နိဗ္ဗာန်ရနေသည်ဟု ယူမှားခြင်း။

၄။တတိယစျာန်ချမ်းသာကို ခံစားနေရမှုကို လက်တွေ့နိဗ္ဗာန်ရ နေသည်ဟု ယူမှားခြင်း။

၅။စတုတ္ထစျာန်ချမ်းသာကို ခံစားနေရမှုကို လက်တွေ့နိဗ္ဗာန်ရနေသည်ဟု ယူမှားခြင်း။

မှတ်ချက်။ အတိတ်ကိုအာရုံပြု၍ စွဲလန်းကြံဆ ယူမှားခြင်း၊ အနာဂတ်ကို ကြံဆယူမှားခြင်းတို့ကြောင့် မိစ္ဆာဒိဋ္ဌိ(၆၂)မျိုးဖြစ်၏။ ဥစ္ဆေဒသည်(၇)မျိုးသာ၊ ကျန်းအားလုံး သဿတချည်းသာတည်း။

♦♦♦♦♦

http://www.dhammadownload.com



## သက္ကာယဒိဋ္ဌိဟူသည်

### သက္ကာယဒိဋ္ဌိရှိ၍ ဒိဋ္ဌိ(၆၂)မျိုးဖြစ်

**သက္ကာယဒိဋ္ဌိယာ** သတိ-သက္ကာယဒိဋ္ဌိအယူမှားရှိသူအား။ **ဣမာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ၊** ဤ(၆၂)ပါးသော အယူမှားတို့သည်'တစ်နွယ်ငင် တစင်ပါ' ဖြစ်ပွား၍ လာကုန်၏။ **အသတိ နဟောန္တိ၊** ထိုသက္ကာယဒိဋ္ဌိအယူမှားမရှိသော် ထိုအယူမှား(၆၂)ပါးတို့လည်း မဖြစ်ပေါ်နိုင်ကုန်။

ထိုသက္ကာယဒိဋ္ဌိသည် ဒိဋ္ဌိ(၆၂)ပါးလုံး၏ အရင်းအမြစ်တည်း။ သက္ကာယဒိဋ္ဌိရှိမှုကြောင့်သာ ဒိဋ္ဌိ(၆၂)ပါး ဖြစ်သည်။ သက္ကာယဒိဋ္ဌိမရှိတော့ လျှင် ဒိဋ္ဌိ(၆၂)ပါးလည်း မဖြစ်နိုင်တော့ပေ။

သက္ကာဒိဋ္ဌိတစ်မျိုးတည်းမှပင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒိဋ္ဌိဟူ၍ နှစ်မွှား ကွဲပြားလာခြင်း ဖြစ်သည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ(၂)ပါးကြောင့်သာ ဒိဋ္ဌိ(၆၂)ပါး သားသမီးများကို မွေးဖွားလာကြခြင်းဖြစ်သည်ကို နားလည်သဘော ပေါက်နိုင်ဖို့ လိုပါသည်။

♦ ♦ ♦

### ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိ စွဲတည်ဖြစ်ပုံ

သန္တော-ပရမတ်အားဖြင့်ထင်ရှားရှိသော။ **ကာယော**-ခန္ဓာငါးပါး အပေါင်းသည်။ **သက္ကာယော**-သက္ကာယမည်၏။

**သက္ကာယေ၊** ထင်ရှားရှိသောခန္ဓာငါးပါး၌၊ **ပဝတ္တာ**-ဖြစ်သော။ **ဒိဋ္ဌိ**-အယူမှားသည်။ **သက္ကာယဒိဋ္ဌိ**-'**သက္ကာယဒိဋ္ဌိ**'မည်၏။

ပရမတ်အားဖြင့် ထင်ရှားရှိသောခန္ဓာ(၅)ပါးကို 'သက္ကာယ' ခေါ်ပါ တယ်။ ထိုသက္ကာယ၌ ငါ၊သူ၊ပုဂ္ဂိုလ်စသည်ဖြင့် စွဲလန်းမှုအယူမှားကို 'သက္ကာယ ဒိဋ္ဌိ'လို့ ခေါ်ပါတယ်။ ထိုသက္ကာယဒိဋ္ဌိကိုပင် ငါစွဲ၊ပုဂ္ဂိုလ်စွဲ၊အသက်၊ဝိညာဏ်၊ အစိုးရသူ စသည်အစွဲများဖြင့် '**အတ္တဒိဋ္ဌိ**'ဟုလည်း ခေါ်ကြပါတယ်။

ထိုသက္ကာယဒိဋ္ဌိသည် ခန္ဓာ(၅)ပါး၌ တစ်ပါးလျှင်(၄)မျိုး ကွဲပြားသဖြင့်

http://www.dhammadownload.com



အမျိုးအစား(၅×၄=)(၂၀) ဖြစ်ပါတယ်။

**သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်တွယ်ပုံများ**

၁-**ရူပံ အတ္တတော**- ရုပ်သည် ငါဟုစွဲ၏။ (ရုပ်သည်ငါ)

၂- **ရူပဝန္တံဝါ အတ္တာနံ**- ငါသည် ရုပ်ဟုစွဲ၏။ (ငါသည်ရုပ်)

၃- **အတ္တနိဝါ ရူပံ**- ငါ၌ ရုပ်ရှိ၏ဟုစွဲ၏။ (ငါ၌ရုပ်)

၄- **ရူပသ္မိံ ဝါအတ္တာနံ**- ရုပ်၌ ငါရှိ၏ဟုစွဲ၏။ (ရုပ်၌ငါ)

ဥပမာ- ရုပ်ဖောက်ပြန်မှုဖြစ်သောအခါ တကယ်ဖြစ်ပေါ်လာမှုက ပထဝီစသော ဓာတ်ကြီး လေးပါးအစုအဝေး ရုပ်တရားသာ ဖြစ်ပါတယ်။

ထိုရုပ်သဘောကို ဝိပဿနာဉာဏ် မျက်စိဖြင့် မကြည့်တတ်သူသည် ရုပ်ဖောက်ပြန်သည်ကိုပင် ငါနာသည်၊ ငါနေမကောင်းဖြစ်သည်၊ ခေါင်းကိုက်သည်၊ ထူးနာသည်၊ မောသည်၊ပန်းသည် ဟု ငါစွဲ ဖြစ်ပေါ်လာတတ်လေသည်။ ထိုအစွဲသည် "ရုပ်သည် ငါ"စွဲ စွဲခြင်းပင် ဖြစ်ပါတယ်။

ထို့အတူ ရုပ်ဖောက်ပြန်မှုကို ဝိပဿနာဉာဏ်ဖြင့် မသိနိုင်သူသည် ရုပ်ဖောက်ပြန်မှုကြုံသောအခါ ခေါင်းကိုက်၊ ဗိုက်နာ၊ ဒူးနာဟု မှတ်ယူထားကြတာပါ။ ထိုခေါင်း၊ဗိုက်၊ဒူးတို့ကိုပင် ဖောက်ပြန်မှု ဓာတ်ကြီးလေးပါး ရုပ်တရားလေပဲဟု ပြောင်းပြန် အမှားစွဲယူကြပါတယ်။ ထိုအစွဲသည် "ငါသည် ရုပ်"အစွဲ စွဲခြင်းပင် ဖြစ်ပါတယ်။

အမှန်မှာ ဖောက်ပြန်မှုက အရှိရုပ်သဘောသက်သက်။ ခေါင်း၊ဗိုက်၊ဒူး စသည်တို့က မရှိပညတ်သက်သက်သာတည်း။ အရှိနှင့်မရှိ၊ ပညတ်နှင့် ပရမတ်ကို အလွဲလွဲအထပ်ထပ် မှားယူသုံးသပ် စွဲလန်းနေမှု ဖြစ်ပါတယ်။

ထိုနည်းအတူ "ငါ၌ရုပ်"၊"ရုပ်၌ငါ"အစွဲ စွဲပုံများကိုလည်း ဆင်ခြင်ကြည့်က သိနိုင်ပါတယ်။

ထိုရုပ်အစွဲနည်းတူပင် ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့၌ ဒိဋ္ဌိ(၄)ပါးစီ စွဲသဖြင့် သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်လာပါတယ်။

http://www.dhammadownload.com



**လင်္ကာ။** ရုပ်လျှင်ငါပဲ၊ ငါရုပ်ပဲဟု၊ ငါစွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာရုပ်ဒိဋ္ဌိ။(ဝေ+သဉ်+သင်+ဝိ-တူပြီ)

### သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ(၂)မျိုး

သက္ကာယဒိဋ္ဌိ(၂၀)တို့တွင် **'ရုပ် အတ္တတော၊ ဝေဒနံ အတ္တတော၊ သညံ အတ္တတော၊ သင်္ခါရေ အတ္တတော၊ ဝိညာဏံ အတ္တတော'** ဟူသော အစ(၅)ဌာနတို့၌ ဘဝသည် ပြတ်၏ဟု ယူမှားသော **'ဝိဘဝဒိဋ္ဌိ'** ခေါ် ဥစ္ဆေဒဒိဋ္ဌိကို ဟောပါတယ်။

ကြွင်းသော(၁၅)ဌာနတို့၌ ဘဝသည်မြဲ၏ဟု ယူမှားသော **'ဘဝဒိဋ္ဌိ'** ခေါ် သဿတဒိဋ္ဌိကို ဟောပါတယ်။ ထို့ကြောင့် သက္ကာယဒိဋ္ဌိအယူမှားဟူသည် ခန္ဓာ(၅)ပါးတို့၌ သဿတဒိဋ္ဌိ(၁၅)မျိုး၊ ဥစ္ဆေဒဒိဋ္ဌိ(၅)မျိုးအားဖြင့် မူလဒိဋ္ဌိ (၂)မျိုးမှ အကျယ်(၂၀)ပါး ဖြစ်ပါတယ်။

### ဒိဋ္ဌိဖြစ်ကြောင်းတရား(၈)ပါး

၁-ခန္ဓာပိ ဒိဋ္ဌိဋ္ဌာနံ-ဥပါဒါနက္ခန္ဓာငါးပါးကြောင့် ဒိဋ္ဌိဖြစ်၏။

၂-အဝိဇ္ဇာပိ- မသိမှုတရားကြောင့် ဒိဋ္ဌိဖြစ်၏။

၃-ဖဿောပိ- အာရုံကိုတွေ့ထိမှုတရားကြောင့် ဒိဋ္ဌိဖြစ်၏။

၄-သညာပိ- အာရုံကိုမှတ်သားမှုတရားကြောင့် ဒိဋ္ဌိဖြစ်၏။

၅။ဝိတက္ကောပိ-အာရုံကိုကြံစည်မှုတရားကြောင့် ဒိဋ္ဌိဖြစ်၏။

၆။အယောနိသောပိ-နှလုံးသွင်းမှားမှုတရားကြောင့် ဒိဋ္ဌိဖြစ်၏။

၇-ပါပမိတ္တောပိ-အပေါင်းသင်းဆိုးကြောင့် ဒိဋ္ဌိဖြစ်၏။

၈-ပရတောဃောသောပိ။ သူတပါးတရားသံကြောင့် ဒိဋ္ဌိဖြစ်၏။

◆◆◆◆◆

http://www.dhammadownload.com



## သတိပဋ္ဌာန်ဆရာတော်အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)၏
## ရေးသားထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ ဂရုဓမ္မလူ့သီလတရားတော်

၂။ ပဋ္ဌာန်းတရားတော်

၃။ သတိပဋ္ဌာန်နှင့်မဇ္ဈိမပဋိပဒါလက်တွေ့ကျင့်စဉ်

၄။ သာမညဖလသုတ်တရားတော်

၅။ ဓမ္မပဒတရားတော်(ပို့ချချက်-ပတွဲ၊ ဒုတွဲ၊ တတွဲ)

၆။ ဋီကာကျော်မြန်မာပြန်(ပို့ချချက်-ပတွဲ၊ဒုတွဲ၊ တတွဲ)

၇။ အမေအိုရဲ့မေတ္တာပျို့(ဓမ္မရသပုံပြင်)

၈။ ပန်းနုတ်သားရဲ့နုတ်သမီးချော(ဓမ္မရသပုံပြင်)

၉။ ပြင်သစ်ဆရာတော်ဘဝနှင့်သာသနာ

၁၀။ မဇ္ဈိမနှလုံးသား

၁၁။စွန့်လွှတ်ခြင်းသည်ပါရမီ

၁၂။ဗြဟ္မဇာလသုတ်ရားတော်

၁၃။အသုံးချအဘိဓမ္မာ(ပထမတွဲ)

၁၄။အသုံးချအဘိဓမ္မာ(ဒုတိယတွဲ)

မရှိမကောင်းရှိမကောင်း၊ အပါယ်လူ၊ မေတ္တာစစ်ဖြင့် ချစ်ခြင်း ဂုဏ်၊ သတိပဋ္ဌာန်ယောဂီဂုဏ်ရည်၊ ဂုဏ်သရေရှိတဲ့လူ၊ အစဉ် အလာတရား စသော ဓမ္မလက်ဆောင်စာအုပ်များ ဖြစ်သည်။